ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 18 February 2020 ၉၄၂၉

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ဒုတိယသမ္မတ ဦးမြင့်ဆွေ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီ နာယကအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယက အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ "နမောတဿ"သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အောင်မြင်စွာ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

**ကြေးမုံ ယနေ့ ဖတ်စရာ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ
စာမျက်နှာ »»» ၄

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်
စာမျက်နှာ »»» ၅

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ »»» ၇

ဒါရိုက်တာမောင်ခင်ဇော် (ကေသီပန်)နှင့် ရုပ်ရှင်စကားဝိုင်း
စာမျက်နှာ »»» ၁၀

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# လျှပ်စစ်ဓာတ်အား ရာခိုင်နှုန်းပြည့်ရေး ကြိုးပမ်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ ပြည်သူများလူမှုဘဝဖွံ့ဖြိုးခြင်း၊ နိုင်ငံတိုးတက်ခြင်းတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အဓိကအကြောင်းရင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ၂၀၁၉ ခုနှစ်အကုန်တွင် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိအောင်ရည်မှန်း၍ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နောင်လာမည့်နှစ်များ၌ တစ်နိုင်ငံလုံးတွင် လျှပ်စစ်မီးအပြည့်အဝရရှိအောင် မျှော်မှန်းဆောင်ရွက်နေသည်။

လျှပ်စစ်ဓာတ်အားရရှိရေးရည်မှန်းချက်သည် မျှော်မှန်းသည့်အတိုင်း ဖြစ်လာခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်ကြမည်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးလာရန်အတွက်လည်း အလားအလာကောင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်ကြောင်း တစ်နိုင်ငံလုံးသို့ အသိပေးနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲများက ယမန်နှစ်က လူထုနှင့် တွေ့ဆုံခဲ့ကြရာတွင် ၂၀၁၉ ခုနှစ်ကုန်လျှင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု ပြည်သူလူထု ၅၀ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဟုဆိုခဲ့သည့်အတိုင်း ယခု ၂၀၂၀ နှစ်ဆန်းတွင် နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်ကြောင်း အလုပ်နှင့်သက်သေပြနိုင်ခဲ့သည်။ ယခုအတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဆိုလျှင် လာမည့်နှစ်များတွင် လျှပ်စစ်ဓာတ်အား တစ်နိုင်ငံလုံးအပြည့်အဝရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုကိုတိုင်းတာရာတွင် လူတစ်ဦးချင်း၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုပမာဏသည် အဓိကကျသော အချက်တစ်ခုဖြစ်သည်။ လျှပ်စစ်ဓာတ်အားသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်းကို ခန့်မှန်းနိုင်သည့်အကြောင်းအချက်လည်းဖြစ်သည်။ လူတစ်ဦးချင်းအတွက် နှစ်စဉ်ထုတ်လုပ်သည့် ဓာတ်အားပမာဏ(ကီလိုဝပ်နာရီ)မှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကီလိုဝပ်နာရီ အလုံအလောက်ရှိပြီး အာဆီယံနိုင်ငံများအနေဖြင့် ထိုင်းနိုင်ငံတွင် ကီလိုဝပ်နာရီ ၂၅၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံတွင် ၁၀၀၀ ကျော်၊ လာအိုနိုင်ငံတွင် ၁၆၀၀ ကျော်၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၃၀၀ နီးပါးရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁-၂၀၁၂ ခုနှစ်က လူတစ်ဦးချင်းအတွက် နှစ်စဉ်ထုတ်လုပ်သည့် ဓာတ်အားကီလိုဝပ်နာရီ ၁၄၅ ရှိပြီး ပြည်သူ့အစိုးရလက်ထက် တတိယ(၁)နှစ်တာကာလအတွင်း တစ်နှစ်လျှင် လူတစ်ယောက်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏမှာ ကီလိုဝပ်နာရီ ၃၇၀ ရှိလာသဖြင့် များစွာတိုးတက်လာသည်ဟု ဆိုရမည်ဖြစ်သည်။ ယမန်နှစ်က မြန်မာနိုင်ငံရှိလူဦးရေ၏ ၄၄ ရာခိုင်နှုန်းသာ လျှပ်စစ်မီးသုံးစွဲနိုင်ပြီး ယခုအခါ ရာခိုင်နှုန်းတစ်ဝက်ပြည့်ပြီဖြစ်၍ ရာခိုင်နှုန်းပြည့်တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူများ လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေးဆိုရာ၌ နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိနေသောပြည်သူများ ပိုမိုသုံးစွဲရေးထက် လျှပ်စစ်မီးမရရှိသေးသော ပြည်သူလူထု ၅၀ ရာခိုင်နှုန်း ရှိနေသေးသည်ကို အားလုံးသတိမူကြရမည်ဖြစ်သည်။ သို့မှလည်း ရည်မှန်းချက်ပြည့်မီနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ လျှပ်စစ်ဓာတ်အားကိုလိုသလောက်သုံးစွဲပြီး ခြိုးခြံချွေတာစည်းကမ်းလိုက်နာခြင်းဖြင့် လိုအပ်နေသည့်ဘက်သို့ အမြန်ပြည့်မီရေး ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်ပြီး ဆက်လက်၍ ပြည်သူလူထုရာခိုင်နှုန်းပြည့် လျှပ်စစ်မီးရရှိနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး ခြောက်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုလေးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုခြောက်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၆/၂၀၂၀) ၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။



အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၆/၂၀၂၀) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝါရင့်သံတမန်များ၊ သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနသည် အခြေခံနှင့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်၍ အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကများမှ ပုဂ္ဂိုလ်များအား သံတမန်ရေးရာ ဘာသာရပ်များနှင့် အသိပညာများကို မျှဝေပေးခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းကို အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း တက်ရောက်အောင်မြင်ပြီးနောက် သံတမန်ရေးရာများနှင့် နိုင်ငံတကာရေးရာများကို ပိုမိုလေ့လာလိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်သည်။

အဆိုပါ သင်တန်းတွင် သံတမန်ရေးရာ ဘာသာရပ်များ၊ နိုင်ငံတကာ ဆက်ဆံရေး ဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ မြန်မာ့ရေးရာများနှင့် အထွေထွေဗဟုသုတဆိုင်ရာဘာသာရပ်များကို သင်တန်းကာလ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇-၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၅၀၀ | ၈,၆၃၀ | ၉၈,၃၉၉,၀၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၅၀ | ၆,၉၃၁ | ၂၇,၆၇၇,၆၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၃၄ | ၇၈၂,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၃၆၁ | ၁,၀၄၆,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်(ရွှေဈေး) ၁၂၂၀၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၀/၈၆၅ ကျပ် | ၈၅၅/၈၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၉၀ ကျပ် | ၈၉၀/၉၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၀/၇၇၀ ကျပ် | ၇၉၀/၈၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၀/၈၇၅ ကျပ် | ၈၇၀/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၃၅/၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၅/၇၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၇.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၂၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၈.၆၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၂၄၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၅.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၀၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၁.၇၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၉.၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❐ ရှေ့ဖုံးမှ

ကျင်းပနိုင်ရေးအတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၂၀ ဖြင့် နာယကအဖွဲ့ကို ဒုတိယသမ္မတ ဦးဆောင်၍ ငါးဦးဖြင့် လည်းကောင်း၊ ဦးစီးကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ၂၀ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီတစ်ခုနှင့် ဆပ်ကော်မတီ ၁၁ ခုတို့ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

**နှစ်ပိုင်းခွဲ၍ ကျင်းပသွားမည်**

ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၇) ချက် ချမှတ်ခဲ့ရာ အဆိုပါဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာဆပ်ကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကို နှစ်ပိုင်းခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၆ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို လည်းကောင်း၊ ဒုတိယပိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၈ ရက် (တပေါင်းလပြည့်နေ့) တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို လည်းကောင်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ် အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ အနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ်အခြေခံပြီး ချမှတ်ထားသော လုပ်ငန်းတာဝန်များကို လစ်ဟာမှုမရှိအောင် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့်အခမ်းအနား ဖြစ်ပြီး ရှေးမြန်မာမင်းများလက်ထက်ကတည်းက အစဉ်အလာကြီးမားခဲ့ကာ မြန်မာနိုင်ငံအစိုးရအဆက်ဆက် ကျင်းပခဲ့သည့် အမြင့်ဆုံးသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှောက်ထောက်ပံ့သော အခမ်းအနားကြီးဖြစ်ပါကြောင်း။

**စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေး**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကြွရောက်လာမည်ဖြစ်၍ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီအနေဖြင့် ဆရာတော်ကြီးများ၏ အသွားအပြန်ခရီးစဉ်အတွက် လေယာဉ်နေရာရရှိရေးနှင့် သွားလာရာတွင် အဆင်ပြေချောမွေ့စေရေးတို့ အတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ပေးစေလိုပါကြောင်း၊ အခမ်းအနား ကျင်းပမည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း ခမ်းနားထည်ဝါစွာ ပြင်ဆင်ရန်၊ ဘုရားခန်းနှင့်တကွ သံဃာစင်မြင့်နေရာတို့ကို တင့်တယ်ကြည်ညို ဖွယ်ဖြစ်အောင် ခင်းကျင်းထားရန်နှင့် ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီး များနှင့် သီလရှင်ဆရာကြီးများ စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေးအတွက် ခေတ္တသီတင်းသုံးမည့် ကျောင်းဆောင်များ၊ ဟိုတယ်များနှင့် ဧည့်ရိပ်သာများ ၏ သန့်ရှင်းရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့ကို ဂရုပြုဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆက်ကပ်မည့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်း လတ်ဆတ်သည့်ဟင်းလျာများဖြစ်စေရေး စီမံဆောင်ရွက်ပေးရန်၊ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများတွင် သက်တော်ကြီးရင့်သော ဆရာတော်ကြီးများကို ဦးစားပေး၍ Medical Check up ပြုလုပ်ပြီး ကျန်းမာရေးစစ်ဆေးပေးရန်၊ ဆရာတော်ကြီးများ သီတင်းသုံးရာကျောင်းဆောင်များရှိ အခန်းများတွင် လိုအပ်သောဆေးဝါးများ အသင့်ထားရှိရန်၊ Wheelchair များ၊ အရေးပေါ်လူနာတင်ယာဉ်များ စီစဉ်ထားရှိရန်နှင့် ကျောင်းဆောင်ပတ်ဝန်းကျင်တွင် ခြင်၊ ယင်များမရှိအောင် ဆေးဖျန်းပေးရန် စသည်တို့ကို ကြိုတင်စီမံဆောင်ရွက်ပေးရန် ပြောကြားလိုပါကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခုလက်ရှိ ဖြစ်ပေါ်နေသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိရမည့် အစီအမံများကိုလည်း သေချာစွာ စီမံဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**စနစ်တကျစီမံခန့်ခွဲ**

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ရှေ့ဆုံးမှ ဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်၍ ဘွဲ့ခံဆရာတော်ကြီး ၃၄၂ ပါးနှင့် သီလရှင်ဆရာကြီး ၂၅ ပါးတို့ကို အစီအစဉ်တကျ အလှူခံကြွရောက်နိုင်ရေး သေချာစွာ စီမံဆောင်ရွက်သွားရန်နှင့် ကြိုတင်လောင်းလှူရမည့် ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ စနစ်တကျ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများက ဝိုင်းဝန်းပူးပေါင်းကာ ကြိုတင်ညှိနှိုင်းဆောင်ရွက်ပေးရန် ပြောကြားလိုပါကြောင်း၊ ထို့ပြင် ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရာတွင်လည်းကောင်း၊ အခြားသောလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အဘက်ဘက်မှ လစ်ဟင်းမှုမရှိအောင်နှင့် သတ်မှတ်အချိန်အတွင်း ပြီးစီးရေးအတွက် စနစ်တကျ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရမည့်အပြင် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း မပျက်မကွက် ပြုလုပ်သွားရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးက အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများနှင့် လိုအပ်သော အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ကြိုဆိုပင့်ဆောင်နေရာချထားရေးနှင့် အခမ်းအနားသို့ ပင့်ဆောင်ရေး ဆပ်ကော်မတီနှင့် ဖိတ်ကြားရေးဆပ်ကော်မတီတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းမှတ်တမ်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဆပ်ကော်မတီနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ဆွမ်းဆန်တော်လောင်းလှူရေး ဆပ်ကော်မတီ နှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူက လုံခြုံရေးဆပ်ကော်မတီနှင့်စပ်လျဉ်း၍ လည်းကောင်း သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံ များနှင့် လိုအပ်သည့်အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ရှင်းလင်း**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုနှင့် အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းတို့က ဘွဲ့တံဆိပ်ဆက်ကပ်မည့် ဆရာတော်ကြီးများအား ဖိတ်ကြားရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အကြံပြုဆွေးနွေးတင်ပြချက် များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီး ပူးတွဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၊ ၇/၂၀၂၀**
၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**ကယားပြည်နယ်ဝန်ကြီး ပူးတွဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ကယားပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ဖြူကို ကယားပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏(၁/၂၀၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ညီလာခံခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အထူးစီးပွားရေးဇုန်များ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါသည့်အတွက် အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာအထူးစီးပွားရေးဇုန်အလိုက် ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီများဖြစ်သည့် သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်စီးပွားရေးဇုန် သုံးခုမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ဇုန်အလိုက် လက်ရှိဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများ၏ Task Force အဖွဲ့ခေါင်းဆောင်နှင့် နှစ်လမ်းသွားကားလမ်း စီမံကိန်းလုပ်ငန်း၏ Task Force အဖွဲ့ခေါင်းဆောင်များက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများရှေ့ဆက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး


ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း


အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး


လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း


အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဒုတိယတွဲ(၁/၂၀၂၀)နှင့် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့(EDCF)ထံမှ အမေရိကန် ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်းချေးငွေရယူရေးကိစ္စတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဒုတိယတွဲ(၁/၂၀၂၀)နှင့် စပ်လျဉ်း၍ ဆွေးနွေး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဒုတိယတွဲ(၁/၂၀၂၀)နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)က ဆွေးနွေးရာတွင် အရှုံးပေါ်နေသည့် အစိုးရဖက်စပ်လုပ်ငန်းနှင့်ပတ်သက်၍ မူဝါဒနှင့် လုပ်ငန်းစဉ်တစ်ရပ် အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ ထို့ပြင် လွှတ်တော်နှင့် သက်ဆိုင်ရာကော်မတီများအနေဖြင့်လည်း အဖြေရှာရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း အချိန်သတ်မှတ်ချက် ပါဝင်ပြီး လွတ်လပ်စွာ စစ်ဆေးနိုင်သည့်ကော်မရှင် အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မည်သည့်အချိန်တွင် ပြီးစီးမည်ဆိုသည့် အာမခံချက်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။

ပွင့်ဖြူ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းက ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားမှုနှင့် စာရင်းကွာဟမှုများမဖြစ်စေရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်မှ တာဝန်ယူစစ်ဆေးခဲ့သောကြောင့် ကွာဟမှုများကို တိတိကျကျစစ်ဆေး ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ စစ်ဆေးတွေ့ရှိချက်များ ဖော်ထုတ်နိုင်ခဲ့သော်လည်း ဌာနတွင်း အရေးယူမှု၊ ဥပဒေကြောင်းအရအရေးယူမှုများ အားနည်းသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် စာရင်းစစ်ချုပ်၏ သဘောထားမှတ်ချက်အတိုင်း ဌာနအတွင်း အရေးယူမှုသာမက ဥပဒေနှင့်အညီ အလွဲသုံးစားမှုများကို ထိရောက်စွာ အရေးယူသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးက ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် ဒုတိယတွဲပါ အပိုဒ် ၁၅ တွင် ချေးငွေများနှင့် ပတ်သက်၍ တောင်သူများကိုယ်တိုင် အကြွေး ပြန်လည်မဆပ်နိုင်ခြင်း၏ အကြောင်းရင်းများကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပြီး နိုင်ငံတော်မှ အလေးအနက်ထားပြုပြင်ပေးသင့်ပါကြောင်း၊ တောင်သူများအတွက် အမှန်တကယ်လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းနိုင်မှသာ နိုင်ငံတော်၏ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း ရည်ရွယ်ချက် အောင်မြင်မည်ဖြစ်သည့်အပြင် ဘဏ္ဍာငွေဆုံးရှုံးမှုများလည်း လျော့နည်းလာမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာ ဒုတိယတွဲ(၁/၂၀၂၀)နှင့် စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ထွန်း၊ သိန္နီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှဦးကျော်သောင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးညွှန့်ဝင်းအောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာအားကာမိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

## သဘာဝဓာတ်ငွေ့ပိုက်လိုင်း အဆင့်မြှင့်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် EDCF ထံမှ အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်းချေးငွေရယူရေးကိစ္စ ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သဘာဝဓာတ်ငွေ့ပိုက်လိုင်း အဆင့်မြှင့်အစားထိုးလဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့(EDCF)ထံမှ အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်းချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုက ဆွေးနွေးရာတွင် ချေးငွေလုပ်ငန်းများနှင့်ပတ်သက်၍ စာရင်းစစ်ချုပ်ရုံး၏ နှစ်စဉ်တွေ့ရှိရသည့် အစီရင်ခံစာများတွင် ပါရှိသကဲ့သို့ နိုင်ငံခြားချေးငွေများအတွက် မူလ Work Plan အတိုင်း ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ငွေထုတ်ချေးသည့်အဖွဲ့အစည်း၏ မူဝါဒများကို လိုက်နာဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြည့်ပြည့်ဝဝသုံးစွဲ၍ ပိုလျှံငွေပြန်အပ်မှုများမဖြစ်စေရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရယူသုံးစွဲသည့် ချေးငွေနှင့် ဆောင်ရွက်သည့် လုပ်ငန်းကို ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်အတွက် ဘတ်ဂျက်လျာထားတွက်ချက်ရာတွင် စီမံကိန်းလျာထားချက်နှင့်အညီ ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် လေလွင့်ယိုဖိတ်မှု၊ မမှန်မကန်ဆောင်ရွက်မှု၊ မူလတွက်ချက်မှုနှင့် ကွဲလွဲဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးနှင့် ယခင်နှစ်များက တွေ့ကြုံခဲ့ရသည့် ချေးငွေစီမံကိန်းလုပ်ငန်းများကို နမူနာယူ၍ လိုအပ်ချက်၊ အားနည်းချက်များကို ကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက စီမံကိန်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်၍ စနစ်တကျ ကြိုတင်စီမံထားသင့်ပါကြောင်း၊ ပိုက်လိုင်းဟောင်းများကို ပြန်လည်တူးဖော်ရာတွင် ကုန်ကျစရိတ်ကို ပြည်တွင်းဘတ်ဂျက်ဖြင့်သာ အသုံးပြု၍ ချေးငွေကို ပိုက်လိုင်းအသစ်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရာတွင် အသုံးပြုသင့်သည်ဟု အကြံပြုလိုပါကြောင်း၊ ထို့ပြင် ပိုက်လိုင်းတပ်ဆင်မည့် လမ်းတစ်လျှောက်တွင် တော၊ တောင်၊ ချောင်း၊ မြောင်း၊ လယ်၊ ယာ၊ မြို့၊ ရွာများကို ဖြတ်သန်းရသည့်အတွက် နောင်လာမည့် နှစ်ပေါင်း ၅၀ ခန့်အထိ ကြိုတင်အစီအမံများလည်း ရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**
**ဓာတ်ပုံ-စိုးဝင်းထွန်း**

# ပထမအကြိမ် မြန်မာ-ပိုလန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
ပထမအကြိမ် မြန်မာ-ပိုလန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Marcin Przydacz တို့က ဦးဆောင်ကျင်းပကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် မြန်မာ-ပိုလန် နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ကမ္ဘာလှည့်ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့နိုင်မည့် နည်းလမ်းများ၊ နှစ်နိုင်ငံအကြား သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအကြား ဗီဇာကင်းလွတ်ခွင့် အပြန်အလှန်ပြုရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်က နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုတို့ကိုလည်း ရှင်းလင်းအသိပေးခဲ့သည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အမြင်ချင်း ဖလှယ်ခဲ့ကြသည်။



**တက်ရောက်**

ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် မြန်မာ-ပိုလန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Marcin Przydacz တို့က လက်မှတ်ရေးထိုးခဲ့သည်။

**ဆွေးနွေးသွားမည်**

အဆိုပါနားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအပါအဝင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစား၊ ပညာရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စသည့် ကဏ္ဍရပ်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးသွားမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်သည် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၇ / ၂၀၂၀
၁၃၈၁ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။


၂။ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်–


| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ စင်နိုင်းကျေးရွာနေ မောင်လွင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၂-၂၀၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ စင်နိုင်းကျေးရွာလမ်းပေါ်၌ ၎င်းကျေးရွာနေ မောင်လွင်ဦး(ခ) ထွန်းလွင်ဦး (၃၅)နှစ်၊ (ဘ)ဦးဝင်းဖေအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ထမံသီ) မယ(ပ) ၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ မုတ်ဝကျေးရွာနေ စိုးသူလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၂-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ မုတ်ဝကျေးရွာနေ စိုးသူလွင်(၃၂)နှစ်၊ (ဘ)ဦးထွန်းလွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ) ၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာနေ ဝင်းဆန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၂-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာနေ ဝင်းဆန်း(၅၃)နှစ်၊ (ဘ)ဦးကျော်သန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး)မယ(ပ) ၂၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ သဇင်ရပ်ကွက်နေ ဝုန်းဂေါ့ကျင်သည် မူးယစ်ဆေးဝါးများနှင့် လက်နက်/ ခဲယမ်းများအား နယ်စပ်မြို့/ တီးတိန်/ တွန်းဇံ/ ကျီးမြို့နှင့် ရွာများသို့ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၂-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ ဒိုးဝိုင်းချောင်းကျေးရွာနေ ဆွန်းရှမ်းကိမ်းလျန်း(၃၄)နှစ်၊ (ဘ) ဦးရှမ်းဒိတ်ပြောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးရောင်းချသူ ကြို့သုံးပင်ရပ်ကွက်နေ ကျင့်လွဲမာန်(၂၆)နှစ်၊ (ဘ)ဦးဇန်ခန့်နန်ထံ ဖုန်းဖြင့်ချိန်းဆို လာရောက်ပေးပို့စေရာ ဆိုင်ကယ်ဖြင့်လာရောက်ပို့ဆောင်စဉ် ဘိန်းဖြူများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦးအား မမစ(ကလေး) မယ(ပ) ၂၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ကျင့်လွဲမာန်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်း၏အစ်ကို ကပ်ဆွင်းမွှောင် (၃၀)နှစ်အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ မောင်းပြန်သေနတ်အရှည် (၁)လက်၊ ၎င်းကျည်အိမ်(၁)ခုတို့နှင့်အတူ ဖမ်းဆီးရမိပြီး တာဟန်းရပ်ကွက်နေ စံပီး(၂၅)နှစ်၊ (ဘ) ဦးလျန်စောင့်မုန့်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၃)ဦးအား မမစ(ကလေး) မယ(ပ) ၂၅/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၂(ခ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိကာ စံပီး၏ ထွက်ဆိုချက်အရ သဇင်ရပ်ကွက်နေ ဝုန်းဂေါ့ကျင်(၅၀)နှစ်၊ (ဘ) ဦးဟောက်ရှင်းခိုင်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိသဖြင့် ၁၅-၂-၂၀၂၀ ရက်နေ့တွင် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ မောင်းပြန်သေနတ်အရှည်(၁)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ပစ္စတို (၃)လက်၊ ၎င်းကျည်အိမ်(၅)ခု၊ ၎င်းကျည် (၃၅၂ )တောင့်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလေး) (ပ) ၃၄၇/ ၂၀၂၀၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ဒုံးပုလဲအော်ကျေးရွာနေ သန်းဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၂-၂၀၂၀ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ဒုံးပုလဲအော်ကျေးရွာနေ သန်းဝင်း(ခ) သန်းဝင်းထွဋ်(၄၀)နှစ်၊ (ဘ) ဦးကျော်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျွန်းစု)မယ (ပ)၃/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်နေ ခင်မောင်မြင့်(ခ) ကျားကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၂-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၉) ရပ်ကွက်နေ ခင်မောင်မြင့်(ခ) ကျားကြီး(၅၂)နှစ်၊ (ဘ)ဦးထွန်းမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သောင်ကြီး) မယ(ပ) ၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်နေ ခန့်ညားသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၂-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်နေ ခန့်ညား(ခ) စောမျိုးဆက်မိုး(၂၄)နှစ်၊ (ဘ)ဦးစောဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သောင်ကြီး) မယ(ပ) ၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်နေ စိုင်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၂-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်နေ စိုင်းအောင်(၄၂)နှစ်၊ (ဘ) ဦးမျိုးချစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လမြိုင်ကျွန်း) မယ(ပ) ၁/ ၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၅-၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၈၁) မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၂၆၄) ဦး၊ မ (၂၅၁)ဦး ပေါင်း (၁၅၁၅) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၆၄၃.၁၈၁၄) ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၄၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၅၀၃၄၇၅)ပြား၊ ဆေးခြောက် (၁၀၃၁၁.၄၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၄) လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်းလုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်–

**ဆက်သွယ်ရန်–**
**အော်တိုတယ်လီဖုန်းနံပါတ်** – ၀၆၇–၅၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** – ၀၆၇–၅၉၀၂၃၃
**အီးမေးလ်လိပ်စာ** – antinarcotics@presidentoffice.gov.mm





ကြေးမုံ

ဖေဖော်ဝါရီ ၁၈၊ ၂၀၂၀

# စိတ်အေးချမ်းစွာနေထိုင်ကြပါစို့

ထက်ဝေအောင်(စစ်ကိုင်း)

စိတ်၏လျင်မြန်မှုမှာ လွန်စွာမှပင်မြန်ဆန်သည်။ တစ်နေရာမှတစ်နေရာ ကူးလူးရာတွင် ဒုံးပျံတစ်စင်းထက်ပင် လျင်မြန်သည်။ စိတ်အလျင်မြန်ဆန်သဖြင့် အတွေးပေါင်းများစွာ၊ ကိုယ်ပင်ပန်းခြင်းများစွာ၊ စိတ်ပင်ပန်းခြင်းများစွာ ဖြစ်ရသည်။ စိတ်အတွေးသည် အရာများစွာကို ဖန်တီးလေ့ရှိသည်။ ဖြစ်နိုင်ခြေရှိသည်ကိုလည်း တည်ဆောက်သည်။ မဖြစ်နိုင်သည့်အခြေအနေများကိုလည်း စိတ်ကူးယဉ်သည်။ တွေးကြည့်လျှင် စိတ်ကူးများမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်များလည်း ရှိသည်။ အတွေးသက်သက် ပျော်ပိုက်သူများလည်း ရှိသည်။ လက်တွေ့မကျ၊ အလုပ်မဖြစ်သော အတွေးများဖြင့် အချိန်ကုန်လွန်သူများသည် အိပ်မက်ထဲ သူဌေးဖြစ်ချင်သူများသာဖြစ်သည်။

**အစီအရီရေးဆွဲ**

တစ်နေ့သူဌေးဖြစ်ရမည်။ အောင်မြင်သော လုပ်ငန်းရှင်ဖြစ်ရမည်။ အတွေးဖြင့် အောင်မြင်အောင် စွမ်းဆောင်နိုင်သည်။ သို့သော် အတွေးရှည်လျှင်သာ အချိန်ကြာအလုပ်မတွင် ဖြစ်နိုင်သည်။ လူ့သဘာဝအားဖြင့် အတွေးထဲမှာပင် ရှုံးနိမ့်ခြင်း၊ အောင်မြင်ခြင်း ပုံရိပ်များကို အစီအရီရေးဆွဲသည်။ ရှုံးလျှင် ဘဝက ပျော်စရာမကောင်းဟု ခံစားရသည်။ အောင်မြင်လျှင်လည်း အတွေးသက်သက်ဖြစ်သဖြင့် စိတ်တိုင်းမကျဖြစ်ရသည်။ စိတ်ကူးယဉ်ပျော်ရွှင်မှုသည်လည်း ကြာရှည်မခံပေ။ တဒင်္ဂဖြင့် ပြီးဆုံးလွယ်သည်။ တန်ဖိုးရှိသော အချိန်များမှာ တွေးတောချိန်ဖြင့်သာ ကြာမြင့်သည်။

ဖန်တီးတည်ဆောက်သည့် အတွေးစိတ်ကူးသည် သင့်မြတ်လှပါသည်။ လူငယ်လေးများသည် စိတ်ကူးစိတ်သန်း လွန်စွာကောင်းမွန်ကြသည်။ စိတ်ကူးအိပ်မက်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်လိုစိတ်လည်းရှိသည်။ စိတ်ကူးဖြင့် ပုံကြမ်းရေးဆွဲသည်။ ပြီးနောက် လက်တွေ့ကျကျ တည်ဆောက်သည်။ ယနေ့လူငယ်များ၏ဉာဏ်ရည်ဉာဏ်သွေးကို ချီးကျူးမိပါသည်။ နည်းပညာလောကတွင် လူငယ်များသည် စိတ်မြန်လက်မြန် ရှေ့ရောက်ကြသည်။ ကွန်ပျူတာနယ်ပယ်ကို ကြည့်လျှင်ပင် လူငယ်မှဖြစ်လာသည့် လူကြီးများ (ပညာရှင်များ)၊ မျိုးဆက်သစ်လူငယ်(ပညာရှင်လေးများ)ဖြင့် နေရာယူနေပေသည်။ ဖန်တီးတည်ဆောက်သည့် အတွေးများက ကမ္ဘာ့အဆင့်မီလှပေသည်။ ပရိုဂရမ်စာလုံးများစွာကို မိမိလိုအပ်သည့်ဘက် ဆွဲယူရေးသားနိုင်သည်။ အဆင့်အတန်းမီတွေးခေါ်မှုဖြင့် ကမ္ဘာပတ်နိုင်သည်။

အတွေးဆင့်ပွားစိတ်ကူးများဖြင့် လောကကို အလှဆင်နိုင်သည်။ စိတ်ကူးများကို လက်တွေ့အကောင်အထည်ဖော်ရန် စိတ်အားထက်သန်မှုဖြင့် လုပ်ဆောင်ဖွယ်ကိစ္စများကို ဆောင်ရွက်ပါက အောင်မြင်ပြီးမြောက်နိုင်စေသည်။ ထိုကဲ့သို့သော အတွေးစိတ်တွင် ဖွဲ၊ လုံ့လ၊ ဝီရိယ အချိုးကျပါဝင်သည်။ တစ်လှမ်းချင်းရွေ့၍ လှမ်းသလောက်လည်း တိကျမှန်ကန်သည်။ အလုပ်တစ်ခုပြီးမြောက်စေရန် အာရုံစူးစိုက်မှုကောင်းကောင်းဖြင့် စိတ်ကိုတည်ငြိမ်စွာ အသုံးချနိုင်သဖြင့် စိတ်လေလွင့်တွေဝေခြင်းမရှိဘဲ အလုပ်တစ်နေရာတည်းတွင်သာ ငြိမ်ဝပ်နေစေသည်။

အလုပ်အောင်မြင်ရန် ကြိုးစားဆောင်ရွက်သူတိုင်း အားထုတ်မှုကိုယ်စီရှိကြသည့်တိုင် စိတ်ကိုအသုံးချပုံချင်း မတူညီကြပေ။ အများအားဖြင့် မိမိ၏စိတ်ကို တစ်ပါးသူအပေါ် အပ်နှံထားလေ့ရှိကြသည်။ သူတစ်ပါး၏ ကောင်းခြင်း၊ ဆိုးခြင်းအပေါ် စိတ်ဖြင့် ခံဆောင်မှတ်ကျောက်တင်သည်။ စိတ်မျက်နှာစာထက်တွင် တစ်ပါးသူ၏အတွင်းရေးများ ပိုများလာသည်ကိုသတိမပြုမိပါက စိတ်ပန်းလူပန်းဖြစ်နိုင်သည်။ စိတ်လေး တည်ကြည်အေးချမ်းနေရန်လိုပါသည်။ စိတ်တွင် ထင်ကျန်နေသည့် အညစ်အကြေးများကို ပါးသည်ထက်ပါးအောင် ရှင်းလင်းပေးရပါမည်။

**စိတ်သည် မျောလွင့်**

စိတ်အညစ်အကြေးရှင်းလင်းသည့် အလုပ်သည် သိမ်မွေ့သည်။ တွေးရုံမျှဖြင့် လုပ်ဆောင်ရန် မဖြစ်နိုင်ဘဲ

**ရန်လိုသူကို ပြုံးပြလျှင် ရန်လိုချင်စိတ် ပျောက်ဆုံးသွားလေ့ ရှိပါသည်။ ရာခိုင်နှုန်းအများအားဖြင့် ခွင့်လွှတ်ကျေအေး တတ်ကြသည်။ ပြုံးပြလိုက်ရသဖြင့် မိမိစိတ်မှာလည်း ရန်မပိုဘဲ အေးချမ်းနေသည်။ မဟုတ်မခံဆိုသည့်မာနကို ရှေ့တန်းတင်မိလျှင် စိတ်ထက်သူ၊ စိတ်မြန်သူအဖြစ် ရပ်တည်နေစေသည်။ မာနရှိသူ ပူလောင်စမြဲဖြစ်ပါသည်။ သည်းခံစိတ်သည် အစဉ်အေးချမ်းစေ**

သိမ်မွေ့စွာ စောင့်ကြည့်အကဲခတ်ရလေ့ရှိသည်။ မိမိစိတ်ဆိုးနေသလား၊ မိမိ ဒေါသထွက်နေသလား၊ မိမိ သူတစ်ပါးအပေါ် မကောင်းကြံနေသလား၊ မိမိ ဘက်လိုက်နေသလား၊ မိမိ ဖြောင့်မတ်ရဲ့လား အစရှိသော စိတ်တွင်ဖြစ်ပျက်နေသည့် သဘောတရားများကို ဆင်ခြင်ရပေသည်။ သူတော်ကောင်း၊ ရဟန်း၊ ရှင်လူများမှလွဲ၍ စိတ်၏အလုပ်ကို နိုင်နင်းအောင် စောင့်ကြည့်နိုင်သူ ရှားပါးလှသည်။ ဒေါသဖြစ်စရာကြုံလျှင် ဒေါသဖြစ်သည်။ စိတ်ကို လွှတ်လပ်ခွင့်ပေးသည်။ စိတ်ကိုမုန်တိုင်းထန်ခွင့်၊ ပေါက်ကွဲခွင့်ပေးသည်။ စိတ်သည် လွှတ်ပေးထားသမျှ မျောလွင့်နေလေ့ရှိသည်။

လူငယ်အများစု စိတ်ကို လွှတ်လပ်ပေါ့ပါးစွာ အသုံးချလေ့ရှိသည်။ မစားဖူးသည့် အစားအစာကို စားကြည့်သည်။ မဝတ်ဖူးသည့် အဝတ်အစားကို ဝတ်ဆင်ကြည့်သည်။ မသုံးစွဲဖူးသည့် ဆေးလိပ်၊ အရက်၊ ကွမ်း၊ မူးယစ်ဆေးဝါးများကို စမ်းသပ်သုံးစွဲကြည့်သည်။ စိတ်အလိုလိုက် အစပြုမိသဖြင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲကြသည်။ မူးယစ်ရီဝေခြင်းသည် တဒင်္ဂသာယာမှုသာဖြစ်ပါသည်။ စိတ်သောင်းကျန်းမှုကို မိမိစိတ်ဖြင့်သာ ထိန်းသိမ်းရပါသည်။ မှားသည်၊ မှန်သည်ကို သူတစ်ပါးထောက်ပြပြောဆိုမှ သိခြင်းထက် မိမိစိတ်က သိရှိမှသာ ပြုပြင်လွယ်သည်ကို လေ့လာတွေ့ရှိရသည်။

လူငယ်များ စိတ်အလိုမလိုက်မိရန် လိုပေသည်။

စိတ်သည် ဆတ်ဆတ်ထိမခံပေ။ စကားသံမာလျှင်ပင် မကြိုက်။ အတွန်းအတိုက်ကို သည်းမခံတတ်ပေ။ စိတ်ဆိုးက အရုပ်လည်းဆိုးနေတတ်ပါသည်။

**အချိန်ပြည့်ဆွဲခေါ်**

မိမိတွင်ဖြစ်ပေါ်နေသော စိတ်ဆိုးမှုအကြောင်းရင်းကိုသိပြီး တဖြည်းဖြည်းချင်း လျှော့ချမှသာ အကောင်းမြင်သည့်ဘက်သို့ ရောက်နိုင်သည်။ တစ်ပါးသူ၏ အပြောကို လက်ခံရယူလိုက်သဖြင့် မိမိစိတ်ပူလောင်ရသည်။ တစ်ပါးသူ၏ အပြုအမူကြောင့်၊ လုပ်ရပ်ကြောင့် မိမိစိတ်ညစ်ရသည်။ စိတ်ဝယ်ထင်ကျန်နေသည့် အမှိုက်သရိုက်နှင့် စိတ်ပင်ပန်းမှုများကို အချိန်ပြည့်ဆွဲခေါ်နေသူမှာ မိမိသာဖြစ်သည်။ မိမိလက်မခံလျှင်၊ မျက်နှာလွှဲနေလျှင် စိတ်ငြိမ်းချမ်းနေမည်ဖြစ်ပါသည်။ စိတ်ညစ်စရာ အမှိုက်သရိုက်များ မိမိဆီဝင်လာစရာအကြောင်းလည်း မရှိနိုင်ပေ။

လူတိုင်း စားဝတ်နေရေးအတွက် အလုပ်မျိုးစုံဖြင့် လုပ်ကိုင်၍ လှုပ်ရှားရုန်းကန်နေကြရသည်။ လူပေါင်းများစွာနှင့်လည်း ပေါင်းသင်းဆက်ဆံနေရသည်။ အလုပ်အခက်အခဲ၊ လူမှုရေးအခက်အခဲများစွာဖြင့် စိတ်အခန့်မသင့်စရာကိစ္စများစွာကို မလွဲမသွေကြုံဆုံနေရမည် ဖြစ်ပါသည်။ စိတ်ညစ်၊ စိတ်သောကရောက်မှုများဖြင့်လည်း စိတ်ပင်ပန်းနေကြရသည်။ စိတ်အခန့်မသင့်သူများကို တွေ့လျှင် ရှောင်ရှားချင်စိတ်ဖြစ်လာသည်။ မိမိဘက်မှ ရုပ်ပျက်၊ စိတ်ပျက်နေသဖြင့် တစ်ပါးသူဘက်တွင်လည်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရသည်။ တစ်ဖက်လူမှာလည်း စိတ်ဆိုးမှုကို ပြန်လည်တုံ့ပြန်လိုစိတ်သာ ကြီးထွားနေပေမည်။ မိမိစိတ်အကျဉ်းဘက်ရောက်သည်ကို သတိမပြုမိဘဲ အပြန်အလှန် စိတ်ဆိုးနေကြပေလိမ့်မည်။

ရန်လိုသူကို ပြုံးပြလျှင် ရန်လိုချင်စိတ်ပျောက်ဆုံးသွားလေ့ရှိပါသည်။ ရာခိုင်နှုန်းအများအားဖြင့် ခွင့်လွှတ်ကျေအေးတတ်ကြသည်။ ပြုံးပြလိုက်ရသဖြင့် မိမိစိတ်မှာလည်း ရန်မပိုဘဲ အေးချမ်းနေသည်။ မဟုတ်မခံဆိုသည့်မာနကို ရှေ့တန်းတင်မိလျှင် စိတ်ထက်သူ၊ စိတ်မြန်သူအဖြစ် ရပ်တည်နေစေသည်။ မာနရှိသူ ပူလောင်စမြဲဖြစ်ပါသည်။ သည်းခံစိတ်သည် အစဉ်အေးချမ်းစေပါသည်။

သည်းခံနိုင်မှ သည်းခံမည်ဆိုစကားလည်း လူအများအကြား တွင်တွင်သုံးစွဲကြသည်။ မှန်ပါသည်။ သည်းခံနိုင်အောင် ကြိုးစားရလေ့ရှိသည်။ မိမိစိတ်သဘောဖြင့် အရာရာတိုင်းမကိုက်ညီနိုင်သဖြင့် သည်းခံနိုင်သမျှ သည်းခံပေးရပါမည်။ သည်းခံရာတွင် စိတ်အေးအေးဖြင့် အမှန်ဆင်ခြင် ကြိုးစားသည်းခံပေးရပါသည်။ မနိုင်သဖြင့် သည်းခံခြင်းမျိုးမဖြစ်ရပေ။ ကြီးသူရှိသေ၊ ရွယ်တူလေးစား၊ ငယ်သူသနားစိတ်သည် လွန်စွာမွန်မြတ်ပါသည်။

မိသားစုထိ ခေးကြည့်၊ အသက်နှင့်လဲပစ်မည်ဟူသော စိတ်များသည် မိသားစုကို ချစ်ခင်စိတ်ဖြင့် ပြောဆိုသော စကားလုံးများဖြစ်သည်။ မိမိမိသားစုကို ကာကွယ်မည်ဟူသောအမြင်ဖြင့် ကြွေးကြော်ခြင်းလည်း ဖြစ်ပါသည်။ ဒေါသကို ရှေ့တန်းတင်ပြသည်။ အမှန်စင်စစ် မိမိသည် မိသားစုတွင် ဆိုးတူကောင်းဖက် မိသားစုဝင်တစ်ဦးဖြစ်သည်။ မှန်ကန်သောစီမံခန့်ခွဲမှုဖြင့် အိမ်တစ်လုံးလုံခြုံရေးဆောင်ရွက်ပေးနိုင်သူလည်း ဖြစ်သည်။ သွားသတိ၊ လာသတိ၊ အမှားမရှိအောင်နေထိုင်ပြုမူရေး လမ်းပြပေးနိုင်သူလည်း ဖြစ်သည်။ ရှေ့ဆောင်လမ်းပြ၏ စိတ်အခြေအနေသည် မိသားစုဝင်များအပေါ် တစ်စိတ်တစ်ဒေသ လွှမ်းမိုးလေ့ရှိသည်။ လောကခံ၏ အယိမ်းအနွဲ့ကို ခံနိုင်ရည်ရှိသော အပြုအမူများဖြင့် သားသမီးများကို စီမံညွှန်ကြားနိုင်စွမ်းလည်းရှိရသည်။ အမှန်၊ အမှား ခွဲခြားသိရှိသော စိတ်အခြေအနေတစ်ရပ် ပိုင်ဆိုင်မှသာ မိမိတို့၏ အကျိုးစီးပွားမပျက်စီးဘဲ ရေရှည်တည်တံ့မည် ဖြစ်ပါသည်။

**စိတ်ပျိုကိုယ်နု**

အမှန်၊ အမှား ခွဲခြားသိရှိရေးစိတ်ကို အချိန်မလပ်လေ့ကျင့်ပေးရပါသည်။ စိတ်ဖြစ်စဉ်ကိုသိလျှင် အမြန်ထိန်းသိမ်းနိုင်သည်။ စိတ်ဆိုးလျှင် စိတ်မဆိုးအောင်ထိန်းပစ်ရမည်။ မျက်နှာထက် အပြုံးတစ်ပွင့်ဆင်မြန်းနိုင်ရေး ကြိုးစားရသည်။ ပုံမှန်အားဖြင့် စိတ်ဆိုးချိန် စိတ်မဆိုးအောင် ထိန်းသိမ်းခြင်းအလုပ်သည် လွန်စွာခက်ခဲပါသည်။ စိတ်ဆိုးသည့်အကြောင်းအရာကို မေ့ဖျောက်လျက် အခြားတစ်နေရာသို့ စိတ်ဦးလှည့်ရပါသည်။ ဘာသာရေးအသိအမြင်သည် စိတ်ထိန်းသိမ်းခြင်းအလုပ်ကို ညင်သာစေသည်။ စိတ်ဆိုးရသည့် အခြေခံအကြောင်းရင်းကို ရှာဖွေနိုင်စေသည်။ သူ့ဘက်၊ ကိုယ့်ဘက်တွေးကြည့်ရန်လိုသည်။ သူလွန်သည်ဟု တွေးလျှင် မိမိစိတ်ဆိုးသေးသည်။ သူလည်း လွန်ကောင်းလွန်နိုင်သည်။ ငါလည်း လွန်ကောင်းလွန်နိုင်သည်။ လွန်သူအချင်းချင်း ထိတွေ့သဖြင့် စိတ်ဆိုးရခြင်းသာဖြစ်ပါသည်။ လက်ဝါးတစ်ဖက်ဖြင့် လက်ခုပ်သံ မထွက်နိုင်ပေ။ စိတ်ပန်းလူပန်းမဖြစ်စေရန် စိတ်ငြိမ်းချမ်းရန်လိုပါသည်။ စိတ်လွတ်ကိုယ်လွတ်အပြုအမူများကို ရှောင်ရှားခြင်းသည် စိတ်ချမ်းသာခြင်း၏ လမ်းစပင်ဖြစ်ပါသည်။ ဘဝအဓိပ္ပာယ်ပျောက်ဆုံးလျက် မစားချင်၊ မသွားချင်၊ အလုပ်မလုပ်ချင်စိတ်များဖြင့် စိတ်ထောင်းကိုယ်ကြေ မဖြစ်ရန်လိုသည်။ သို့ဖြစ်ရာ စာဖတ်သူအပေါင်း စိတ်ပျိုကိုယ်နုဘဝဖြင့် လောကအကျိုးဆောင်နိုင်သောစိတ်များ ဖန်တီးတည်ဆောက်လျက် **စိတ်အေးချမ်းစွာနေထိုင်ကြပါစို့** ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာအင်စတီကျု (Panna Institute) တို့ပူးပေါင်းပြီး KAS Myanmar ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်သည့် စတုတ္ထအကြိမ် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် နိုင်ငံ့ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ သင်တန်းတွင် သုတေသနလုပ်ပုံလုပ်နည်း (Research Methodology)၊ ပြည်သူ့ဆက်ဆံရေး (Public Relations)နှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု (Information Management)တို့အပြင် Political Economy (နိုင်ငံရေးဘောဂဗေဒ) ဘာသာရပ်များကိုပါ ပို့ချသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ အစိုးရအမျိုးမျိုး၊ အုပ်ချုပ်ရေးစနစ်အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ပါကြောင်း၊ ထိုကဲ့သို့ ဖြတ်သန်းခဲ့မှုအတွေ့အကြုံများကို ဆန်းစစ်ကာ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် စနစ်တကျရေးဆွဲပြင်ဆင်ထားသည့် သင်ခန်းစာများကို အတွေ့အကြုံကြွယ်ဝသည့် သင်တန်းဆရာများက ပို့ချသွားမည်ဖြစ်ပါကြောင်း၊၊

ယနေ့သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များသည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးကို များစွာတိုးတက်စေမည်ဖြစ်ပြီး စွမ်းစွမ်းတမံထမ်းဆောင်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများအတွက် ယခုကဲ့သို့ သင်တန်းများ ထပ်မံဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိပြီး အဆိုပါသင်တန်းများတွင် သင်ကြားမည့်ဘာသာရပ်များကိုလည်း ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊၊

သင်တန်းသားများအနေဖြင့် သင်တန်းတွင် အာရုံစူးစိုက်ကာ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုပါကြောင်း၊ သင်တန်းမှရရှိလာသည့် အသိပညာ၊ ဗဟုသုတများကိုလည်း ဌာနအတွက်၊ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ထိထိရောက်ရောက်အသုံးချပြီး သင်တန်းတက်ရောက်ခွင့်မရရှိသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ထပ်ဆင့်မျှဝေစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Panna Institute မှ ပညာရပ်ဆိုင်ရာ အကြံပေး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။




ယခုဖွင့်လှစ်သည့် စတုတ္ထအကြိမ် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက်အထိ ငါးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ အရာထမ်း၊ အမှုထမ်း ၅၂ ဦး တက်ရောက်ကြသည်။

ပထမအကြိမ် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ၂၀၁၉ ခုနှစ် ဇွန်လ၊ ဒုတိယအကြိမ်သင်တန်းကို အောက်တိုဘာလနှင့် တတိယအကြိမ်သင်တန်းကို ဒီဇင်ဘာလတို့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

**တန်းတူရည်တူရှိ**

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းထွန်းကားလာသည့် ကာလကြီးတွင် တစ်နိုင်ငံတည်း သီးသန့်နေထိုင်ရန် ပိုမိုခက်ခဲလာသလို လုံခြုံမှုနှင့်လည်း ပိုမိုဝေးကွာလာစေပါကြောင်း၊ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးနှင့်ဆက်စပ်သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Elimination of the all Forms of Discrimination Against Women–CEDAW) ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေးဓလေ့ထုံးတမ်းများသည် ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ တန်းတူရည်တူရှိသည်ကို စာပေများတွင် ဆုံးမထားသည်ကို တွေ့ရှိရပါကြောင်း၊ အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်များကို လူ့အခွင့်အရေးချိုးဖောက်မှု၊ အကြမ်းဖက်မှုဟု ရှုမြင်နိုင်မှု အားနည်းနေခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းထားခြင်း မရှိသေးခြင်းများကြောင့် အကြမ်းဖက်ခံ အမျိုးသမီးအများစုသည် အကြမ်းဖက်မှုမှ အကာအကွယ်ရယူနိုင်ခွင့် ကင်းမဲ့နေပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်သည် အမျိုးသမီးများဖြစ်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်နိုင်ပါက နိုင်ငံသားအများစုကို အကြမ်းဖက်မှုမှ တားဆီးကာကွယ်နိုင်ရာ ရောက်ပါကြောင်း၊ CEDAW ကော်မတီအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအဆင့်အစီရင်ခံစာများ တင်သွင်းလျက်ရှိပြီး CEDAW ကော်မတီမှ အစီရင်ခံစာအပေါ် အကြံပြုသုံးသပ်ချက် ၅၆ ချက် ပြန်လည်ပေးပို့ခဲ့ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်သည့် ဥပဒေပြဋ္ဌာန်းရန်နှင့် ခွဲခြားဆက်ဆံမှုများ ဖြစ်စေသည့် ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို အမြန်ဆုံးပြန်လည်သုံးသပ်ရန် ဆိုသည့် အချက်များ ပါဝင်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါအကြံပြုချက်နှင့်အညီ ရေးဆွဲထားသည့် ယခုဥပဒေသည် အခြားဥပဒေများနှင့်မတူညီဘဲ လူမှုရေးဥပဒေဖြစ်နေခြင်းနှင့် ဥပဒေတစ်ရပ်သည် ပြဋ္ဌာန်းပြီးရုံမျှနှင့် လုံလောက်ခြင်းမရှိဘဲ ပြည်သူများ လိုက်နာကျင့်သုံးမှသာ ဥပဒေသဘောသက်ဝင်မည်ဖြစ်ပါကြောင်း၊ ဥပဒေအသစ်တစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ခေါ်၍ ရှင်းလင်းမိတ်ဆက်ခြင်းသည် လွှတ်တော်တွင်း ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဦးရည်ထား၍ ကြိုတင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိတို့သိလိုသည်များ၊ ရှင်းလင်းမှုမရှိသည်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးအကြံပြုပူးပေါင်းကူညီပေးကြပါရန် တိုက်တွန်းပြောကြားသည်။

**တာဝန်ယူဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို ရေးဆွဲရာတွင် အဓိကဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောင်ရွက်မှုများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အာဆီယံဒေသတွင်း၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း အစီအစဉ် (ASEAN Regional Plan of Action on Elimination of Violence Against Women– EVAW) ကို ရေးဆွဲထားသဖြင့် ၎င်းလုပ်ငန်းစဉ်နှင့်အညီ ဖြစ်စေရန်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း) ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း။

အမျိုးသမီးများ၏ အခွင့်အရေးများကို ဖော်ဆောင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းများ လိုအပ်သကဲ့သို့ ပဋိပက္ခများအတွင်း လိင်အကြမ်းဖက်မှုများအတွက် တားဆီးကာကွယ်ရန်လည်း လိုအပ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ပဋိပက္ခများအတွင်း အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုကာကွယ်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် ကုလသမဂ္ဂသဘောတူညီချက်များကို လိုက်နာဆောင်ရွက်ရပါကြောင်း၊ ထို့ကြောင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာပူးတွဲကြေညာချက် ( Joint Communique) ကို ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ရာတွင် မြန်မာ့ဓလေ့ထုံးတမ်းအားလုံးကိုလည်း ပစ်ပယ်၍ မရပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် အမျိုးသမီးများ ရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကာကွယ်စောင့်ရှောက်မှုများအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသမီးနှင့်ပတ်သက်၍ အကာအကွယ်ပေးသည့်ပြစ်မှု၊ ပြစ်ဒဏ်အပိုင်းများကို စနစ်တကျဖော်ပြထားခြင်းမရှိသေးသည့်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း)တွင် ထည့်သွင်းထားပါကြောင်း၊ အဆိုပါကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများက လေ့လာပြီး အကြံပြုပေးကြစေလိုကြောင်း၊ မိမိတို့ရေးဆွဲထားသည့် ဥပဒေ(မူကြမ်း)သည် နိုင်ငံနှင့်ကိုက်ညီပြီး အမျိုးသမီးများကို အကျိုးပြုနိုင်အောင် ဆောင်ရွက်ထားပါကြောင်းနှင့် ယခုဥပဒေ(မူကြမ်း) သည် မိသားစုတစ်စု၊ အိမ်ထောင်စုတစ်စုပြိုကွဲမှုကို ဦးတည်သည့် ဥပဒေမဖြစ်စေဘဲ အမျိုးသမီးများ ရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကာအကွယ်ပေးနိုင်မှုအတွက် အကောင်းဆုံးပံ့ပိုးပေးနိုင်သည့် ဥပဒေတစ်ရပ်ဖြစ်အောင် ဝိုင်းဝန်းအကြံပြု ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးအကြံပြုကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့သစ်လုပ်ငန်း၊ လေ့ကျင့်ရေးသင်တန်းကျောင်း၊ ဆင်ဆေးရုံနှင့် ဖိုးကျားဆင်စခန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်တာဝန်ခံများနှင့်အတူ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၁) နန်ချွန်၊ အုတ်တွင်းမြို့နယ်ရှိ ဆင်ဆေးရုံနှင့် ရေတာရှည်မြို့နယ်ရှိ ဖိုးကျားဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နန်ချွန်(တောင်)ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၁) သို့ ရောက်ရှိပြီး သင်တန်းဆရာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**မပြတ်စောင့်ကြည့်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းမြေနေရာမြေအသုံးချမှုကို ပြန်လည်တိုင်းတာ၍ ခေတ်နှင့်အညီ ကိန်းဂဏန်းများအား ပြုစုထားရှိရန်၊ ဌာနမြေနေရာပိုင်ဆိုင်မှုခိုင်မာအောင် အလေးထားဆောင်ရွက်ရန်၊ သင်တန်းသားများ နေထိုင်စားသောက်ရေး ပြည့်စုံကောင်းမွန်အောင် စီမံဆောင်ရွက်ရန်၊ သင်တန်းကာလအတွင်း သင်တန်းသားများ၏ စွမ်းဆောင်ရည်နှင့် စည်းကမ်းပြည့်ဝမှု မပြတ်စောင့်ကြည့်မှတ်တမ်းထားရှိရန်၊ သင်တန်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အထူးအလေးထားဆောင်ရွက်ရန်နှင့် သင်တန်းအလိုက် ဆေးကုသမှုမှတ်တမ်းထားရှိဆောင်ရွက်ရန်၊ သင်တန်းသားများအား ကျန်းမာရေးအသိပညာရှိစေရေးဆောင်ရွက်ရန်နှင့် သင်တန်းကာလအတွင်း လူအများနှင့် ဆောင်ရွက်ရသည့်အတွက် ကူးစက်နိုင်သည့် ရောဂါများအား သတိနှင့်ဂရုပြုကြရန် မှာကြားသည်။

အဆိုပါသင်တန်းကျောင်းကို ၁၉၈၅–၁၉၈၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ သင်တန်းအကြိမ်ရေ ၃၂၉ ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ၆၀၉၆ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အုတ်တွင်း–ပေါက်ခေါင်းဖြတ်လမ်း ဘုန်းတောင်ကြိုးဝိုင်းအကွက်အမှတ်(၄၀) ရှိ မြန်မာ့သစ်လုပ်ငန်း တောင်ငူသစ်ထုတ်ရေးဒေသက တည်ထောင်ဆောင်ရွက်လျက်ရှိသည့် ဆင်ဆေးရုံအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဆင်ဆေးရုံကို ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး သုတေသနလုပ်ငန်းနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ဆင်နှင့်ပတ်သက်၍ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော် ပြည်ထောင်စုနယ်မြေအနီးတွင် ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုအချိန်တွင် အဆိုပါဆင်ဆေးရုံ၌ ဆင် ၃၁ ကောင်ကို ပြုစုစောင့်ရှောက်လျက်ရှိသည်။ ဆင်ဆေးရုံရေရှည်ဖွံ့ဖြိုးစေရန်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုလည်း Birmanie Atelier Travel and Tours နှင့် အကျိုးတူပူးပေါင်း၍ လာရောက်လည်ပတ်သည့်ဧည့်သည်များအား တောတွင်းလမ်းလျှောက်ခြင်း၊ ငှက်များလေ့လာခြင်း၊ ဆင်သမားကျေးရွာများသို့ လည်ပတ်ခြင်း၊ ဆင်နှင့်ပတ်သက်၍ အသိပညာပေးခြင်းစသည့် လုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပနိုင်ငံအသီးသီးမှ ရောက်ရှိနေသည် ဆင်ပညာရှင်များ၊ သင်တန်းသားများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆင်သုတေသနလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်၊ ဆင်ဆေးကုသဆောင်များနှင့် ဆင်အိုရုံများ တိုးချဲ့ဆောင်ရွက်ရန်၊ ဆင်ဆေးကုသင်တန်းကျောင်း ဖြစ်ပေါ်လာစေရေးဆောင်ရွက်ရန်၊ ပြည်ပနိုင်ငံအသီးသီးမှ ပညာရှင်များနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံမှ ဆင်ပညာရှင်များအား အသိပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားပြီး ဆင်သားဖွားဆောင်၊ သုတေသနဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့သစ်လုပ်ငန်းက ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်းအကွက်အမှတ်(၈၃)တွင် တည်ထောင်ထားရှိသည့် ဖိုးကျားဆင်စခန်းအား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါဆင်စခန်းကို ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အပန်းဖြေလေ့လာရေးခရီး လာရောက်ကြသည့် ပြည်တွင်း/ပြည်ပခရီးသွားများအား ဆင်များ၏နေထိုင်မှုသဘာဝကို လေ့လာနိုင်ရန်၊ ဆင်သရုပ်ပြအကအလှများကို ကြည့်ရှုလေ့လာနိုင်ရန်၊ ဆင်သစ်ဆွဲခြင်း၊ ဆင်စီးခြင်း၊ ဆင်စာကျွေးခြင်းဆောင်ရွက်နိုင်ရန် စသည်တို့ကို စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိရသည်။ ပြည်ထောင်စုဝန်ကြီးသည် ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တည်းခိုဆောင်များပြင်ဆင်ရန်၊ ကြိုးတံတားပြင်ဆင်ရန်နှင့် လေ့လာအပန်းဖြေသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်စေရေး ဆင်စခန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**


လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအနောက်ဘက်ကမ်းလွန်လုပ်ကွက် A–3 တွင် တည်ရှိသော သဘာဝဓာတ်ငွေ့အစမ်းတွင်း မဟာ(၁) တူးဖော်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တူးဖော်ရေးသင်္ဘော (Drill–Ship) Maersk Viking ပေါ်ရှိ ရှင်းလင်းဆောင်တွင် စီမံကိန်းမှ တာဝန်ရှိသူများက မဟာ(၁)အစမ်းတွင်း ရှာဖွေတူးဖော်နေမှု၊ ရွှေစီမံကိန်းမှ ပြည်ပသို့ တင်ပို့ရောင်းချနေမှုနှင့် ပြည်တွင်းသို့ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ရှာဖွေရေးတွင်း မဟာ(၁) တူးဖော်၍ သဘာဝဓာတ်ငွေ့စမ်းသပ်ထုတ်လုပ်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A–1/A–3 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုပေါ် ခွဲဝေခံစားရေးစာချုပ် (PSC) စာချုပ်ချုပ်ဆို၍ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းကို ပူးပေါင်းဆောင်ရွက်နေသော POSCO international ကုမ္ပဏီ၊ ONGC ကုမ္ပဏီ၊ GAIL ကုမ္ပဏီနှင့် KOGAS ကုမ္ပဏီတို့သည် လုပ်ကွက် A–3 တွင် ရှာဖွေရေးတွင်းကစ္ဆပနဒီ(၁)၊ မဟာ(၁)၊ ရန်အောင်မြင်(၁) အစမ်းတွင်းသုံးတွင်းကို အသုတ်လိုက် တစ်ပြိုင်တည်းစနစ်ဖြင့် တူးဖော်နေခြင်းဖြစ်သည်။ မဟာ (၁) ရှာဖွေရေးတွင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် Top Hole စတင်တူးဖော်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၉ ရက်တွင် ရည်မှန်းအနက် ၂၅၉၈ မီတာ ( ၈၅၂၄ ပေ) အထိ ရောက်ရှိတူးဖော်နိုင်ခဲ့သည်။





မဟာ(၁) ရှာဖွေရေးတွင်းတွင် စမ်းသပ်တိုင်းတာရရှိသော အချက်အလက်များအရ သဘာဝဓာတ်ငွေ့ခိုအောင်းနေသော ရည်မှန်းသဲကြော G4 ကို အနက် ၁၁၄၇ မီတာတွင် တွေ့ရှိခဲ့ပြီး သဲကြောအထူ ၁၂ မီတာ ပေ ၄၀ ခန့်မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုစမ်းသပ်ခြင်း (Drill Stem Test) ကို ဆောင်ရွက်ခဲ့ရာ သဘာဝဓာတ်ငွေ့ တစ်နေ့လျှင် ပျမ်းမျှကုဗပေ ၃၈ သန်းကျော်အထိ စမ်းသပ်ရရှိကြောင်း အတည်ပြုနိုင်ခဲ့သည်။ တူးဖော်ရေးသင်္ဘော(Drill–Ship) Maersk Viking သည် လုပ်ကွက်အမှတ် A–3 ရှိ ရှာဖွေရေးတွင်း ရန်အောင်မြင်(၁)ကို ယခု ဖေဖော်ဝါရီလအတွင်း ဆက်လက်တူးဖော်သွားမည်ဖြစ်သည်။

မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A–1/A–3 တွင် POSCO international ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှု ၅၁ ရာခိုင်နှုန်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၁၅ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ ONGC ကုမ္ပဏီမှ ၁၇ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ GAIL ကုမ္ပဏီမှ ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ KOGAS ကုမ္ပဏီမှ ၈ ဒသမ ၅ ရာခိုင်နှုန်း အချိုးကျစီပါဝင်ကာ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A–3 အတွင်းတွင် POSCO international ကုမ္ပဏီမှ မြ(၁)ရှာဖွေရေးတွင်းကို ၂၀၀၅ ခုနှစ်တွင် စတင်တူးဖော်ခဲ့ပြီး သဘာဝဓာတ်ငွေ့ စီးပွားဖြစ်တွေ့ရှိခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် လုပ်ကွက်အမှတ် A–1 ရှိ ရွှေသဘာဝဓာတ်ငွေ့နှင့် လုပ်ကွက်အမှတ် A–3 ရှိ မြသဘာဝဓာတ်ငွေ့တို့ကိုပေါင်းပြီး ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၅၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လုပ်ကွက်အမှတ် A–3 အတွင်း ရှာဖွေရေးတွင်း/အကဲဖြတ်တွင်းများ ဆက်လက်တူးဖော်၍ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ ပြည်ပပို့လွှတ်မှုနှင့် ပြည်တွင်းသုံးစွဲမှုတို့ကို ဆက်လက်ထိန်းသိမ်းနိုင်အောင် ဖွံ့ဖြိုးရေး (Development) လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တူးဖော်ရေးသင်္ဘော (Drill–Ship) Maersk Viking ပေါ်ရှိ ရှင်းလင်းဆောင်၌ စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကာ ဝန်ထမ်းများနှင့် နိုင်ငံခြားသားပညာရှင်များ၊ POSCO international ကုမ္ပဏီမှ တာဝန်ရှိသူများအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ သတ္တမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ သတ္တမအကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဖွဲ့စည်းပေးခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက **ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့**ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများပါဝင်သော အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့ဖွဲ့စည်းခဲ့သည့် သက်တမ်းမှာ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်(၁၁)ချက် သတ်မှတ်ပေးပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များမှာ ဖားကန့်ဒေသတွင် နေထိုင်သည့်မိသားစုများ၏ ဒုက္ခများ၊ အခက်အခဲများကို ကယ်တင်နိုင်ရန်၊ လူမှုအဆင့်အတန်းရှိနိုင်ရန်၊ ထိရောက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်နိုင်ရေးအတွက် စီမံချက်များချမှတ်ရန်၊ ဖားကန့်ဒေသအတွင်း နေထိုင်သူများအတွက် အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် မြေလွတ်၊ မြေရိုင်းများကို စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ အခြေခံလူတန်းစားများဖြစ်သည့် ရေမဆေးကျောက်ရှာဖွေသူများအနက် မူးယစ်ဆေးစွဲသူများအား မူးယစ်ဆေးသံသရာမှ လွတ်မြောက်စေရေးအတွက် ဆောင်ရွက်ပေးရန်တို့ဖြစ်ပါကြောင်း။

ဖားကန့်ဒေသ၏ သဘာဝတွင်းထွက်ပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်နိုင်လျှင် နိုင်ငံအတွက် ဂုဏ်တင့်ပြီး အေးချမ်းသာယာသော ဒေသတစ်ခုဖြစ်လာနိုင်သည့်အတွက် လက်ရှိအနေအထားအရ အဆိုပါအခြေအနေများကိုရောက်ရှိရန် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာငွေရရှိရေးသည်လည်း အဓိကကိစ္စတစ်ရပ်ဖြစ်သည့်အတွက် တက်ရောက်လာသည့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲအလိုက် ဘဏ္ဍာငွေရရှိနိုင်ရေးကို အထူးအလေးထား ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာလုပ်ငန်းအဖွဲ့၏ သတ္တမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အောင်မြင်မှုရရှိနေ**

ဆက်လက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖားကန့်ဒေသ၌ မူးယစ်ဆေးဝါးကိစ္စရပ်သည် အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်သည့်အတွက် မူးယစ်ဆေးဝါးများ ဝင်ရောက်မှုမရှိစေရေးနှင့် ဝင်ရောက်မှုနည်းပါးအောင်ဆောင်ရွက်ရေးသည် အရေးကြီးသည့်ကိစ္စရပ်တစ်ခုပင်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိသဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနေကြောင်း၊ ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအရေးသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးဖြစ်စဉ်သည် အဓိကကျပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပြည်ထောင်စုအဆင့်ဆင့်နှင့် ပြည်နယ်အဆင့်များအကြား တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆဋ္ဌမအကြိမ် အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တင်ပြရာ အစည်းအဝေးတက်ရောက်လာသည့် တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **သတင်းစဉ်**

## ဝန်းသိုမြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်းနှစ်လမ်းကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၁၉ သန်းဖြင့် ဆောင်ရွက်မည်

**ဝန်းသို ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ညောင်ပင်သာကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည်ပေ ၅၀၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့်ပေ ကိုးလက်မထုခင်းခြင်းနှင့် ယင်းလမ်းပေါ်ရှိ ရှစ်ပေအကျယ် Box Culvert တစ်စင်း၊ ရေပြွန်တံတားနှစ်စင်းအားနှင့် အောင်းကုန်းကျေးရွာ ကုန်ထုတ်လမ်း ပေ ၁၉၀၀ စုစုပေါင်းကုန်ထုတ်လမ်းနှစ်လမ်းကို ယခု ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်(မူလ)ရန်ပုံငွေ ၃၆ ဒသမ ၁၉ သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

ညောင်ပင်သာကျေးရွာ ကုန်ထုတ်လမ်းမှာ လမ်းလုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းပြီးစီးပြီး လုပ်ငန်းများအား မတ်လကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက အိမ်ထောင်စု ၁၀၄ အိမ်၊ လူဦးရေ ၅၅၅ ဦးတို့အတွက် လယ်မြေဧက ၄၅၀ ကို အကျိုးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**မွေးကြူဇင်**

# သုတေသနနည်းပညာအထူးသင်တန်း (၂၀၂၀) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကျန်းမာရေးမှူးများအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပထမဆုံးအကြိမ် သုတေသန နည်းပညာအထူးသင်တန်း (၂၀၂၀) (First Training Workshop on Research Capacity Strengthening and Proposal Development for Basic Health Services Professionals) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်)ရှိ သုတေသန စွမ်းဆောင်ရည်လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာနတွင် ကျင်းပသည်။



### အင်အားများဖြစ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူ့ကျန်းမာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိုသို့ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့စေရေးတို့အတွက် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၏ သုတေသနစွမ်းရည်အပါအဝင် ဘက်စုံစွမ်းရည်များ မြင့်မားတိုးတက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးကဏ္ဍ လုပ်ငန်းများအတွက် အရေးကြီးသည့် အင်အားများဖြစ်သော အခြေခံကျန်းမာရေး ဝန်ထမ်း ပညာရှင်များ ဖောက်ထွက်စဉ်းစားနိုင်မှု၊ ဆန်းသစ်တွေးခေါ်နိုင်မှု၊ အခြေအနေအရပ်ရပ်ကို ဘက်ပေါင်းစုံ၊ ရှုထောင့်စုံမှ ထည့်သွင်းစဉ်းစားနိုင်မှု၊ အချက်အလက်အထောက်အထားကိုအခြေခံ၍ ကျိုးကြောင်းဆီလျော်ဆုံးဖြတ်နိုင်မှု စွမ်းရည်များ တိုးတက်မြင့်မားလာစေရေးအတွက် သုတေသနလုပ်ဆောင်မှုများသည် အရေးကြီးပါကြောင်း။

ယခု သုတေသနစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းတွင် မဟာဘွဲ့နှင့်ဒီဂရီဘွဲ့များ အသီးသီးရရှိထားသည့် ကျန်းမာရေးမှူးများနှင့် သူနာပြုများ စုစုပေါင်း ၃၃ ဦးကို သင်တန်းပို့ချသွားမည်ဖြစ်ပြီး နောင်သင်တန်းများတွင်လည်း မဟာဘွဲ့နှင့် ဒီဂရီဘွဲ့များ ရရှိထားသူနှင့် မရရှိသေးသူ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအား သင်တန်းအလိုက် ခေါ်ယူတက်ရောက်စေမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် အဖွဲ့အလိုက် သုတေသနအဆိုပြုလွှာများကို ပြုစုရေးသားစေခြင်း၊ အဆိုပြုလွှာများကို သုတေသနဆိုင်ရာ ကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှုဘုတ်အဖွဲ့ (Institutional Review Board) မှ ဆန်းစစ်သုံးသပ်ပေးခြင်းတို့အပြင် သင်တန်းမှထွက်ပေါ်လာမည့် အဆိုပြုလွှာများ အမှန်တကယ်သုတေသန ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေကိုပါ တစ်ပါတည်းချထားပေးမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ကျန်းမာရေးမှူးများ ပါဝင်တက်ရောက်ခြင်းသည် ကောင်းမွန်ပါကြောင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းအနေဖြင့် ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် မဟာဗျူဟာနှင့် လုပ်ငန်းမူဘောင်များရေးဆွဲချမှတ်ဆောင်ရွက်စေလိုပါကြောင်း၊ သုတေသန စွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာနတွင် ပြုလုပ်ခဲ့သော သင်တန်းများနှင့်ပတ်သက်၍ ဘက်စုံခြုံငုံသုံးသပ်မှုများပြုလုပ်ကာ ယခင်ထက် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၏ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေး ဆောင်ရွက်သင့်သည့် သုတေသနခေါင်းစဉ်များကို စုစည်းထားသည့် (research title bank) များကို ပြုလုပ်ဆောင်ရွက်သွားစေလိုပါကြောင်း၊ ယခုသင်တန်းတက်ရောက်သူများအနေဖြင့် သင်တန်းမှ ပို့ချချက်များကို အထူးစိတ်ဝင်စားစွာဖြင့် ကြိုးပမ်းသင်ယူကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်က ဝမ်းမြောက်စကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက အမှာစကား ပြောကြားခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် (ဆေးသုတေသနဦးစီးဌာန- ပြင်ဦးလွင်ရုံးခွဲ) ဒေါက်တာစောစောက သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်သည်။

**သတင်းစဉ်**

## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် ကိုရိုနာဗိုင်းရပ်စ် COVID-19 ကို မြန်မာနိုင်ငံတွင် စစ်ဆေးနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (National Health Laboratory) သည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု အမျိုးသား တုပ်ကွေးရောဂါဌာနအဖြစ် ရပ်တည်ခဲ့ပြီး တုပ်ကွေးဗိုင်းရပ်စ်ပိုးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်(စ်)ပိုးများကို ဓာတ်ခွဲစစ်ဆေးခြင်းဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကုသခြင်းလုပ်ငန်းများတွင် အထောက်အကူပြုဆောင်ရွက်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စတင်ဖြစ်ပွားစဉ်ကတည်းက အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) သည် အဆိုပါရောဂါပိုးကို မြန်မာနိုင်ငံတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရေးအတွက် တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) တွင် ပညာရှင်များနှင့် စက်ပစ္စည်းများ အဆင်သင့်ရှိနေပြီးဖြစ်သဖြင့် ဓာတ်ခွဲပစ္စည်းများရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ခြင်းကို ဆက်လက် လုပ်ဆောင်ခဲ့သည်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL)သည် ဓာတ်ခွဲပစ္စည်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ချိတ်ဆက်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ Armed Forces Research Institute of Medical Science (AFRIMS) မှလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးနှင့် JICA အဖွဲ့တို့၏ ပံ့ပိုးချိတ်ဆက်ဆောင်ရွက်မှုတို့ဖြင့် ဂျပန်နိုင်ငံ National Institute of Infectious Diseases (NIID)၊ National Center for Global Health and Medicine(NCGM) နှင့် Juntendo University မှလည်းကောင်း လက်ခံရရှိသည်။

ဓာတ်ခွဲပစ္စည်းများ လက်ခံရရှိခဲ့ပြီးနောက် လက်ရှိ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းသတ်မှတ်ချက်အတိုင်း လူနာများထံမှဓာတ်ခွဲနမူနာများတွင် COVID-19 ဗိုင်းရပ်စ်ရောဂါပိုး ရှိ၊ မရှိအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းနှင့် တစ်ပြိုင်တည်း ဓာတ်ခွဲစစ်ဆေးလျက်ရှိရာတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) ၏ ဓာတ်ခွဲအဖြေများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းမှအဖြေများသည် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။

ထိုသို့ တစ်ပြိုင်တည်း ဓာတ်ခွဲစစ်ဆေးမှုအရေအတွက်နှင့် အဖြေများ ကိုက်ညီမှန်ကန်မှုရှိသည့်အတွက် ကိုယ်တိုင်သီးခြားဓာတ်ခွဲစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) မှ ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် ယခုအချိန်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံ ၂၆ နိုင်ငံတွင် ဖြစ်ပွားလျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖေဖော်ဝါရီ ၁၆ ရက်၊ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲ ထုတ်ပြန်သော စာရင်းဇယားများအရ အောက်ပါအတိုင်း ဖြစ်ပါသည်-

- တစ်ကမ္ဘာလုံးတွင် ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ ၅၁၈၅၇ ဦး
- တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဓာတ်ခွဲအတည်ပြု လူနာ ၅၁၁၇၄ ဦး (ကမ္ဘာ့ဖြစ်ပွားမှု၏ ၉၉ ရာခိုင်နှုန်း)
  - ရောဂါလက္ခဏာအရ သတ်မှတ်လူနာ ၁၇၄၁၀ ဦး
  - စုစုပေါင်းလူနာ ၆၈၅၈၄ ဦး
  - သေဆုံးသူ ၁၆၆၆ ဦး
- အခြားဖြစ်ပွားသည့်နိုင်ငံစုစုပေါင်း ၂၅ နိုင်ငံ
  - ဓာတ်ခွဲအတည်ပြုလူနာ ၆၈၃ ဦး
  - သေဆုံးသူ ၃ ဦး (ဖိလစ်ပိုင်၊ ဂျပန်နှင့် ပြင်သစ်နိုင်ငံ)

### မြန်မာနိုင်ငံ၏ COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ အခြေအနေ

| မြန်မာနိုင်ငံတွင် ယနေ့(၁၇-၂-၂၀၂၀)ရက်နေ့အထိ COVID-19 ရောဂါပိုးဓာတ်ခွဲအတည်ပြုလူနာမရှိပါ | |
|---|---|
| စောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ အခြေအနေ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၇-၂-၂၀၂၀) ရက်နေ့ အထိ | |
| စောင့်ကြည့်လူနာ | ၃၄ ဦး |
| သံသယလူနာ | ၂ ဦး |
| စုစုပေါင်း | ၃၆ ဦး |

### စောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၇-၂-၂၀၂၀) ရက်နေ့အထိ

| | |
|---|---|
| ဓာတ်ခွဲ စစ်ဆေးမှုအဖြေအရ ပိုးမတွေ့ရှိရသူ | ၂၈ ဦး (စောင့်ကြည့်လူနာ- ၂၆ ဦး နှင့် သံသယလူနာ- ၂ ဦး) |
| ထိုင်းနိုင်ငံရှိ ရည်ညွှန်းဓာတ်ခွဲခန်းမှ အဖြေစောင့်ဆိုင်းဆဲ | ၅ ဦး |
| ထိုင်းနိုင်ငံရှိ ရည်ညွှန်းဓာတ်ခွဲခန်း သို့ ဓာတ်ခွဲနမူနာပို့ဆောင်ဆဲ | ၃ ဦး |
| စုစုပေါင်း | ၃၆ ဦး |

စောင့်ကြည့်လူနာနှင့် သံသယလူနာ ၃၆ ဦးအနက်

- တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိသူ - ၃၄ ဦး
- တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်မရှိသူ- ၂ ဦး ရှိပြီး လူနာအားလုံး၏ လက်ရှိအခြေအနေမှာကောင်းမွန်လျက်ရှိပါသည်။

ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံပိုင်သတင်းမီဒီယာများနှင့် ရေဒီယိုများတွင် ကျန်းမာရေးအသိပညာပေးချက်များနှင့် သတင်းများအားဖော်ပြခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/Ministry of HealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြလျက်ရှိပါသည်။

**ကျန်းမာရေးဝန်ကြီးဌာနနှင့်အားကစားဝန်ကြီးဌာန**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာမောင်ခင်ဇော် (ကေသီပန်) နှင့် ရုပ်ရှင်စကားဝိုင်း

**တွေ့ဆုံမေးမြန်း ဒါရိုက်တာ ကြည်စိုးထွန်း**

**ဒီတစ်ပတ် ရုပ်ရှင်စကားဝိုင်းကို ကျွန်တော်နဲ့အတူ ဆွေးနွေးမယ့်ပုဂ္ဂိုလ်ကတော့ ခင်ဇော် (ကေသီပန်) ဆိုပြီးတော့ နာမည်ရှိတဲ့သူပါပဲ။ အခုကတော့ ဆရာဦးခင်ဇော်လို့ ကျွန်တော်တို့ ခေါ်ဆိုပါတယ်။ ဆရာဦးခင်ဇော်ဟာ နာမည်ကျော် လူငယ် ဒါရိုက်တာ မိုက်တီးရဲ့ဖခင်ဖြစ်သလိုပဲ သရုပ်ဆောင် ချစ်ချစ်ဇော်တို့၊ လင်းဇာနည်ဇော်တို့ရဲ့ ဖခင်လည်း ဖြစ်ပါတယ်။ ဆရာ့ရဲ့ ဖြတ်သန်းလာရတဲ့ဘဝက ကျွန်တော်တို့ မမွေးခင်ကတည်းက ရုပ်ရှင်လောကကို ဝင်ရောက်ပြီးတော့ ရုပ်ရှင်လုပ်ငန်းတွေလည်း လုပ်လာတယ်။ လုပ်လာပြီးတဲ့နောက်မှာ ဆရာက ရုပ်ရှင်လောကသားတွေရဲ့ အကျိုးကိုလည်း တစ်ပိုင်းကနေ ဆောင်ရွက်ပေးခဲ့တာ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။**

(၃၁.၁.၂၀၂၀ ရက်နေ့မှ အဆက်)

**ကြည်စိုးထွန်း။** ။ ကြည်ကြည်ဌေး၊ မြင့်မြင့်ဌေး ကလည်း အဲဒီကပဲ လာတာပဲထင်တယ်။

**ဦးခင်ဇော်။** ။ ကြည်ကြည်ဌေး က ဇာတ်စင်က လာတာ၊ မြင့်မြင့်ဌေးကတော့ အပြင်က ဒါပေမယ့် ပြဇာတ်ထဲကျတော့ သူပါလာတယ်။ သူက လုံးကြီးပေါက်လှလေ။ ရုပ်ရှင်ကားရိုက်တော့ တောင်မှ ဂေါ်ပါမောက္ခဆိုတဲ့ ကားတစ်ကား ရိုက်တယ်။ အဲဒီတုန်းက ဘောလုံးကန်တော့ အမျိုးသမီးဘောလုံးပွဲတွေလေ။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ ရုပ်ရှင်နဲ့ ပြဇာတ် အစည်းအရုံးကြီး ကျွန်တော်တို့ဖြစ်လာပြီပေါ့ ဆရာ။ ရုပ်ရှင်နဲ့ ပြဇာတ်အစည်းအရုံးကြီးမှာ ဖြစ်ခဲ့တဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်တွေ ဆရာ သိသလောက် ပြောပြပါဦး။

**ဦးခင်ဇော်။** ။ ကျွန်တော်တို့ ရုပ်ရှင်နဲ့ ပြဇာတ်အစည်းအရုံးရဲ့ ဦးစီးအဖွဲ့မှာ နာယက သုံးယောက် ထားထားတယ်။ နာယကသုံးယောက်က လန်ဒန်အတ် ဦးအုန်းမောင်၊ ဦးညွန့် (ဗြိတိသျှဘားမား)။

**ကြည်စိုးထွန်း။** ။ ရုပ်ရှင်နဲ့ပြဇာတ်အစည်းအရုံးမှာလည်း သူတို့ပဲလား ဆရာ။

**ဦးခင်ဇော်။** ။ ဟုတ်တယ်။ နေရာလေးတွေသာ ပြောင်းသွားတယ်ပေါ့။ ဒါပဲရှိတယ်လေ လူက။ ကျွန်တော်တို့က စလုပ်တော့ လူတွေက မရှိတော့ဘူး။

**ကြည်စိုးထွန်း။** ။ အဲဒီတုန်းက ဥက္ကဋ္ဌက။

**ဦးခင်ဇော်။** ။ ဥက္ကဋ္ဌက များသောအားဖြင့် အောဝမ်းက ဦးတင်နွယ်ဖြစ်လိုက် ဦးချန်ထွန်းဖြစ်လိုက်ပါပဲ။

**ကြည်စိုးထွန်း။** ။ အဲဒီနောက် ကျွန်တော် သိသလောက် ဆရာရွှေဒုံးဘီအောင်လည်း ဖြစ်ဖူးတယ်နော် ဆရာ။ ဦးတင်မောင်လည်း ဥက္ကဋ္ဌဖြစ်ဖူးတယ်။

**ဦးခင်ဇော်။** ။ ဦးတင်မောင်က ကျွန်တော်တို့ ဒီဘက်ခေတ်အထိ ဥက္ကဋ္ဌလုပ်လာခဲ့တာ။

**ကြည်စိုးထွန်း။** ။ နောက်ကျတော့ ဦးချင်းစိန် ဆရာလည်း အဲဒီမှာ တောက်လျှောက်ပဲနော် ဆရာ။

**ဦးခင်ဇော်။** ။ ဦးညီပု လက်ထက်မှာ များတာပေါ့။ ဦးညီပု ပထမလေးနှစ်မှာတော့ ကျွန်တော် အတွင်းရေးမှူး လုပ်ခဲ့ရပါတယ်။

**ကြည်စိုးထွန်း။** ။ ရုပ်ရှင်အစည်းအရုံးမှာ ဆရာက အတွင်းရေးမှူးလည်း လုပ်ခဲ့ရတယ်၊ ဥက္ကဋ္ဌလည်း လုပ်ခဲ့ရတယ်။ အဲဒီတော့ တော်တော်များများ ရုပ်ရှင်အစည်းအရုံးမှာ ကျင်လည်ခဲ့ရတာကိုး။ ကျင်လည်ရတော့ အဲဒီက အကြောင်းလေးတွေ နောက်တစ်ခါ ဆရာ့ဘဝဇာတ်ကြောင်းလေးလည်း သိချင်ပါတယ်။ ရုပ်ရှင်လောကကို ဘယ်လိုရောက်လာတယ်။ ဘယ်နှခုနှစ်မှာ ရောက်လာတယ်။ ဘယ်ကုမ္ပဏီကနေ ရောက်လာတယ်ပေါ့ ဆရာ။ တချို့လည်း ဟိုနေ့က ဆရာကြီးတွေ ပြောသလိုဆို တစ်ခါတည်း မင်္ဂလာနှစ်ကနေပြီးတော့ ဒါရိုက်တာဖြစ်တဲ့လူလည်း ရှိတာပေါ့။ ကျွန်တော်တို့ဆိုလည်း ရုပ်ရှင်ထဲဝင်လာတဲ့အခါမှာ ကျောင်းတော့နေသေးတာပေါ့ ဆရာ။ ဘွဲ့ရပြီးတော့မှ ရုပ်ရှင်ထဲ ဝင်တာကိုး။ အသက်သုံးဆယ်လောက်ပေါ့။ အဲဒီက ဝင်တဲ့အခါကျတော့ တစ်ခါတည်း တန်းဝင်လို့မရဘူးဆရာ။ အောက်ခြေသိမ်းက ဝင်ရတာကိုး။ ရှုတင်မန်နေဂျာ ဘဝကနေပြီးတော့ အောက်ခြေသိမ်းကနေ ဝင်ရတာ။ ဆရာတို့လည်း အဲဒီလိုပဲ ဖြစ်မယ်ထင်တယ်။ တစ်ခါတည်း ရုပ်ရှင်ရဲ့ အခြေခံကျတဲ့ နေရာလေးတွေကမှ ဝင်လာပြီးတော့မှ တဖြည်းဖြည်းတိုးတက်လာတဲ့ဟာပေါ့။ အဲဒါလေးတွေ ပြောပြပါဦး။





အမည် - ဦးခင်ဇော်
(၂၄-၃-၁၉၃၁ - ၃-၁၂-၂၀၁၈)
အနုပညာအမည် - မောင်ခင်ဇော် (ကေသီပန်)
တာဝန်ယူခဲ့သော - ယခင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အနုပညာလုပ်ငန်းများ ဥက္ကဋ္ဌ



အမည် - ဦးကြည်စိုးထွန်း
(၉-၁၂-၁၉၄၅)
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ဦးခင်ဇော်။** ။ အဲဒီတော့ ကျွန်တော် ဝင်တာလည်း တော်တော်ခက်ခက်ခဲခဲ ဝင်တာပါ။ ကျွန်တော့်မိဘက ကျောင်းထားတယ်။ ကျောင်းထားတော့ ကျွန်တော် ကျောင်းလာတက်တယ်ပေါ့လေ။ ရန်ကုန်မှာ ကျောင်းလာတက်တယ်။ ကျွန်တော် ၁၉၅၃ ခုနှစ်မှာ ဆယ်တန်းအောင်တယ်။ ကျောင်းတက်နေရင်းကနေ ပြီးတော့ ကျွန်တော် သိပ်ဝါသနာပါတာက ကင်မရာတို့ ဘာတို့ဆိုတော့ အဲဒါနဲ့ သူတို့ကို လိုက်ရိုက်ပေးတယ်။ ရုပ်ရှင်ကို အလကား လိုက်ရိုက်ပေးတာ။ အဲဒီကနေပြီးတော့မှ ကျွန်တော် နောက်တစ်ခါ တစ်ဆင့်ပေါ့လေ။ ဆလိုက်တွေ ဘာတွေ အရင်တုန်းက ဆလိုက်ထိုးရတယ်။



**ကြည်စိုးထွန်း။** ။ ခုလည်း ရှိသေးတယ် ဆရာ ရုပ်ရှင်ရုံတွေမှာ။

**ဦးခင်ဇော်။** ။ အဲဒီဟာလေးတွေလည်း ကျွန်တော် အလကား လုပ်ပေးတယ်။ ဆေးခြယ်တာ။

**ကြည်စိုးထွန်း။** ။ ဩော် ဝါသနာပါတာကိုး။

**ဦးခင်ဇော်။** ။ အဲဒီဟာတွေ လုပ်ပေးရင်းနဲ့ပေါ့လေ။ ရုပ်ရှင်လောကထဲ ဝင်တာ။ ဒါပေမယ့် ချက်ချင်းဝင်လို့ မရဘူး။



ဦးချင်းစိန်

**ကြည်စိုးထွန်း။** ။ မှန်တာပေါ့ ဆရာ။

**ဦးခင်ဇော်။** ။ ကျွန်တော်က အင်တာအထိ သင်ခဲ့ဖူးတာကိုး။ အဲဒီတော့ ကျွန်တော် ဆရာလုပ်ချင်စိတ်လေးလည်းရှိတယ်။

**ကြည်စိုးထွန်း။** ။ အဲဒီကနေပြီးတော့ ဆရာ ရုပ်ရှင်ထဲ ဘယ်လိုရောက်လဲ။

**ဦးခင်ဇော်။** ။ အဲဒီကတည်းကိုက ရုပ်ရှင်ထဲကို ကျွန်တော် လိုက်ရိုက်နေပြီ။ နောက်ဆုံးကျတော့ ကျွန်တော် ကျောင်းကိုလည်း မလွှတ်နိုင်တော့ဘူး။ ကျောင်းကို ခေါ်တဲ့အချိန်က ဆရာ ရွှေဒုံးဘီအောင်။ ကျောင်းမှာ ဆရာလုပ်ပြီး ကောင်းနေတဲ့အချိန်ကျတော့။

**ကြည်စိုးထွန်း။** ။ ဩော် ဘယ်ကျောင်းမှာလဲ ဆရာ။

**ဦးခင်ဇော်။** ။ အနုပညာကျောင်းတွေ အဲဒီတုန်းက အပြိုင်အဆိုင်လေ။

**ကြည်စိုးထွန်း။** ။ ကျူရှင်ဆရာပေါ့။

**ဦးခင်ဇော်။** ။ အနုပညာသင်ကျောင်း သူက သူငယ်တန်းကနေ ပြီးတော့ ဆယ်တန်းအထိ ရှိတယ်။ နောက်ပြီးတော့ အခု ဦးလှသိန်း ဓမ္မဗိမာန်လုပ်ထားတဲ့



ကြည်ကြည်ဌေး

နေရာမှာ ဒေါ်ကြည်ကြည်အလွတ်သင်ကျောင်းဆိုတာ ရှိတယ်။ ဒီအင်းလျားတစ်ဝိုက်က မိန်းကလေးတွေတိုင်းက အဲဒီကျောင်းမှာချည်းပဲ။ ကျွန်တော်ကလည်း အဲဒီကျောင်းမှာ ဆရာ။

**ကြည်စိုးထွန်း။** ။ ဩော် ဒါလုပ်ရင်းနဲ့ ကလည်း Still ကလည်း လိုက်ရိုက်နေတယ်။ နောက်ကျတော့ အဲဒီကျောင်းဆရာဘဝကို ဘယ်လိုလုပ်ခွာခဲ့သလဲ။ ဆရာရွှေဒုံးဘီအောင်က ဘယ်ကားမှာ ခေါ်ခဲ့တာလဲ ဆရာ။

**ဦးခင်ဇော်။** ။ ဤုလူ့ဘောင်တွင် ဇာတ်ကားမှာပဲ။

**ကြည်စိုးထွန်း။** ။ ဩော် ဤုလူ့ဘောင်တွင်က သိပ်ကောင်းတဲ့ကားဆရာ။ ၁၉၅၈ ခုနှစ်လောက် ဖြစ်မလား မသိဘူး။

**ဦးခင်ဇော်။** ။ ရွှေဒုံးဘီအောင်ခေါ်တယ်ဆိုတော့ ကျွန်တော်က အံ့အားသင့်သွားတယ်။ ဒီမတိုင်ခင်က ကျွန်တော်က ဇာတ်ညွှန်းရေးတာကို ဆရာ ဦးချင်းစိန်နဲ့ သင်တယ်။

**ကြည်စိုးထွန်း။** ။ ဦးချင်းစိန်၊ ရွှေညာမောင်ပေါ့။

**ဦးခင်ဇော်။** ။ ဟုတ်တယ် ရုပ်ရှင်အစည်းအရုံးကနေပြီးတော့ ဇာတ်ညွှန်းသင်တန်းသင်တော့ အဖြေလွှာတွေကို သူ့ကိုပေးတယ်။ သူက ကျွန်တော့်ကို ပြန်စစ်ခိုင်းတယ်။

**ကြည်စိုးထွန်း။** ။ ဆရာ ပဲရှော့မှာ လုပ်ဖူးသေးတယ် မဟုတ်လား။ အဲဒီအရင်ကျတာပေါ့နော်။

**ဦးခင်ဇော်။** ။ အဲဒီအရင်ပေါ့ ပဲရှော့ဖလင်က။ ပဲရှော့ဖလင်က ကျောင်းနေရင်းနဲ့။

**ကြည်စိုးထွန်း။** ။ ကျောင်း နေရင်းနဲ့ ကျောင်းဆရာ မဖြစ်သေးခင်မှာကို ပဲရှော့မှာ အဆက်အသွယ်ဖြစ်နေပြီ။ အဲဒီတော့ ဦးဆန်နီရှိသေးလား ဆရာ။

**ဦးခင်ဇော်။** ။ မရှိတော့ဘူး။

**ကြည်စိုးထွန်း။** ။ ဒါတော့ ဦးဖေကြိုင်ပေါ့။ ဦးဖေကြိုင် လက်ထက်မှာပေါ့နော် ဆရာ။

**ကြည်စိုးထွန်း။** ။ အဲဒီမှာလည်း ဆရာက ရုပ်ရှင် အတွေ့အကြုံတွေရခဲ့တာပေါ့။ အဲဒီကမှဆရာ ကျောင်းဆရာလုပ်ရင်းနဲ့ ဆရာရွှေဒုံးဘီအောင်က ခေါ်တော့ တစ်ခါတည်း ဒီဘက်ကိုစွန့်ပစ်ခဲ့ပြီလား။

**ဦးခင်ဇော်။** ။ မစွန့်ပစ်ဘူး။ ကျွန်တော်က သူတို့ဆီက




မြင့်မြင့်ဌေး

ခွင့်တောင်းတယ်။ ကျောင်းသားတွေဆီက။ ငါ နှစ်နဲ့ချီ ပြီးတော့ လုပ်လာခဲ့တဲ့ပညာ။ ရှာလာခဲ့တဲ့ပညာ။ အဲဒီဟာ အခွင့်အရေးကြုံခိုက်လေး ငါ့ကိုခွင့်ပြုပါ။ သိတဲ့အတိုင်းပဲလေ။ ဟိုတုန်းက ဆရာတွေကို သူတို့က ပုဂ္ဂိုလ်စွဲ သိပ်ဖြစ်တာ။ သံယောဇဉ် တအားကြီးတယ်။ ကျွန်တော်ကလည်း ကြီးတယ်။ အဲဒီမှာ ဆရာ့ဆီ ကျွန်တော်လိုက်သွားတယ်။

**ကြည်စိုးထွန်း။** ။ အဲဒါက မန္တလေးမှာ ရိုက်တာနော်။

**ဦးခင်ဇော်။** ။ မန္တလေးရယ်၊ ပတ်ဝန်းကျင် တွေရယ် လျှောက်ရိုက်တယ်ပေါ့။

**ကြည်စိုးထွန်း။** ။ ဆရာ နောက်ဆုံး ဒေါ်မြင့်မြင့်ခင်က မော်တော်ကားလေးနဲ့ ဆင်းလာတာက။

**ဦးခင်ဇော်။** ။ မေမြို့သွားရိုက်တာ။

**ကြည်စိုးထွန်း။** ။ ဩော် မေမြို့လမ်းလေးလား။

**ဦးခင်ဇော်။** ။ အဝင်လေးတင်ပဲ ရှိတဲ့ တောင်ကမ်းပါးယံလေးတင်။

စာမျက်နှာ ၁၁ သို့ ■

■ စာမျက်နှာ ၁၀ မှ

**ကြည်စိုးထွန်း။** ။ ဆရာသူ့ဟိုကပေးလိုက်တဲ့ ပဝါလေးကျသွားတာ ထင်တယ်နော် ဆရာ။ ဪ မောင်မောင်တာက နောက်ဆုံးမှာ ကျသွားတဲ့ အခန်းလေး ကောင်းတယ်ဆရာ။ မြင်ကွင်းကျယ် ကြည့်ရတာ အဲဒီတုန်းက မန္တလေးရုပ်ရှင်က ထွက်တာ။

**ဦးခင်ဇော်။** ။ မြင်ကွင်းကျယ် ပထမဦးဆုံးလေ။

**ကြည်စိုးထွန်း။** ။ ဆရာရွှေဒုံးနဲ့ ဒါက ဆရာ့ရဲ့ ဆရာပေါ့နော်။ တကယ်ဆရာရွှေဒုံးဆီမှာ အလုပ်လုပ်တဲ့အချိန်မှာ ဆရာရွှေဒုံးရဲ့ စိတ်နေသဘောထားတွေလည်း ကျွန်တော် သိရပါတယ်။ ဆရာရွှေဒုံးနဲ့ ဆရာနဲ့ Editing နဲ့ပတ်သက်ပြီး ဖြစ်ခဲ့တဲ့ဟာလေး ပြောပါဦးဆရာ။

**ဦးခင်ဇော်။** ။ Editing နဲ့ပတ်သက်ပြီးတော့ တစ်နေ့ကျ ကျွန်တော်က ကားဆက်လိုက်တယ်။ ကားဆက်ပြီး ပြီးသွားပြီ သူလည်းကြည့်ပြီးပြီ။ နောက်ကျတော့ ရှမ်းပြည်က စော်ဘွားတွေ လာကြည့်ကြတယ်။ ဗမာပြည်ကို ပထမဆုံး ရောက်လာတဲ့ စတင်းဘတ်က သူတို့ဆီမယ်တယ်။ ကျွန်တော်အားပေးတယ် သူ့ကို။ ဟာ...ခင်ဗျား အားမပျက်နဲ့။ ကျွန်တော့်တုန်းက အဲလိုဖြစ်ခဲ့ဖူးတယ်။ ဘာမှမဟုတ်ဘူး ခင်ဗျား၊ မနက်ကျကြည့် ကောင်းသွားလိမ့်မယ်။

**ကြည်စိုးထွန်း။** ။ သူက ခေါင်းရှုပ်နေတာပေါ့နော်။ ခေါင်းရှုပ်တော့ ဆန်ရင်း နာနာဖွပ်တာပေါ့။ တပည့်ရင်းတွေပဲ ဆူမှာပေါ့လေ ဆရာ။ ဆရာရွှေဒုံးက တကယ့်ကို သွက်လက်ပြီးတော့ စကားပြောရင် ရိုးရိုးစင်းစင်း ဆရာ။ သူ့မှာ ကျွန်တော်သိသလောက်တော့ ဟန်မရှိဘူး။ ဘွင်းဘွင်းလင်းလင်းကြီးနဲ့လေ။ လူက တကယ့်ခင်မင်စရာကောင်းတဲ့ လူကြီးပေါ့နော် ဆရာကြီးပဲ။ ပြောတာဆိုတာ နားထောင်ရတာပေါ့နော်။

**ဦးခင်ဇော်။** ။ သူ မကောင်းတာ လုပ်ခဲ့ တာတွေလည်း ပြောတယ်။

**ကြည်စိုးထွန်း။** ။ ပွင့်ပွင့် လင်းလင်းပဲ။ ဘွင်းဘွင်းကြီးပေါ့ ဆရာ ဟန်မဆောင်ဘူး။ ကောင်းတယ်ဆရာနော်။

**ဦးခင်ဇော်။** ။ ဟာ ငါဒီလိုလုပ်ခဲ့တယ်ကွာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ဆရာ။ အဲဒီကနေ ဟိုဘက် ကျွန်တော်တို့ ဆက်ကြရအောင် ဆရာ။




**ကြည်စိုးထွန်း။** ။ အဲဒါမှာလည်း ဆရာတို့ ရုပ်ရှင် အစည်းအရုံး ကပဲ ဆုံးဖြတ်ပြီးလုပ်လိုက်တာလား။ နိုင်ငံတော်ပိုင်းက ပါသေးလားဆရာ။

**ဦးခင်ဇော်။** ။ မပါပါဘူး။

မလိုတော့ဘူး သူ့ဟာနဲ့သူဆိုတော့။

**ဦးခင်ဇော်။** ။ အဲဒီတုန်းက စံပြရုပ်ရှင်က ဦးကျင်စိန်။ ဒါတာဝန်ယူပါ။ ပြီးသွားရော။ ကျွန်တော်တို့က အဲဒီလိုလုပ်ခဲ့တယ်။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ ဆရာ ရွှေရတုကို လုပ်ခဲ့ပုံလေး ပြောပါဦး။

**ဦးခင်ဇော်။** ။ အဲ ရွှေရတုကို အဲဒီကြား ဝင်ပြီးတော့ တီးဝိုင်းနဲ့ ဘာနဲ့ ဆိုကြ၊ တီးကြတာတွေလည်း ရှိတယ်ထင်တယ် ဆရာ။ တော်တော်စည်စည်ကားကားပဲ ဆရာ။

**ဦးခင်ဇော်။** ။ ဟုတ်ကဲ့ ရှိပါတယ်။ အဲဒီဟာ ပြောရင်တော့ နည်းနည်းတော့ အစပျိုးလိုက်ဦးမယ် ကျွန်တော်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့က အသံထွက်ကို ကူးတဲ့နေရာမှာ သံစုံသွင်းဆိုတာလေး ကျန်သေးတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်တာပေါ့ ဆရာ။ ကြားခံရှိတယ်။

**ဦးခင်ဇော်။** ။ အဲဒီ သံစုံသွင်းကိုလည်း ကိုဝင်းဦး ရောက်လာပြီးတော့ အဲဒီ သူလုပ်တဲ့ဟာမှန်သမျှကို ရုပ်ရှင်အစည်းအရုံးက တာဝန်မယူပါဘူး။ သူအကုန်ယူသွားတာ၊ တီးဝိုင်းသမားတွေလည်း သူကျွေးသွားတယ်။ အကုန်လုံး သူ့ဟာသူ လုပ်သွားတာ။

**ကြည်စိုးထွန်း။** ။ တော်တာပဲ ဆရာ။ သူလည်း တကယ် အနုပညာစိတ်ရှိတာပဲ။

**ဦးခင်ဇော်။** ။ ကျွန်တော် တို့လည်း အဲဒီလိုပဲ ကိုယ့်ဟာကိုယ် လုပ်တယ်ပေါ့လေ။

**ကြည်စိုးထွန်း။** ။ အင်းလျားကန် ဟိုတယ်မှာ ဆရာတို့။

**ဦးခင်ဇော်။** ။ ဪ အဲဒီဟာလေး ပြောရင်တော့ ရပါတယ်။ ကျွန်တော်တို့ နှစ်ပိုင်းခွဲလုပ်တယ်။


ဦးဖေကြိုင်


ဦးအောင်လွင်


ရွှေဒုံးဘီအောင်




ပေါ့။ စီနီမာစကုပ်ကလည်း ပထမဦးဆုံးကား၊ အဲဒီမှာကျတော့ ပြလည်းပြရော တစ်နေရာလည်းကျရော မင်းဖျက်ပစ်တယ်တဲ့၊ အဲဒါ မဖျက်ဘူး ဆရာလို့။ ဟာ..မင်းဖျက်ပစ်တယ်ကွာတဲ့။ မင်းက ငါ့ကားကို ပျက်စီးအောင် လုပ်တယ်တဲ့။ ဘာမှမဟုတ်ဘူး ဆရာက ဆိုတော့ ကျွန်တော်က မျက်ရည်ကျတယ် တစ်ခါတည်း၊ ဒီလောက်ကြီး လုပ်ပေးခဲ့ ပြီးတော့မှဆိုပြီး ကျွန်တော်ပြန်သွားတယ်၊ တည်းတဲ့အိမ်ရောက်တယ်။ တည်းတဲ့အိမ်




ရောက်တော့ အိပ်ရာတွေ ဘာတွေလိပ်နေပြီ ကျွန်တော်။ ဟော့ကောင် တပည့်လာ လာထိုင်ဆိုပြီးတော့ သူ့ခုတင်ဘေးမှာ ထိုင်ခိုင်းတယ်။ တပည့်က ဆရာ့ရဲ့ ညာဘက်လက်ကွတဲ့။ မင်းသွားလို့ရှိရင် ငါလက်ပြုတ်သွားမှာပေါ့တဲ့။ အလုပ်လုပ်လို့ မရတော့ဘူး မသွားနဲ့တဲ့။

**ကြည်စိုးထွန်း။** ။ ဪ ပြန်တားတယ်။

**ဦးခင်ဇော်။** ။ နောက်ကျတော့ သူ ဘာမှမဟုတ်ဘူး။ ဒါမျိုး ကျွန်တော် နောက်ထပ်ကြုံတယ်။ ကိုအောင်လွင်ကြီးလေ အဲဒီလိုပဲ ကိုအောင်လွင် ဖြစ်

ရုပ်ရှင်အစည်းအရုံးဘက်နဲ့ နောက်တစ်ခါကျတော့ ရွှေရတုဘက်ပေါ့ဆရာ။ နောက် ၁၉၄၅ ခုနှစ်မှာ ငွေရတုကို စက်မှုပြပွဲနဲ့တွဲပြီးတော့ ၁၉၄၇ ခုနှစ်ကျမှ ကျွန်တော်တို့က လုပ်နိုင်တာ။ နောက် ၁၉၇၀ ပြည့်နှစ်ကျတော့ ရုပ်ရှင်ရွှေရတု ရောက်ပြန်ပြီဆရာ။ အဲဒီခေတ်ရောက်တဲ့အခါကျတော့ မင်းသား မင်းသမီးတွေလည်း ကျွန်တော်တို့သိလာပြီပေါ့ ဆရာ။ အသံထွက်လည်းဖြစ်လာပြီ အဲဒီအချိန်မှာ။ မြင်ကွင်းကျယ်တွေလည်း ကြည့်လာရပြီဆိုတော့ အဲဒီအချိန်မှာ ဆရာတို့က ရုပ်ရှင်အစည်းအရုံးမှာလည်း ထဲထဲဝင်ဝင်ဖြစ်ပြီးတော့ ရွှေရတုမှာလည်း ဆရာတို့ကပဲ ဦးစီးပြီးတော့ လုပ်သွားတဲ့အပိုင်းကို ကျွန်တော်မြင်ပါတယ်။ အဲဒီအကြောင်းလေးတွေ ပြောပါဦးဆရာ။

**ဦးခင်ဇော်။** ။ သူကလုပ်မယ် မလုပ်ဘူး၊ လုပ်မယ် မလုပ်ဘူး နဲ့ အတော်ကို တစ်လစ်ကလေးဖြစ်နေတာ၊ အနားနီးတော့မှ ကပ်ပြီးတော့မှ လုပ်မယ်ဆိုပြီးတော့။

**ကြည်စိုးထွန်း။** ။ ဪ နိုင်ငံတော်ပိုင်းက မပါဘူး။ ရုပ်ရှင်လောကသားသက်သက်ပဲ လုပ်ကြတာပေါ့ ဆရာ။

**ဦးခင်ဇော်။** ။ အဲဒီမှာလည်း ကျွန်တော်တို့ချည်းပဲ လုပ်ရတယ်ဆိုပေမယ့်လို့ တော်တော်စည်စည်ကားကား ဖြစ်သွားတယ်။ ကျွန်တော် ဥပမာပြောရရင် ဆရာကြီးဦးညီပုပေါ့။ သူကထုတ်လုပ်မှု အခြေခံအဖွဲ့မှာ သူက ဥက္ကဋ္ဌ။ ကျွန်တော်က အတွင်းရေးမှူး ရုပ်ရှင်အစည်းအရုံးမှာ သူက ဥက္ကဋ္ဌ ကျွန်တော်က အတွင်းရေးမှူး။ အဲဒီလို ဖြစ်နေတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးက ဆရာကြီးဦးညီပုဆိုလို့ရှိရင် သူ့ကို ကျွန်တော် အပင်ပန်းမခံခိုင်းဘူး။ သူလုပ်ရမယ့်ဟာတွေမှန်သမျှ ဘယ်ကလာတယ်။ ဘာလုပ်ပေးပါဆိုရင် ကျွန်တော်စာရေးတယ်။ ကျွန်တော်က ရေးပြီးတော့ အဲဒါထားလိုက်တယ်။ ပြီးတော့ ဟိုကလာတယ်။ လိုက်ရေး ဒီနေ့ ဆရာ ဆရာကြီး ကျွန်တော်တို့ ဘယ်သူလာတယ်။ ဘာညာ အဲဒီအတွက်ကို ကျွန်တော်ဒီစာရေးထားတယ်။ ပြလိုက်တာ ဖတ်ကြည့်တော့။

**ကြည်စိုးထွန်း။** ။ တကယ့် အတွင်းရေးမှူး အစစ်ပဲ ဟုတ်လား။

**ဦးခင်ဇော်။** ။ အဲဒီလိုကို လုပ်တာ။ အဲဒီလိုလုပ်တော့ သူကလည်း ကိုယ့်ကိုတအားခင်တယ်။ ငွေသုံးတဲ့စာရင်း လုံးဝမရှိဘူး။ ဘာဖြစ်လို့ မရှိလဲဆိုတော့ တစ်ခါတည်း ရှင်းသွားတာ။ ကျွန်တော်တို့ ဒီနေ့ဘာပွဲရှိတယ်။ ဦးဟန်သိန်း ရွှေဟင်္သာရုပ်ရှင်က ဦးဟန်သိန်းတာဝန်ယူပါ။ သူ့ပိုက်ဆံစိုက်သွား။

**ကြည်စိုးထွန်း။** ။ ဪ ဒါပြီးရော စာရင်းက ရှင်းစရာ

ထဲကနေ ဖြစ်အောင် လုပ်ပေးခဲ့တယ်။ ဖြစ်အောင်လုပ်တယ်ဆိုတော့ အကုန်လုံးဖိတ်တယ်။ ဖိတ်ပြီးတော့ လာပါ။ ဒါတွေလုပ်ပေးပါ ကျွန်တော်တို့မှာ ရက်က ရက်ပိုင်းလောက်ကလေးရှိတယ် ဆိုပြီးတော့ လုပ်ပေးပါဆိုပြီးတော့ ကျွန်တော်တို့ လွယ်အိတ်တွေမှာ မင်းသား မင်းသမီးပုံတွေရိုက်ပြီး အဲဒီလွယ်အိတ်ရောင်းတယ်။ နောက်ပြီးတော့ ဂျာစီအင်္ကျီတွေ ရိုက်ပြီးတော့ ရောင်းတယ်။ နောက် တံဆိပ်ကလေးတွေ ရောင်းတယ်။ အဲဒီရောင်းတဲ့ဟာတွေကကို မနည်းတော့ဘူး။

**ကြည်စိုးထွန်း။** ။ ရန်ပုံငွေ ရလာပြီပေါ့။

**ဦးခင်ဇော်။** ။ ရန်ပုံငွေ ရတယ်။ နောက်ပြီးတော့ စည်လည်း စည်ကားတယ်။

**ကြည်စိုးထွန်း။** ။ နေဦးဆရာ။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ အသံတိတ်ကားတွေကို ရုပ်ရှင်ရုံမှာပြပြီးတော့ တစ်ခါတည်း ကိုဝင်းဦးတို့ပေါ့နော်။ အဲဒီမှာ အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်။

**ကြည်စိုးထွန်း။** ။ ဪ ဟုတ်ပြီဆရာ အထက် မြန်မာပြည် သွားတာတွေလည်း ကျွန်တော်တို့ ဓာတ်ပုံတွေ တွေ့ဖူးတယ်ဆရာ။

**ဦးခင်ဇော်။** ။ အဲဒီမှာ ဆရာ ဦးသုခ၊ ဆရာ ဦးမောင်မောင်အေး၊ ဒေါ်ခင်မေလေး၊ ဒေါ်တင်တင်နွဲ့၊ ကိုစိုးရွှေ။

**ကြည်စိုးထွန်း။** ။ ဟိုမှာက ဒေါ်မေရှင် ရှိတယ်။

**ဦးခင်ဇော်။** ။ ဒေါ်မေရှင် ရှိတယ်။ ဒေါ်သိန်းရင်တို့ ဘာတို့ ရှိတယ်။ ဆရာဦးဘရှင်ကြီးရှိတယ်။

**ကြည်စိုးထွန်း။** ။ ဪ ဦးဘရှင်ကြီး ဟုတ်ကဲ့ဆရာ။

**ဦးခင်ဇော်။** ။ အဲဒီတော့ သူတို့နဲ့ ဟိုမှာ လုပ်တယ်။ ဘယ်မှာ လုပ်သလဲဆိုတော့ ဝင်းလိုက်ရုံမယ်။

(ဆက်လက်ဖော်ပြပါမည်)

# (၈)ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးမတိုင်မီ ကျင်းပမည့် ဆွေးနွေးပွဲများအတွက် နှစ်ဖက်ဆွေးနွေးညှိနှိုင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

(၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement–NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAO)၏ နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။

**ဆွေးနွေးညှိနှိုင်းရန်**

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သည့် (၈)ကြိမ်မြောက် JICM အစည်းအဝေး တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များဆက်လက်အကောင်အထည်ဖော်ရန် နှစ်ဖက်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့များသည် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်များတွင် ရန်ကုန်မြို့ NRPC ၌ တွေ့ဆုံခဲ့ကြကြောင်း၊ အဆိုပါအစည်းအဝေး တွင် NCA အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်ကိစ္စ၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုကိစ္စ၊ ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစဉ် အဆိုပြုချက်ကိစ္စများအား ပြန်လည်ဆွေးနွေးညှိနှိုင်းရန် သဘောတူ ခဲ့ကြသည့်အတွက် မိမိတို့နှစ်ဖက်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ ယနေ့တွင် တွေ့ဆုံကြခြင်း ဖြစ်ကြောင်း။

နှစ်ဖက်အလုပ်အဖွဲ့များအနေဖြင့် ယခင် အဆိုပြုချက်များကို ပြန်လည် သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့်ရလဒ်များ၊ သဘောတူညီမှုများကို ယနေ့ အစည်း အဝေးတွင် ညှိနှိုင်းနိုင်ကြမည်ဟုမျှော်လင့်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများ ကျင်းပပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များ နှင့်အညီ တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသလို NCA ကတိကဝတ်ပါ မျှော်မှန်းချက်များအပြင် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များတွင် မည်ကဲ့သို့ သဘောတူညီချက်များ ချမှတ်မည်ဆိုသည်ကိုလည်း အကျေအလည် ဆွေးနွေး ညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးအခြေခံမူများ ရယူနိုင်ရန် ဆွေးနွေး ညှိနှိုင်းကြရမည်ဖြစ်သလို တစ်ဖက်တွင်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးမှ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးအထိ ဆွေးနွေးညှိနှိုင်း သွားရန်၊ ယုံကြည်မှုနှင့် တည်ငြိမ်ကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ဖန်တီး တည်ဆောက်သွားကြရန်လိုအပ်ပါကြောင်း။

**ဆွေးနွေးခဲ့ကြပြီးဖြစ်**

NCA အခန်း(၃)၊ (၄)၊ (၆)ပါ ဆွေးနွေးမည့် အကြောင်းအရာခေါင်းစဉ်များ ကိုလည်း ယမန်နေ့ကကျင်းပသည့် အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နှစ်ဖက်ညှိနှိုင်းအစည်းအဝေး တွင် အစိုးရဘက်က အဆိုပြုထားပြီး မည်ကဲ့သို့ စုဖွဲ့ ဆွေးနွေးကြမည်ဆိုသည် ကိုလည်း ဆွေးနွေးခဲ့ကြပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် (၂၁) ရာစု ပင်လုံညီလာခံ တွင် ရလဒ်ကောင်းများရရှိရန်အတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ (၈)ကြိမ်မြောက် JICM အစည်းအဝေးတွင် ဆုံးဖြတ်ထားသည့်အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးကို ၂၀၂၀ အစောပိုင်း လေးလတာကာလအတွင်း ကျင်းပနိုင်ရန် အတွက် ညီလာခံလုပ်ငန်းစဉ်များကို အမြန်ဆုံး စတင် လုပ်ဆောင်ရန်လိုပါကြောင်း၊ ညီလာခံမတိုင်မီ ကျင်းပရမည့် နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲများ၊ ကျင်းပမည့် အချိန် ဇယား(Timeline)များကို မိမိတို့အကြား ညှိနှိုင်းသဘောတူထားရန်လည်း လိုအပ် ပါကြောင်း၊ JICM အစည်းအဝေးအပြီး နှစ်လအတွင်းမှာ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ JMC အစည်းအဝေးများ ခေါ်ယူကျင်းပရန် JICM က သဘောတူထားပြီး ဖြစ်ကြောင်း။

ယမန်နေ့က ကျင်းပခဲ့သည့် အစည်းအဝေးတွင် JMC အစည်းအဝေး ကျင်းပမည့်ရက်ကို အဆိုပြုညှိနှိုင်းခဲ့ကြပြီး သတ်မှတ်အဆိုပြုနိုင်မည့် အနေ အထားဖြစ်ပါကြောင်း၊ UPDJC အစည်းအဝေး ကျင်းပသည့်အခါ အထူးသဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ပြန်လည်ပြင်ဆင် အတည်ပြုရန်ရှိပါ ကြောင်း၊ ထို့ကြောင့် (၂၁)ရာစုပင်လုံညီလာခံကျင်းပနိုင်ရေးအတွက် ယနေ့ အစည်းအဝေးတွင် UPDJC အစည်းအဝေးအပါအဝင် ညီလာခံမတိုင်မီ ကျင်းပ ရမည့် ဆွေးနွေးပွဲများအတွက် အချိန်ဇယားကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းပေးကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ဇန်နဝါရီ ၈ ရက်က ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် JICM အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြစ်သည့် နှစ်လအတွင်း UPDJC နှင့် JMC အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပသည့် အစိုးရနှင့် အပစ်အခတ်ရပ်စဲမှုခိုင်မာရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCA–S EAO)တို့၏ ညှိနှိုင်းအစည်းအဝေးတွင် JMC အစည်းအဝေးများကို မတ်လ ၁၀၊ ၁၁ နှင့် ၁၂ ရက် များတွင် ပြန်စနိုင်ရန်အတွက် အစိုးရကိုယ်စားလှယ်များဘက်မှ အဆိုပြုထားပြီး ဖြစ်သည်။



(၈)ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**ဝမ်းမြောက်ဂုဏ်ယူ**

NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက "မနေ့ကကျင်းပခဲ့တဲ့ နှစ်ဖက်အပစ်အခတ်ရပ်စဲမှုခိုင်မာရေး ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တွေရဲ့ ညှိနှိုင်းအစည်းအဝေးမှာ ကောင်းမွန်တဲ့ရလဒ်တွေ ဆောင်ကြဉ်းပေးနိုင်ခဲ့တယ်လို့ ကြားသိရပါတယ်။ ဒီလိုရလဒ်ကောင်းတွေ ရရှိ ခဲ့တာဟာ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေရဲ့ ကြိုးပမ်းအားထုတ်မှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် အလေးထားမှုတွေကို ထင်ဟပ်စေခဲ့ပါတယ်။ ဒီရလဒ်ကောင်း တွေအတွက် NCA–S EAO ကိုယ်စား မိမိအနေနဲ့ ချီးကျူးဂုဏ်ပြုပါတယ်။ ဝမ်းမြောက်ဂုဏ်ယူပါတယ်" ဟု နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

NCA–S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၏ နှုတ်ခွန်းဆက် အမှာ စကားတွင် အစိုးရညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ပြီးခဲ့သည့်ပထမအကြိမ် တရားဝင်တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်ဖက်ဆွေးနွေးတင်ပြချက်များ၊ အဆို ပြုချက်များအပေါ် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များက ပြန်လည်ယူဆောင်လာသည့် အဆိုပြုချက်များကို ယခုအစည်းအဝေးတွင် အသေးစိတ် အပြန်အလှန်ဆွေးနွေး၍ ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် JICM အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း အချိန် ဇယား (Timeline)နှင့် ပတ်သက်၍ အစည်းအဝေးကျင်းပရေးဆိုင်ရာ အစီအစဉ် များကို နှစ်ဖက်ညှိနှိုင်းသွားရန်ရှိပါကြောင်း၊ UPDJC အစည်းအဝေး၊ UPDJC အတွင်းရေးမှူး အစည်းအဝေး၊ လုပ်ငန်းကော်မတီအစည်းအဝေး ၊ အမျိုးသား အဆင့်နိုင်ငံရေးဆွေးနွေးပွဲ၊ JICM အစည်းအဝေးများကို ဆင့်ကဲကျင်းပ သွားရ မည်ဖြစ်သောကြောင့် အဆိုပါအစည်းအဝေးများအတွက် ပြင်ဆင်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။

**ထည့်သွင်းဆွေးနွေးသွားရန်ရှိ**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေး အစည်းအဝေးကျင်းပ သည့်အခါတွင် NCA စာချုပ် လက်မှတ်မရေးထိုးနိုင်သေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ညီနောင် EAO များ ပါဝင် တက်ရောက်နိုင်ရေးကိုလည်း နှစ်ရက်တာ အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးသွားရန်ရှိပါကြောင်း၊ ထို့အပြင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် Public Consultation ကျင်းပ နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်ရန် ယခု အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယခုညှိနှိုင်းအစည်း အဝေးသည် ဒုတိယအကြိမ်မြောက် အစည်းအဝေးဖြစ်သလို ယုံကြည်မှု တည်ဆောက်ခြင်းကို ပိုမိုခိုင်မာလာအောင် နှစ်ဦးနှစ်ဖက်က ကြိုးပမ်းဆောင်ရွက် နေသည့် အခိုက်အတန့်ဖြစ်သောကြောင့် နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းရန် အဆင်သင့်မဖြစ်သေးသည့် အချို့အကြောင်းအရာများကို ယခုအစည်းအဝေးတွင် ယာယီ ချန်လှပ်ထားရန် လိုအပ်သည်ဟု မြင်ပါကြောင်း၊ မိမိတို့ အားလုံးသည် ကိုယ့်တစ်ဦး၊ ကိုယ့်တစ်ဖွဲ့တည်း၏ ကောင်းကျိုးကိုသာ ဆောင်ရွက်နေခြင်း မဟုတ်ဘဲ အားလုံးနှင့်သက်ဆိုင်သည့် ပြည်ထောင်စုကောင်းကျိုးအတွက် ဦးတည် ဆောင်ရွက်နေခြင်းဖြစ်သည်ကို နှလုံးသွင်း လက်ကိုင်ထားရမည်ဖြစ်ကြောင်း။

**စုပေါင်းအားနဲ့ရယူ**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့လာသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ သဝဏ်လွှာတွင် "ငြိမ်းချမ်းရေးကို အစိုးရရဲ့ အဓိကဦးစားပေးလုပ်ငန်းကြီးတစ်ရပ်အဖြစ် သတ်မှတ်လို့ မဖြစ်မနေ အောင်မြင် အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်" ဟု မိန့်ကြားခဲ့သလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ပြည်ထောင်စုနေ့ အခမ်းအနား မိန့်ခွန်းတွင်လည်း " နိုင်ငံအတွက် အသက်တမျှ အရေးတကြီး လိုအပ်နေတဲ့ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးကို စုပေါင်းအားနဲ့ ရယူသွား ကြဖို့" မြွက်ကြားထားခဲ့ပါကြောင်း၊ လွယ်တိုင်းလျှံနှင့်တွင် ကျင်းပသည့် (၇၃)နှစ်မြောက် ရှမ်းအမျိုးသားနေ့ အခမ်းအနားသို့ပေးပို့သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ သဝဏ်လွှာတွင် "တိုင်းရင်းသားများအနေဖြင့် မိမိတို့လိုလားချက်များကို နိုင်ငံရေးဆွေးနွေး ပွဲများတွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းပြီး အဖြေရှာနိုင်ရန် ငြိမ်းချမ်းရေး တံခါးကို ဖွင့်ထားပြီးဖြစ်ပါသည်" ဟု ညွှန်းဆိုထားကြောင်း။

ညွှန်းဆိုထားသည့်အတိုင်း မိမိတို့နှစ်ဖက်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့များ အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုး၊ ပြည်ထောင်စုအကျိုးနှင့် အားလုံးအကျိုးတို့ကို မျှော်ကိုးပြီး ခွဲ၊ လုံ့လ၊ ဝီရိယ၊ သတိ၊ ပညာနှင့် ဝိုင်းဝန်း ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက အားလုံးလိုလား တောင့်တသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ် ပြည်ထောင်စုတို့ကို မုချရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ)ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက် ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှု ဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ် ကလူစေး၊ စောကျော်ညွှန့်၊ နိုင်အောင် မငေး၊ ခွန်မြင့်ထွန်း၊ ဒေါက်တာစိုင်းဦးတို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပန်းတနော်မြို့၌ စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေ

**ပန်းတနော် ဖေဖော်ဝါရီ ၁၇**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံရာသီဥတု ပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်း၍ လျှပ်စစ်မီးမရသည့် ကျေးလက်ဒေသများသို့ ထောက်ပံ့လှူဒါန်းသည့် စွမ်းအားမြှင့် မီးဖိုများ အခမဲ့ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မင်းဆယ် ကျေးရွာ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲမင်းအောင်၊ ပန်းတနော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးသိန်းဌေးတို့က ထောက်ပံ့ပေးအပ် ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဂန်ထမ်းများ နှင့်အတူ ကျေးရွာအုပ်စု ၂၀ အတွက် စွမ်းအားမြှင့်မီးဖို ၁၃၅၀၀ ကို ကျေးလက်နေပြည်သူများထံ အခမဲ့ ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**

# နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု မိုဒီ ပြောကြား

**ဗာရာဏသီ ဖေဖော်ဝါရီ ၁၇**

အိန္ဒိယအစိုးရအနေဖြင့် ၎င်း၏ ရပ်တည်ချက်ဖြစ်သည့် ဥပဒေအပိုဒ်ခွဲ အမှတ် ၃၇၀ ပယ်ဖျက်ရေးနှင့် နိုင်ငံသားဖြစ်ခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဗာရာဏသီမြို့အနီး ချန်ဒါလီတွင် မိန့်ခွန်းပြောကြားရာ၌ ဝန်ကြီးချုပ်နရန်ဒရာမိုဒီက ပြောကြားသည်။

မိုဒီက ပြောကြားရာတွင် ယခုကဲ့သို့ ဥပဒေအပိုဒ်ခွဲ အမှတ် ၃၇၀ ပယ်ဖျက်ရေးနှင့် နိုင်ငံသားဖြစ်ခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် ဆုံးဖြတ်ချက်ချနိုင်ရန် အိန္ဒိယအနေဖြင့် နှစ်ပေါင်းအတန်ကြာအချိန်ယူခဲ့ရကြောင်း၊ ယခုအရေးများအတွက် ကမ္ဘာတစ်ဝန်းမှ ဖိအားပေးမှုများရှိသော်လည်း နိုင်ငံအကျိုးအတွက် မိမိတို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဥတ္တရပရာဒေ့ရှ်ပြည်နယ် အယုဒ္ဓယခရိုင်တွင် ကြီးကျယ်ခမ်းနားသော ရမ်ဘုရားကျောင်းတည်ဆောက်ရန်အတွက် ယုံကြည်မှုတည်ဆောက်ပြီးဖြစ်ပြီး လုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်နိုင်မည်ဟု မိုဒီက ပြောကြားသည်။ ထို့အတူ ဗာရာဏသီတွင် စီမံကိန်းလုပ်ငန်း ၅၀ အား ဆောင်ရွက်ရန်အုတ်မြစ်ချပြီးဖြစ်သည်။



အိန္ဒိယနိုင်ငံ၏ ပထမဆုံး ဗာရာဏသီ၊ အူဂျာအင်နှင့် အွန်ကာရက်ရှ်ဝါမြို့သုံးမြို့ကို ချိတ်ဆက်ပြေးဆွဲမည့် ပုဂ္ဂလိက ညရထားကိုလည်း မိုဒီက တနင်္ဂနွေနေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ၆၃ ပေအမြင့်ရှိသော ပန်ဒစ်ဒင်းဒါရယ်အူပါဒါရဟာရုပ်တုအား အထိမ်းအမှတ်စင်တာနှင့်အတူ ပူးတွဲဖွင့်လှစ်ခဲ့သည်။ ခုတင် ၄၃၀ ဆံ့ဆေးရုံကိုလည်း ဖွင့်လှစ်ခဲ့သည်။

နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ပါလီမန်က ခွင့်ပြုခဲ့သည့် အချိန်မှစပြီး ရှာဟင်းဘတ်ခေါ် အမျိုးသမီးများ၏ ဆန္ဒပြပွဲများ၊ မွတ်စလင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးမှုများပေါ်ပေါက်ခဲ့သည်။ ၎င်းအား ထောက်ခံသူများ၏ သံသယကိုဖယ်ရှားနိုင်ရန်အတွက် မိုဒီက အိန္ဒိယအစိုးရအနေဖြင့် ၎င်း၏ ရပ်တည်ချက်ဖြစ်သည့် ဥပဒေအပိုဒ်ခွဲ အမှတ် ၃၇၀ ပယ်ဖျက်ရေးနှင့် နိုင်ငံသားဖြစ်ခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**ကိုးကား -အိုင်ပီအိန္ဒိယ၊ ဘာသာပြန်-စိုးသူရ**

# ဖိအားပေးမှုအောက်တွင် အမေရိကန်နှင့် စေ့စပ်ညှိနှိုင်းမည်မဟုတ်ဟု ရိုဟာနီ ပြော

**တီဟီရန် ဖေဖော်ဝါရီ ၁၇**

အစွမ်းကုန် ဖိအားပေးခံရသည့်ကြားက အမေရိကန်ပြည်ထောင်စုနှင့် မည်သည့်အခါမျှ စေ့စပ်ညှိနှိုင်းမည်မဟုတ်ဟု အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ပြောကြားလိုက်သည်။

"အီရန်နိုင်ငံက အားနည်းတဲ့အနေအထားနဲ့ ဘယ်တော့မှ စေ့စပ်ညှိနှိုင်းမှာမဟုတ်ပါဘူး။ မျှမျှတတရှိမှသာ စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းကို လာရောက်ဖို့ ကျွန်တော်တို့ပြုလုပ်မှာဖြစ်ပါတယ်" ဟု သမ္မတ ရိုဟာနီက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။ အရေးယူမှုများက အီရန်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းကို အကျိုးသက်ရောက်စေသော်လည်း အီရန်ပြည်သူများက ဖိအားပေးမှုများကို ကျော်ဖြတ်နိုင်ခဲ့ကြကြောင်း ၎င်းက ပြောသည်။ ပူးတွဲဘက်စုံပါဝင်သော လုပ်ငန်းဆောင်ရွက်ချက် (JCPOA) ဟုခေါ်ဆိုသည့် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက်သို့ ပြန်လည်ဝင်ရောက်ရန်နှင့် အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူမှုများဖယ်ရှားရန် သမ္မတ ရိုဟာနီက အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းခဲ့သည်။

"ဒါတွေဖြစ်လာရင် ပူးတွဲဘက်စုံပါဝင်သော လုပ်ငန်းဆောင်ရွက်ချက် (JCPOA) မူဘောင်အတွင်းကနေ အမေရိကန်ပြည်ထောင်စုနဲ့ ဆွေးနွေးမှုတွေပြုလုပ်ဖို့ ကျွန်တော်တို့ အဆင်သင့်ပါပဲ" ဟု ၎င်းက ပြောသည်။ ၂၀၁၈ ခုနှစ် မေလတွင် အီရန်နျူကလီးယားသဘောတူညီချက်မှ တစ်ဖက်သတ်နုတ်ထွက်ပြီးနောက်ပိုင်း အမေရိကန်နိုင်ငံက အီရန်အပေါ် အရေးယူမှုများ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ကြိုးပမ်းမှုအား အပြည့်အဝယုံကြည်မှုရှိဟု ကုလအတွင်းရေးမှူးချုပ် ပြောကြား

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၇**

တရုတ်နိုင်ငံ၌ လတ်တလောဆောင်ရွက်နေသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးကြိုးပမ်းနေမှုအပေါ် ယုံကြည်မှုအပြည့်အဝရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ်၌ ကျင်းပခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲအပြီး၌ သတင်းဌာနများနှင့် တွေ့ဆုံမေးမြန်းမှုအား ဖြေကြားရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးပျံ့နှံ့ကူးစက်မှုဖြစ်ပွားရာဒေသတွင် တရုတ်နိုင်ငံ၏ လုပ်ဆောင်ချက်များသည် အလွန်ကြီးမားသည့် အားထုတ်မှုဖြစ်သကဲ့သို့ ရောဂါပိုးကူးစက်ပြန့်ပွားမှုလျော့ကျရေးအတွက် အရေးပါသည့် အားထုတ်မှုများဖြစ်ခြင်းကြောင့် ယင်းကြိုးပမ်းလုပ်ဆောင်မှုများအပေါ် မိမိအနေဖြင့် အပြည့်အဝယုံကြည်မှုရှိကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှားမိုမာမက်ကွာရီရှီနှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ကုလသမဂ္ဂအကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်သည် ၎င်းရာထူး၌ စတင်တာဝန်ယူခဲ့သည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်းတွင် ပါကစ္စတန်နိုင်ငံသို့ ပထမဆုံးအကြိမ် လေးရက်ကြာတရားဝင်ခရီး လာရောက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ၎င်း၏ပါကစ္စတန်နိုင်ငံခရီးစဉ်အတွင်း၌ အာဖဂန်နစ္စတန်ဒုက္ခသည်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ခုသို့လည်း တက်ရောက်မည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# တရုတ်နိုင်ငံရှိ ဂျပန်မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ လုပ်ငန်းများ ပြန်လည်စတင်

**တိုကျို ဖေဖော်ဝါရီ ၁၇**

ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများသည် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ရပ်ဆိုင်းခဲ့ရပြီးနောက် တရုတ်နိုင်ငံရှိ ၎င်းတို့၏ စက်ရုံအချို့တွင် မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းများကို ယနေ့ ပြန်လည်စတင်လိုက်ပြီဖြစ်သည်။


သို့ရာတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါပျံ့နှံ့မှုများကြောင့် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများကို အပြည့်အဝ ပြန်လည်လုပ်ဆောင်နိုင်ရန် အချိန်ကာလတစ်ခု စောင့်ရဖွယ်ရှိသည်။

တိုယိုတာ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ကွမ်ကျိုးနှင့် ချန်ချွမ်းတို့ရှိ ၎င်းတို့၏ စက်ရုံများ၌ လုပ်ငန်းလည်ပတ်မှုများကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်စတင်ခဲ့သည်။ ယခုလုပ်ငန်းစတင်ခြင်းသည် စီစဉ်ထားသည်ထက် သီတင်းပတ်နှစ်ပတ်ခန့် နောက်ကျပြီးမှ စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

အလုပ်သမားများသည်လည်း ကွမ်ကျိုးစက်ရုံလုပ်ငန်းခွင်သို့ မဝင်ရောက်မီ ၎င်းတို့၏ ကိုယ်အပူချိန်များကို စစ်ဆေးခံခဲ့ရပြီး ၎င်းတို့၏ ကားများကိုလည်း ပိုးသတ်ဆေးဖျန်းခဲ့ရသည်။ တီယန်ကျင်းရှိ တိုယိုတာ မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံကမူ ဖေဖော်ဝါရီ ၁၈ ရက်တွင် ၎င်းတို့၏ မော်တော်ယာဉ်ထုတ်လုပ်မှုများကို ပြန်လည်စတင်မည်ဖြစ်သည်။ သို့ရာတွင် တိုယိုတာကုမ္ပဏီ၏ ချန်ဒူးစက်ရုံ၌ ဖေဖော်ဝါရီ ၂၄ ရက်တိုင်အောင် လုပ်ငန်းလည်ပတ်မှုများကို ပြန်လည်စတင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

တိုယိုတာကုမ္ပဏီသည် ချန်ဒူးရှိ စက်ရုံကို ဖေဖော်ဝါရီ ၄ ရက်တွင် ပြန်လည်စတင်ရန် စီစဉ်ခဲ့သည်။ သို့ရာတွင် ယင်းစက်ရုံလည်ပတ်မည့်ရက်ကို နှစ်ကြိမ်တိုင်တိုင်ရွှေ့ဆိုင်းခဲ့ရသည်။ ဟွန်ဒါ၊ မက်ဇ်ဒါနှင့် နစ်ဆန်းကုမ္ပဏီများသည်လည်း တရုတ်နိုင်ငံရှိ မော်တော်ယာဉ် ထုတ်လုပ်ခြင်းများကို ဖေဖော်ဝါရီ ၁၇ ရက်တွင် အသီးသီး စတင်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# ဆီးရီးယားနှင့် လစ်ဗျားအရေး ထရမ့်နှင့် အာဒိုဂန်တို့ ဖုန်းဖြင့်ဆွေးနွေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တူရကီသမ္မတ ရီစက်တေယက်အာဒိုဂန်နှင့် ဆီးရီးယား၊ လစ်ဗျားအရေးများ ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ဆွေးနွေးမှုများအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆီးရီးယားနိုင်ငံရှိ သူပုန်အဖွဲ့ထိန်းချုပ်ထားသော နောက်ဆုံးခြေကုပ်စခန်းဖြစ်သည့် အီဒလစ်ပြည်နယ်၌ ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများအပေါ် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဆီးရီးယားပဋိပက္ခကို နိုင်ငံရေးနည်းလမ်းတစ်ရပ်ဖြင့် ဖြေရှင်းရန် တောင်းဆိုခဲ့သည်ဟု အိမ်ဖြူတော် ထုတ်ပြန်ချက်တစ်ရပ်က ဖော်ပြခဲ့သည်။ စောနိုင်သမ္မစောကာ အီဒလစ်ပြည်နယ်ရှိ အကျပ်အတည်းကို အဆုံးသတ်ရန် ဒေါ်နယ်ထရမ့်နှင့် အာဒိုဂန်တို့က အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဖေဖော်ဝါရီ ၁၄ ရက်က တူရကီတို့၏ ထိုးစစ်ဆင်မှုတစ်ခုအတွင်း ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင် ၆၃ ဦး သေဆုံးခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

သူပုန်များအပေါ် ပမာဏကြီးမားသော ထိုးစစ်ဆင်နွှဲနေသည့် ဆီးရီးယားအစိုးရတပ်ဖွဲ့က တူရကီတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ နှစ်ဖက်စလုံးတွင် ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အီဒလစ်ပြည်နယ်၌ တင်းမာမှုများ မြင့်တက်လာခဲ့သည်။

အလားတူ လစ်ဗျားအရေးနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများ၏ စဉ်ဆက်မပြတ် ဝင်ရောက်စွက်ဖက်မှုက စစ်ဘေးသင့် လစ်ဗျားနိုင်ငံ၌ အခြေအနေကို ပိုမိုဆိုးရွားစေမည်ဟု ဒေါ်နယ်ထရမ့်က ထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် တိုကျိုမာရသွန်ပြိုင်ပွဲကို ပယ်ဖျက်

**တိုကျို ဖေဖော်ဝါရီ ၁၇**

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများအပေါ် စိုးရိမ်ပူပန်မှုကြောင့် တိုကျိုမာရသွန် အပျော်တမ်းပြိုင်ပွဲကို ပယ်ဖျက်လိုက်ကြောင်း ပွဲစီစဉ်သူများက တနင်္လာနေ့က ပြောကြားသည်။ ပြိုင်ပွဲပယ်ဖျက်မှုကြောင့် အပြေးသမား ၃၈၀၀၀ ခန့်ကို ထိခိုက်စေခဲ့သည်။

တိုကျိုမြို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာများရှိသည်ဟု အတည်ပြုပြီးနောက်ပိုင်းတွင် ပြိုင်ပွဲကျင်းပရန် အခက်အခဲရှိသည်ဟု ဝမ်းနည်းဖွယ်ရာကောက်ချက်ချခဲ့ရကြောင်း တိုကျိုမာရသွန် ဖောင်ဒေးရှင်းက ကြေညာချက်တွင် ဖော်ပြသည်။ သို့သော်လည်း ယင်းဆုံးဖြတ်ချက်သည် ဘီးတပ်ကုလားထိုင်ဖြင့် အပြေးပြိုင်ပွဲဝင်သူများအပါအဝင် elite အပြေးသမားများကို ထိခိုက်စေမည်မဟုတ်ကြောင်း၊ ယင်းအပြေးသမားများသည် မတ် ၁ ရက် အပြေးပြိုင်ပွဲအတွက် စာရင်းပေးသွင်းထားသည့် သောင်းချီရှိသည့် အပြေးသမားများအနက်မှ ၂၀၀ ခန့်သာရှိကြောင်း ပွဲစီစဉ်သူများက ပြောကြားသည်။

ဂျပန်အစိုးရတာဝန်ရှိသူများက နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုသည် အဆင့်တစ်ခုသို့ ဝင်ရောက်ခဲ့ပြီဟု သတိပေးခဲ့ပြီးနောက် ယင်းသို့ ပြိုင်ပွဲပယ်ဖျက်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့် ဂျပန်ဧကရာဇ် နာရူဟီတို၏ မွေးနေ့ပွဲအတွက် လူထုစုဝေးပွဲကိုလည်း ပယ်ဖျက်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ချမ်းကိုလွင်(ခ) ဖိုးချမ်း မောင်းနှင်ပြီး မနေနွယ်ဦးနှင့် အောင်မင်းစိုး(ခ)လူသစ်တို့ လိုက်ပါလာသည့် ယာဉ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၁ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**တာချီလိတ်၊ မဘိမ်း**
အလားတူ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ပိတောက်(၉) လမ်းတွင် လမ်းလျှောက်လာသူ လီထူအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့မွန်းလွဲပိုင်းက မဘိမ်းမြို့နယ် မိုးမိတ် - မဘိမ်းသွားကားလမ်း မြစ်ဆုံကူးတို့ဆိပ်အနီးတွင် နေမျိုးဦး(ခ)အားတက် မောင်းနှင်ပြီး ထိုက်ကြည်(ခ)ထိုက်ကျီ၊ ချုံဟွေ့(ခ)အားတီတို့လိုက်ပါလာသည့် ယာဉ်ကိုရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၂၂၉၁ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀၀၀၊ ဘိန်းဖြူ ၃ ဒသမ ၃ ကီလို၊ ဘိန်းစိမ်း ရှစ်ကီလို၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။


ထိုက်ကြည်(ခ)ထိုက်ကျီ၊ နေမျိုးဦး(ခ)အားတက်၊ ချုံဟွေ့(ခ)အားတီတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

**ရဲပြန်ကြား**

**အင်းတော်**
အင်းတော်မြို့နယ် နန့်ခင်ကျေးရွာတွင် ဖေဖော်ဝါရီ ၁၆ရက်နံနက်၉နာရီခန့်တွင် ဒုရဲအုပ်မင်းအောင်နှင့်အဖွဲ့သည် သတင်းအရ မြင့်ထူး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အားသွင်းဓာတ်မီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် မြင့်ထူးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**

**မိုးညှင်း**
အလားတူ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် အထူးမူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ်နေလင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် သတင်းအရ မော်ဟန်-နမ္မချီမော်သွားလမ်း နန့်ပင့်လမ်းခွဲ နတ်စင်ကုန်းအနီး စောင့်ဆိုင်းနေစဉ် နမ္မချီမော်မှ မော်ဟန်ကျေးရွာသို့ ဒေါ်ဝေမာနွယ် ဘူတာစုရပ်ကွက် မိုးညှင်းမြို့နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဒေါ်ဝေမာနွယ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် မိုးညှင်းမြို့မှရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝဇ၃**

**ရွှေဘို**
အလားတူ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် ရွှေဘိုမြို့မရဲစခန်းမှ ဒုရဲအုပ် သိန်းနိုင်ဝင်း ခေါင်းဆောင်သောနယ်ထိန်းတပ်ဖွဲ့ဝင်များသည် လုံခြုံရေး လှည့်ကင်းဆောင်ရွက်နေစဉ် ရွှေဘိုမြို့ အမှတ်(၄) ရပ်ကွက် လက်ဝဲသုန္ဒရလမ်းပေါ်တွင် ချီပါစုရပ် အမှတ်(၇) ရပ်ကွက် ရွှေဘိုမြို့နေသူ ရှိုင်းမြတ်စိုး(ခ)ငကြီးကို စစ်ဆေးရာ စိတ်ကြွဆေးပြား ၄၄ ပြားနှင့် ငွေစက္ကူရောရာ ၄၅၀၀၀၊ ဖုန်းတစ်လုံးတို့ကိုတွေ့ရှိသိမ်းဆည်းရမိသည်။ ဆက်လက်၍ လက်ဝဲသုန္ဒရလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာသော ဝက်လက်ရွှဲရပ် အမှတ်(၇)ရပ်ကွက် ရွှေဘိုမြို့နေ လင်းလင်းထွန်း(ခ)မေ့းကြီးထံမှ စိတ်ကြွဆေးပြား ၁၀၄ ပြား၊ ဂက်စ်မီးခြစ်တစ်လုံး၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်နှင့်ပတ်သက်၍ ရှိုင်းမြတ်စိုး(ခ)ငကြီးနှင့် လင်းလင်းထွန်း(ခ)မေ့းကြီးတို့နှစ်ဦးကို ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

---

## ရေးမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ မီးလောင်မှုဖြစ်

**ရေး ဖေဖော်ဝါရီ ၁၇**
မွန်ပြည်နယ် ရေးမြို့နယ် ကျားတန်းရပ်ကွက်နေ ဒေါ်ချို၏နေအိမ်၌ ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ထင်းမီးဖို မီးကြွင်းမီးကျန်များမှ စတင်လောင်ကျွမ်းခဲ့ပြီး နေအိမ်နှစ်လုံးမီးလောင်ဆုံးရှုံးခဲ့ရာ ဒေါ်ချိုအား ရေးမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဖြိုး(ပြန်/ဆက်)**

**အထက်မင်းလှ**
မကွေးတိုင်းဒေသကြီး မင်းလှမြို့ အမှတ်(၁)ရပ်ကွက် ဘုရားခြောက်ဆူလမ်းနှင့် (၆)လမ်းထောင့်ရှိ ဇင်မင်းကို၏နေအိမ်၌ ယနေ့ နံနက် ၈ နာရီ ၃၂ မိနစ်ခန့်က ထင်းမီးဖိုဖြင့် ထမင်းချက်ရာမှ နေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့သည်။
ဖြစ်စဉ်နှင့်ပတ်သက်၍ ဇင်မင်းကိုအား မင်းလှမြို့မစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

---

## မတ္တရာမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေ

**မတ္တရာ ဖေဖော်ဝါရီ ၁၇**
မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်လမ်းတွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
ဖြစ်စဉ်မှာ မန္တလေးမှ ဝေလင်းဦး မောင်းနှင်ပြီး တင်တင်ကြူ၊ သဲသဲဦးနှင့် ဦးဇော်တို့လိုက်ပါလာသော ယာဉ်နှင့် မန္တလေးသို့ ကြည်အောင်မောင်းနှင်ပြီး ငါန်းဇွန် မြို့နယ် ကန်သာရွာကျောင်းတိုက်မှ ဉူးဉာဏ်တိသရ၊ ဦးသောဘာသ၊ ဉူးသူရဒီပနှင့် ဦးပေါလှိုင်တို့ လိုက်ပါလာသောယာဉ်တို့သည် မန္တလေး-မိုးကုတ် ကားလမ်း မိုင်တိုင်အမှတ်(၂၀/၂)နှင့် (၂၀/၃)ကြား အရောက် တွင် တိုက်မိပြီး လမ်းဘေးသို့ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါလာသူ တင်တင်ကြူနှင့် သဲသဲဦးတို့မှာ ဒဏ်ရာများရရှိခဲ့ပြီး ဦးဇော် တံငါတောင်ကျေးရွာ မတ္တရာမြို့နယ်နေသူမှာ ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့သည်။
ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းများအား မတ္တရာမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**


ဖေဖော်ဝါရီ ၁၂ ရက်က တောင်သာမြို့နယ် ဒဟတ်တန်းကျေးရွာ မူလတန်းကျောင်းတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဝဲလောင်ရဲကင်းစခန်းမှူး ရဲအုပ်စိုးမင်းထွန်းက သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောစဉ်။ မော်ကြီး

---

## မန္တလေး၌ ကြက်တိုက်လောင်းကစားပြုလုပ်သူများအား အရေးယူ

**မန္တလေး ဖေဖော်ဝါရီ ၁၇**
မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၌ ဖေဖော်ဝါရီ ၁၆ ရက်က ကြက်တိုက်လောင်းကစားပြုလုပ်သူများအား ရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**အမှုဖွင့်စစ်ဆေး**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီက စက်မှုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မန္တလေးခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (ဓ)ရပ်ကွက် ၅၄x၅၅ လမ်းကြား မင်္ဂလာလမ်းနှင့် စံပြလမ်းကြားရှိ ခြံဝင်းအတွင်း ကြက်တိုက်လောင်းကစားနေသော ပြည်ကြီးတံခွန်မြို့နယ်နေ ကျော်နိုင်ဦးနှင့်အဖွဲ့၊ ပုသိမ်ကြီးမြို့နယ်နေ သိန်းဇော်တို့အား ကြက်နှစ်ကောင်၊ လောင်းကြေးငွေကျပ် ၁၉၀၀၈၀၀၊ ဆိုင်ကယ် ၁၀ စီး၊ ဖုန်းခြောက်လုံး၊ ကြက်တိုက်လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ကျော်နိုင်ဦးပါ ၁၀ ဦးအား စက်မှုနယ်မြေရဲစခန်းက လောင်းကစားဥပဒေ ပုဒ်မဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်**


ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာ ကျေးရွာစိုက်ပျိုးရေးစင်တာရုံး၌ ရွှေမြို့နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်နိုင်ထူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်လှိုင်တို့က မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။
တင်ထွန်းတာ(တပ်ကုန်း)

---

## ကလေးမြို့နယ်၌ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**ကလေး ဖေဖော်ဝါရီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သဇင်ရပ်ကွက် နယ်မြေ(၂)အတွင်းမှ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။
ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၅) ကလေးမှ ဒုရဲမှူးဝင်းထွန်း ဦးစီးသောအဖွဲ့၊ ခရိုင်မှုခင်း နှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်အောင်စိုး ဦးစီးသောအဖွဲ့၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဗိုလ်ဗိုလ်အောင် ဦးစီးသောအဖွဲ့တို့သည် ကလေးမြို့ သဇင်ရပ်ကွက် နယ်မြေ(၂) ဖုန်းဂေါ့ကျင်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်အတွင်းမှ အရှည် နှစ်ပေတစ်လက်မခန့်ရှိ သေနတ်တစ်လက် (ဒင်ပါ)၊ ၎င်းကျည်အိမ် နှစ်ခု၊ အရှည် ငါးလက်မခန့်ရှိ သေနတ်အတို သုံးလက်၊ ၎င်းကျည်အိမ် လေးခု၊ (၇ ဒသမ ၆၂) ၃၉ ကျည် ၃၂ တောင့်၊ (၇ ဒသမ ၆၂) မမကျည် ၃၂၈ တောင့်နှင့် ငွေစက္ကူရောရာ ၁၀ သိန်းတို့ကို ရှာဖွေတွေ့ရှိသဖြင့် လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိသူ ဖုန်းဂေါ့ကျင်အား ကလေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်းသိရသည်။ **လူအောင်(ကသာ)**



---

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၇၅ သန်း)ရှိ စားသောက်ကုန်နှင့် အဝတ်အထည်များကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ဖောကားဝင်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ သေဆုံး

**အုတ်တွင်း ဖေဖော်ဝါရီ ၁၇**
အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းတွင် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က ဖြိုးဇော် ဘောင်ဘဲ့တန်းကျေးရွာ ရေစကြို မြို့နယ်နေသူ မောင်းနှင်လာသောယာဉ်သည် မိုင်တိုင် (၁၄၃/၆) နှင့် (၁၄၃/၇)အကြားတွင် မိုးကျော်သူ ဝွေးတောက်ခင်ကျေးရွာ အုတ်တွင်းမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်ကို ဝင်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူ မိုးကျော်သူမှာ ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဖြိုးဇော်အား ကျွဲပွဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းလွင်**

---

## ဒိုက်ဦးမြို့၌ ယာဉ်တိမ်းမှောက်၊ တစ်ဦးသေဆုံး

**ဒိုက်ဦး ဖေဖော်ဝါရီ ၁၇**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ဒရယ်မီးရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းတွင် ယနေ့ နံနက် ၂ နာရီခွဲခန့်က ရန်ကုန်-မန္တလေးကားလမ်းအတိုင်း သန့်ဇင်အောင် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်ပြီး အောင်ပိုင်စိုး (လိပ်စာတူ) လိုက်ပါလာသည့် ၁၈ ဘီးယာဉ်သည် မိုင်တိုင်(၈၆/၇)နှင့် (၈၇/၀)အကြားတွင် အရှိန်လွန်တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း သန့်ဇင်အောင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး အောင်ပိုင်စိုးတွင် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သဖြင့် ဒိုက်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

ကြေးမုံ



# ကျိုတိုမှပေးစာများ – ၁၆

# ခွေးရုပ်ဘူတာ (သို့မဟုတ်) ခွေးကလေးဟာချီကိုးကြေးရုပ်

■ **အောင်အောင် IR**

စာရေးသူ တိုကျိုသွားပြီး လည်ပတ်မည့်နေရာများကို စာရင်းပြုစုသောအခါ ခွေးကလေးဟာချီကိုးကြေးရုပ် (Hachiko Memorial Statue)၊ ဂင်ဇာ (Ginza) နှင့် ယာဘူကီချို (Kabukicho) တို့ကို ထည့်သွင်းခဲ့သည်။ ဂျပန်နှင့်နီးစပ်သည့် မြန်မာအများစုမှာ ခွေးကလေးဟာချီကိုးကြေးရုပ်ဆိုလျှင် ရုတ်တရက် မသိကြဘဲ ခွေးရုပ်ဘူတာဆိုမှ ရှီဘူယဘူတာရုံ (Shibuya Station) ရှေ့မှ ခွေးရုပ်တုကို မြင်ယောင်ကာ ဒီလိုနဲ့ ရှီဘူယဘူတာကို ခွေးရုပ်ဘူတာဟုခေါ်ရင်း နှုတ်ကျိုးသွားကြသည်။ ခွေးရုပ်ဘူတာသို့ သွားရောက်လိုခြင်းအကြောင်းမှာ ဘူတာရုံရှေ့တွင် ထားရှိသော နာမည်ကျော် သစ္စာရှိ ခွေးကလေးဟာချီကိုးကြေးရုပ်တုနှင့် အနီးရှိ ရှီဘူယလူကူးမျဉ်းကျား (Shibuya Crossing) ကို ကြည့်ရှုလေ့လာရန်ဖြစ်သည်။ ဂင်ဇာမှာ သူဌေး၊ သူကြွယ်များနေထိုင်ရာ၊ ကမ္ဘာ့ထိပ်တန်းကုန်တိုက်ကြီးများ တည်ရှိရာ၊ တိုကျို၏ မြေဈေးအကြီးဆုံးနေရာ စသဖြင့် ကျော်ကြားသည်။ ကာဘူကီချိုမှာ အပျော်အပါး ပေါင်းစုံရသည့်နေရာ၊ မီးနီရပ်ကွက်အဖြစ် လူသိများသည်။ ယခု ဆောင်းပါးတွင် အဆိုပါ သုံးနေရာစလုံးကို ပေါင်းစုရေးသားလိုသော်လည်း စာမျက်နှာ အခက်အခဲကြောင့် ခွေးရုပ်တုဘူတာ၊ ရှီဘူယလူကူးမျဉ်းကျားနှင့် ကိုယ်တွေ့ အတွေ့အကြုံများကိုသာ တင်ပြသွားပါမည်။

### ခွေးကလေးဟာချီကိုးကြေးရုပ်

ခွေးရုပ်ဘူတာရှေ့ရှိ ခွေးရုပ်တုလေး၏ ဇာတ်လမ်းမှာ ဤသို့ဖြစ်သည်။ ပရော်ဖက်ဆာ ဟိုက်ဇဘူရိုအုအဲနေ့ (Professor Hidesaburo Ueno) (၁၈၇၂–၁၉၂၅) သည် တိုကျိုတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်ပြီး ၁၉၂၀ ပြည့်နှစ် အစောပိုင်းနှစ်များတွင် အော့ဒိတခရိုင်မှ ဟာချီကိုးအမည်ရှိ ခွေးကလေးတစ်ကောင်ကို မွေးစားခဲ့သည်။ ထိုစဉ်က တိုကျိုတက္ကသိုလ်အမည်မှာ တိုကျို ဘုရင့်တက္ကသိုလ်ဖြစ်သည်။ ပရော်ဖက်ဆာ အုအဲနေ့သည် နေ့စဉ် ရုံးဖွင့်ရက်များတွင် တက္ကသိုလ်ရှိရာသို့ ရှီဘူယဘူတာရုံမှတစ်ဆင့် သွားရပြီး ထိုသို့ ရုံးသွားသည့် နံနက်တိုင်းတွင် သူ၏ ခွေးကလေးဟာချီကိုးမှာ ရှီဘူယဘူတာရုံသို့ လိုက်ပါလာလေ့ရှိသည်။ ခွေးကလေးဟာချီကိုးသည် သူ့သခင်ရုံးပြန်လာလေ့ရှိသည့် ညနေခင်း ၃ နာရီခန့်တွင် မပျက်မကွက် ရှီဘူယဘူတာရုံရှေ့မှာ လာရောက်စောင့်ကြိုနေတတ်သည်။ ပရော်ဖက်ဆာသည် ၁၉၂၅ ခုနှစ် မေ ၂၁ ရက်တွင် တက္ကသိုလ်တွင် စာသင်ကြားပို့ချနေခိုက် ရုတ်တရက် ဦးနှောက်အာရုံကြောရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီး သူ၏ခွေးကလေးထံ မည်သည့်အခါမျှ ပြန်လည်မရောက်ရှိလာတော့ပေ။ သို့နှင့်တိုင် သစ္စာရှိခွေးကလေးဟာချီကိုးသည် သူ့သခင် ပရော်ဖက်ဆာအား နေ့စဉ်ညနေခင်းများတွင် အချိန်မှန် ရှီဘူယဘူတာရုံရှေ့တွင် နာရီနှင့်ချီကာ လာရောက်စောင့်ဆိုင်းနေခဲ့သည်မှာ နောက်ဆုံး သူ (ခွေးကလေး) ကွယ်လွန်သည့်အချိန် ၁၉၃၅ ခုနှစ်အထိပင် ဖြစ်တော့သည်။ ၁၉၃၂ ခုနှစ်တွင် ဂျပန်သတင်းစာတစ်စောင်မှ နှစ်နှင့်ချီကာ ကွယ်လွန်သွားသော သခင်ဖြစ်သူအား နေ့စဉ်လာရောက် စောင့်ဆိုင်းနေတတ်သော ခွေးကလေးဟာချီကိုးအကြောင်း သတင်းရေးသားဖော်ပြရာမှ ခွေးကလေးသည် ဂျပန်နိုင်ငံတစ်လွှား လူသိများကျော်ကြားလာခဲ့သည်။ ထိုစဉ်က လူအများက ခွေးကလေးကို ‘Chuken–Hachiko’(‘Hachiko – the faithful dog’) ဟု အမည်ပေးခဲ့ကြသည်။ ခွေးကလေးသက်ရှိထင်ရှားရှိစဉ် ၁၉၃၄ ခုနှစ်မှာပင် ခွေးကလေး၏ သစ္စာစောင့်သိမှုကို ဂုဏ်ပြုသည့်အနေဖြင့် ရှီဘူယဘူတာရုံရှေ့တွင် ကြေးဖြင့်ထုဆစ်သော ခွေးရုပ်တုလေးကို စိုက်ထူထားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ ခွေးကလေး ဟာချီကိုးအား တက်ရောက်စေခဲ့သည်။ ခွေးကလေးဟာချီကိုးသည် ၁၉၃၅ ခုနှစ် မတ်လ ၈ ရက်တွင် ရှီဘူယဘူတာရုံအနီး လမ်းတစ်လမ်းတွင် ငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့သည်ဟု သိရသည်။



ရှီဘူယဘူတာရုံရှေ့မှ ဟာချီကိုးရုပ်တုကို တွေ့ရစဉ်။

ထိုစဉ်က ခွေးကလေးဟာချီကိုး ကွယ်လွန်သည့် သတင်းသည် ဂျပန်နိုင်ငံတွင် ထိပ်တန်းသတင်းတစ်ပုဒ်ဖြစ်ခဲ့ပြီး ခွေးကလေးကို တိုကျိုမြို့ရှိ အာအိုယာမသင်္ချိုင်း (Aoyama cemetery) ရှိ လွန်ခဲ့သော ၁၀ နှစ်ခန့်က ကွယ်လွန်သွားရှာပြီဖြစ်သော သူ့သခင် ပရော်ဖက်ဆာ၏ အုတ်ဂူအနီးတွင်ပင် မြှုပ်နှံပေးခဲ့ပြီး ဟာချီကိုး အထိမ်းအမှတ် ဂျပန်ရိုးရာနတ်ကွန်းငယ်ကိုလည်း ထိုနေရာ၌ပင် ထားရှိသည်ဟု သိရသည်။

ဂျပန်ဝက်ဘ်ဆိုက်တစ်ခုတွင် ခွေးရုပ်တုကလေးကို ခွေးကလေးသက်ရှိထင်ရှားရှိချိန်ကပင် ထုလုပ်ခဲ့ကြသည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်း လက်နက်များပြုလုပ်ရန် သံထည်များလိုအပ်သဖြင့် မူလခွေးရုပ်တုကို သံတိုသံစများအဖြစ် ကြိုချက်ဖြတ်တောက်အသုံးပြုခဲ့သည်။ စစ်အပြီး ၁၉၄၈ ခုနှစ် ဩဂုတ်လတွင် ခွေးရုပ်တုလေးအား မူလလက်ရာအတိုင်း ပြန်လည်ထုဆစ်သွန်းလုပ်ခဲ့သည်ဟု ဖော်ပြသည်။ ယခုအခါ ထိုခွေးရုပ်တုကလေးသည် ကမ္ဘာ့လူအစည်ကားဆုံး ဘူတာရုံများမှ တစ်ရုံအဖြစ် အသိအမှတ်ပြုထားသည့် ရှီဘူယဘူတာရုံသို့ လာရောက်ကြသည့် ခရီးသွားများ ချိန်းဆိုတွေ့ဆုံရာ နေရာတစ်ခုဖြစ်လာခဲ့ပြီး တိုကျိုမြို့နှင့်ပတ်သက်ပြီး လူသိအများဆုံး အမှတ်သင်္ကေတများထဲမှာ တစ်ခုဖြစ်လာခဲ့သည်။



တိုကျိုမြို့တော်၏ နာမည်ကျော်အမှတ်သင်္ကေတတစ်ခုဖြစ်သည့် ရှီဘူယလူကူးမျဉ်းကျား။

၁၉၈၇ ခုနှစ်တွင် ခွေးကလေးဟာချီကိုးအကြောင်း ဂျပန်ရုပ်ရှင်ကားတစ်ကား (Hachiko Monogatari/ The tale of Hachiko) ထွက်ရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဟောလိဝုဒ်မှ ထိုခွေးကလေးအား ဇာတ်အိမ်တည်ပြီး ‘ဟာချီ’ (Hachi: A Dog's Tale) အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားတစ်ကားထုတ်လုပ်ခဲ့ပြီး ရုပ်ရှင်ဇာတ်လမ်းရိုက်ကူးရာနေရာဖြစ်သည့် အမေရိကန်နိုင်ငံ ရို့တ်ကျွန်းစု (Rhode Island) ရှိ ဟာချီခွေးလေးက သူ့သခင် အမေရိကန်ရုပ်ရှင်မင်းသားကြီး ရစ်ချက်ဂီရီအလုပ်မှ ပြန်အလာကို စောင့်ကြိုနေခဲ့သည့် နေရာတွင် ‘ဟာချီကိုး’ အမှတ်တရ ခွေးရုပ်တုလေး (Hachiko Statue) ကို တည်ထောင်ထားရှိသည်။ ခွေးဇာတ်လမ်းသည် ထိုမျှနှင့်ပင် မပြီးသေးပေ။ ခွေးကလေးဟာချီကိုး သေဆုံးသည့် နှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၁၅ ခုနှစ် မတ် ၉ရက်တွင် ပရော်ဖက်ဆာ အုအဲနေ့ အလုပ်လုပ်ခဲ့သည့် တိုကျိုတက္ကသိုလ်၊ စိုက်ပျိုးရေးဌာနမှ အုအဲနေ့နှင့် သူ၏ သစ္စာရှိခွေးကလေး ဟာချီကိုး ပြန်လည်ဆုံစည်းကြခြင်း အထိမ်းအမှတ်အဖြစ် ‘ဟိုက်ဇဘူရိုအုအဲနေ့နှင့် ဟာချီကိုးအမှတ်တရကြေးရုပ်တု’ (Statue of Hachiko& Hidesaburo Ueno) ကို တိုကျိုတက္ကသိုလ်၏ စိုက်ပျိုးရေးဌာနရှေ့တွင် စိုက်ထူထားရှိခဲ့သည်။ ရုပ်တုမှာ အလုပ်မှ ပြန်လာသည့် သခင်ဖြစ်သူ အုအဲနေ့အား တွေ့မြင်သဖြင့် စိတ်လှုပ်ရှားပျော်ရွှင်နေသည့် ခွေးကလေးဟာချီကိုးသည် သခင်ဖြစ်သူထံ ပြေးလွှားခုန်တက်နေဟန်ဖြစ်သည်။

### ကိုယ်တွေ့ ခွေးကလေးဟာချီကိုးကြေးရုပ်

တိုကျိုတွင် တစ်နေကုန်လည်ပတ်ပြီးနောက် ညနေ ၆ နာရီခန့်တွင် အဆိုပါ ခွေးရုပ်ရှိရာ ရှီဘူယဘူတာရုံသို့ သွားခဲ့သည်။ ရှီဘူယဘူတာရုံသည် ဂျပန်နိုင်ငံတွင် လူအစည်ကားဆုံး၊ လူအရှုပ်ထွေးဆုံး ဘူတာရုံများမှ တစ်ရုံဖြစ်ပြီး ထိုဘူတာရုံသို့ မီးရထားလိုင်းပေါင်းများစွာ ရောက်ရှိပါသည်။ ဘူတာရုံ၏ ခွေးကလေးအမည်ပေးထားသော ‘ဟာချီကိုး ထွက်ပေါက်’မှတစ်ဆင့် ထွက်လိုက်လျှင် ခွေးရုပ်တုလေးအား ထင်ထင်ရှားရှား တွေ့မြင်နိုင်မည်ဖြစ်သည်။ များသောအားဖြင့် ခွေးရုပ်တုလေးအနားတွင် နေ့ညမပြတ် လာရောက်ကြည့်ရှုသူများနှင့် စည်ကားနေတတ်ပြီး ညနေပိုင်း၊ ညပိုင်းများတွင် အဆိုပါ ခွေးရုပ်နေရာအနီးတွင် ထိုင်စရာ၊ ရပ်စရာ နေရာမရတတ်သည်အထိ ခွေးရုပ်အနီး လူအများနှင့် ပြည့်နှက်စည်ကားနေတတ်သည်။

စာရေးသူအဆိုပါ ခွေးရုပ်တုဆီသို့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မိတ်ဆွေတစ်ဦးနှင့်အတူ ရောက်ရှိခဲ့ဖူးပြီး ယခု ၁၅ နှစ်အကြာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် ဒုတိယအကြိမ် ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ထုံးစံအတိုင်း ညနေဘက်ဖြစ်လေရာ ရောက်ရှိချိန်တွင် ခွေးရုပ်အနီး လူများစွာပင် ပြည့်ကျပ်နေသည်။ စာရေးသူ ယခင်ရောက်ခဲ့စဉ်က ခွေးရုပ်တုအနီး လူများစွာရှိနေခဲ့သည်ကို ခပ်ရေးရေးသတိရမိသည်။ စာရေးသူ ယခု ၁၅ နှစ်အကြာ ညနေခင်းအချိန်တွင်ပင် ထိုခွေးရုပ်လေးထံ တစ်ဖန် ပြန်လည်ရောက်ရှိခဲ့ပြန်ပြီ ဖြစ်သည်။ ယခုတိုင် ခွေးရုပ်တုအနီး လူများစွာရှိနေဆဲမှာ မျက်မြင်ဖြစ်လေတော့သည်။ ဟာချီကိုးခွေးကလေး၏ ဂုဏ်သတင်းသည် ကြီးမားစွတကား။

ခွေးရုပ်တုပတ်လည် ဓာတ်ပုံများရိုက်ကူးမှတ်တမ်းတင်ပြီးနောက် ခွေးရုပ်တုကို အနီးကပ်လေ့လာဖြစ်သည်။ ခွေးရုပ်တုလေး တည်ရှိပုံသည် အင်မတန် ရိုးရှင်းပါသည်။ အောက်ခံအုတ်ခုံအနိမ့်တစ်ခု၊ အမြင့်တစ်ခု ရှိသည်။ ဒုတိယအုတ်ခုံအမြင့်ပေါ်တွင် ကြေးပြားအထူတစ်ချပ်ခင်းထားပြီး အဆိုပါ ကြေးပြားပေါ်တွင် ကြေးရုပ်တုခွေးကလေးသည် ဆောင့်ကြောင့်ထိုင်လျက် ရှေ့တူရူသို့ လေးနက်စွာ လှမ်းမျှော်ကြည့်နေသည့် အနေအထားဖြစ်ပါသည်။ အုတ်ခုံများ အပါအဝင် ခွေးရုပ်အစ၊ အဆုံး လူတစ်ရပ်ကျော်ကျော်သာရှိပြီး ရုတ်တရက်ကြည့်လျှင် သာမန် ကြေးရောင်မှိုင်းညို့ညို့ ခွေးရုပ်တုကလေးတစ်ခုသာ ဖြစ်ပါသည်။ ခွေးရုပ်တုနောက်ကျောဘက်အနီးတွင် ပတ်လည် ထိုင်စရာ အုတ်ခုံများရှိပြီး အနီးဝန်းကျင်နှင့် အထက်မိုးကောင်းကင်မှာလည်း ထပ်မြင့်အဆောက်အဦများနှင့် တိုက်နံရံအမြင့်များတွင် ချိတ်ဆွဲထားသော ကြော်ငြာတီဗွီကြီးများမှ အလင်းရောင်များဖြင့် ထိန်ထိန်ညီးလျက်ရှိသည်။ အဆိုပါ ခွေးရုပ်တုလေးရှိသည့် နေရာပတ်လည်ကို အချို့သူများက ဟာချီကိုးရင်ပြင် (Hachiko Square)ဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။

### ရှီဘူယလူကူးမျဉ်းကျား

ခွေးရုပ်တုလေးနှင့် မလှမ်းမကမ်းတွင် ခွေးရုပ်တုနည်းတူ တိုကျိုမြို့တော်၏ နာမည်ကျော် အမှတ်သင်္ကေတတစ်ခု ရှိပါသည်။ ၎င်းမှာ ကမ္ဘာကျော် ရှီဘူယလူကူးမျဉ်းကျား ဖြစ်သည်။ အဆိုပါ လူကူးမျဉ်းကျားကြီး ပတ်လည်တွင် ကော်ဖီဆိုင်များ၊ ဘားဆိုင်များ၊ စားသောက်ဆိုင်များ၊ စတိုးဆိုင်များ ပြည့်နှက်နေပြီး မြင်အောင်ရေးရပါလျှင် သုံးဘက်သုံးတန်မှ ပလက်ဖောင်းများပေါ်တွင် လူမြောက်မြားစွာသည် သူတို့အပေါ်မှ အုပ်စီးထားသော အထပ်မြင့်တိုက်ကြီးများမှ ထိန်ထိန်ညီးနေသော ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ ကုန်ပစ္စည်းကြော်ငြာ ရောမရုပ်မြင်သံကြားပြင်များ အောက်ဝယ် တစ်ဖက်တစ်ချက် သုံးဘက်သုံးတန်မှ မီးပွိုင့်များ တစ်ပြိုင်နက်တည်း စိမ်းမည့်အခြေအနေကို စောင့်ဆိုင်းလျက်ရှိကြပြီး မီးပွိုင့်စိမ်းသည်နှင့် ပလက်ဖောင်းများပေါ်တွင် စောင့်ဆိုင်းနေကြသော သူများသည် တစ်ပြိုင်နက် လူကူးမျဉ်းကျားများမှတစ်ဆင့် လမ်းများကူးရင်း အလယ်တွင် လူတန်း၊ လူအုပ်ကြီးသုံးအုပ် ဆုံမိကြကာ တစ်ယောက်နှင့်တစ်ယောက် မတိုးမိစေရန် ရှောင်ရှားကြရင်း သွားလာကြသည့် ပုံရိပ်များဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ❖



ဟာချီကိုးနှင့်သူ၏သခင် ပရော်ဖက်ဆာ ဟိုက်ဇဘူရိုအုအဲနေ့တို့ကို တွေ့ရစဉ်။

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၃) အောက်ပါကိစ္စရပ်များ ဖြစ်ပေါ်လာလျှင် ကောင်စီ သို့မဟုတ် ယင်းကလွှဲအပ်ထားသည့် အခွင့်အာဏာအရ ဆောင်ရွက်နေသည့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ပြီး တရားရုံးသည် အောက်ပါအတိုင်း အမိန့်ချမှတ်နိုင်သည်-

(ကက) ဥပဒေ သို့မဟုတ် နည်းဥပဒေများကို ဆန့်ကျင်သောကိစ္စရပ်ဖြစ်လျှင် ထိုလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို ငွေဒဏ်ချမှတ်ခြင်း၊

(ခခ) ဥပဒေ သို့မဟုတ် နည်းဥပဒေများကို ချိုးဖောက်ပြီး ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုကြောင့် ဥပဒေနှင့်မညီသော ရယူမှုရှိခဲ့သည့် သို့မဟုတ် ဆုံးရှုံးမှုကို လွှဲရှောင်ခဲ့သည့်သူတစ်ဦးအား ထိုဥပဒေနှင့် မညီသော ရယူမှု သို့မဟုတ် လွှဲရှောင်ခဲ့သည့် ဆုံးရှုံးမှုပမာဏအတိုင်း ပြန်လည်ပေးဆောင်စေခြင်း၊

(ဂဂ) ထိုဖောက်ဖျက်မှုကြောင့် ဆုံးရှုံးမှုခံစားရသူကို ထိုသို့ပေးဆောင်စေသည့် ငွေမှလျော်ကြေးအဖြစ် ပေးစေခြင်း။

**တရားရုံးသည် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများနှင့်ပတ်သက်၍ အမိန့်များ ချမှတ်နိုင်ခြင်း**

၂၅။ (က) ဤဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများက ၎င်းတို့၏တာဝန်နှင့် ဝတ္တရားများကို ဆောင်ရွက်ခြင်း၊ ဥပဒေအရရရှိသော လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးခြင်းနှင့်ပတ်သက်၍ ကြီးကြပ်ရန်အတွက် တရားရုံးသည် လိုအပ်သောအမိန့်များကို ချမှတ်နိုင်သည်။

(ခ) မိမိ၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားအရဖြစ်စေ၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ လျှောက်ထားချက်အရဖြစ်စေ မိမိရှေ့သို့ရောက်ရှိလာသော အမှုများတွင် တရားရုံးသည် ပုဒ်မခွဲ (က) ပါ အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အား မဆန့်ကျင်စေဘဲ တရားရုံးသည် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ ကောင်စီ၏ ကြီးကြပ်ရန် တာဝန်နှင့်ဝတ္တရားတို့ကို အထောက်အကူဖြစ်စေရန်အလို့ငှာ အမိန့်ချမှတ်နိုင်သည် သို့မဟုတ် လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) တရားရုံးသည် မည်သည့်အချိန်တွင်မဆို လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးအား ဤဥပဒေအရ ၎င်းမှကိုင်တွယ်ဆောင်ရွက်ရန် ခန့်အပ်ခဲ့သော လူမွဲခံယူခြင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထိုသူ သို့မဟုတ် အခြားသူအား ကျမ်းကျိန်ဆိုစေလျက် စစ်မေးနိုင်သည့်အပြင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ ငွေစာရင်းစာအုပ်များကို စစ်ဆေးနိုင်သည်။

(င) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ လျှောက်ထားချက်အရ တရားရုံးသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၃) နှင့်အညီ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

**စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို နစ်နာသူက ကောင်စီသို့ လျှောက်ထားခြင်း**

၂၆။ (က) ပုဒ်မ ၂၂ အရ လက်ခံရရှိသည့် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကြောင့် နစ်နာသူသည် ကောင်စီ၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ကောင်စီသို့လျှောက်ထားရာတွင် ကော်မတီ၏ ဆုံးဖြတ်ချက်ကို နစ်နာသူထံ အကြောင်းကြားသည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရလျှောက်ထားမှုကို လက်ခံကြားနာနေဆဲအချိန်တွင် ကောင်စီသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (ဂ) အရ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ အရေးယူဆောင်ရွက်ခဲ့မှုတစ်ရပ်ရပ်ကို ဆိုင်းငံ့ရန် အမိန့်ချမှတ်နိုင်သည့်အပြင် ပုဒ်မ ၂၄ ပုဒ်မခွဲ (ဂ) ၏ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) အရ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပေးပို့သော အကြောင်းကြားစာ သို့မဟုတ် ညွှန်ကြားချက်အား ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် မှတ်ပုံတင်အရာရှိအပေါ် တားမြစ်မိန့်ထုတ်ဆင့်နိုင်သည်။

(ဃ) ကောင်စီသည်-

(၁) စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(၂) ယင်းကိစ္စကို ထပ်မံစုံစမ်းပြီး ပြန်လည်တင်ပြရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ပြန်လည်ပေးပို့နိုင်ပြီး စုံစမ်းမှု ပြန်လည်ရရှိပါက ကော်မတီ၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(င) ပုဒ်မ ၂၆ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အပိုင်း (၄)**

**ပစ္စည်းထိန်းခြင်း**

**အခန်း(၁)**

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**ပစ္စည်းထိန်း၏အဓိပ္ပာယ်**

၂၇။ ကုမ္ပဏီပိုင်ပစ္စည်းများ၏ ပစ္စည်းထိန်းဆိုရာတွင် အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည်-

(က) ထိုပစ္စည်း၏ပစ္စည်းထိန်းနှင့် မန်နေဂျာ၊

(ခ) ထိုပစ္စည်း၏ တစ်စိတ်တစ်ပိုင်းအပေါ် ခန့်ထားသည့် ပစ္စည်းထိန်း သို့မဟုတ် မန်နေဂျာ၊

(ဂ) ထိုပစ္စည်း၏ တစ်စိတ်တစ်ပိုင်းအပေါ် ခန့်ထားသည့် ပစ္စည်းထိန်း၊

(ဃ) ထိုပစ္စည်း သို့မဟုတ် ထိုပစ္စည်း၏ တစ်စိတ်တစ်ပိုင်းမှ ပေါ်ထွက်လာသောဝင်ငွေနှင့် စပ်လျဉ်းသည့် ပစ္စည်းထိန်း။

**ပစ္စည်းထိန်းခန့်ထားနိုင်ခြင်း**

၂၈။ ကုမ္ပဏီပိုင်ပစ္စည်းအတွက် အဖွဲ့အစည်းမဟုတ်သည့် လူပုဂ္ဂိုလ်ကိုသာလျှင် ပစ္စည်းထိန်းအဖြစ် ခန့်ထားနိုင်သည်။

**အခန်း(၂)**

**တရားရုံးပြင်ပတွင် ပစ္စည်းထိန်းခန့်အပ်ခြင်း၊ လစ်လပ်ခြင်း၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ရှိမှုများ**

**ပစ္စည်းထိန်းကို စတင်ခန့်အပ်နိုင်သည့်အချိန်**

၂၉။ (က) ပုဒ်မခွဲ (ခ)တွင် ပြဋ္ဌာန်းထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ခွင့်ပြုထားသည့် အခြေအနေများ သို့မဟုတ် ပုဒ်မခွဲ (ဂ) တွင် ပြဋ္ဌာန်းထားသည့် ခွင့်ပြုသော အချိန်ကာလများအတွင်း ပစ္စည်းထိန်းကိုခန့်အပ်နိုင်ပြီး အခြားသောအခြေအနေတွင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်တစ်ဦးအနေဖြင့် ပစ္စည်းထိန်းခန့်ထားပိုင်ခွင့် မရှိစေရ။

(ခ) ခွင့်ပြုထားသော အခြေအနေများဆိုရာတွင်အောက်ပါတို့ကိုဆိုသည်-

(၁) ပစ္စည်းထိန်းခန့်အပ်မည့် အာမခံအကျိုးခံစားခွင့်သည် ဤဥပဒေကို ပြဋ္ဌာန်းခြင်းမပြုမီကပင် ပေါ်ပေါက်ခဲ့ပြီးဖြစ်ခြင်း၊

(၂) အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် ကုမ္ပဏီပိုင်ပစ္စည်းအားလုံး သို့မဟုတ် ပိုင်ဆိုင်မှု အများစုအပေါ် အာမခံရရှိထားခြင်းမရှိသည့်ကိစ္စဖြစ်သည့်အပြင် အပိုင်း (၅)သို့မဟုတ် အပိုင်း(၆)ပါ ပြဋ္ဌာန်းချက်များအရ ပစ္စည်းထိန်းတစ်ဦးအား ခန့်အပ်ခြင်းကို အခြားနည်းဖြင့် တားမြစ်ပိတ်ပင်ထားမှု မရှိခြင်း၊

(၃) ထူးခြားသောအခြေအနေများရှိကြောင်းကို တရားရုံးက ယုံကြည်၍-

(ကက) တရားရုံးက ပစ္စည်းထိန်းတစ်ဦးအား ကိုယ်တိုင်ခန့်အပ်ခဲ့ခြင်း သို့မဟုတ်

(ခခ) ပစ္စည်းထိန်းတစ်ဦးအားခန့်အပ်ရန် အာမခံအကျိုးခံစားခွင့်ရ မြီရှင်အား ခွင့်ပြုမိန့် ချမှတ်ပေးခဲ့ခြင်း၊

(၄) နည်းဥပဒေများအရ အခြားတစ်နည်းနည်းဖြင့် ခွင့်ပြုထားခဲ့ခြင်း။

(ဂ) ခွင့်ပြုထားသောအချိန်ကာလဆိုရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်ကိုဆိုသည်-

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် အပိုင်း (၅) အရဖြစ်စေ၊ အပိုင်း(၆)အရဖြစ်စေ ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို လိုက်နာရန် တာဝန်ရှိသည့်အပြင် ၎င်းက ပစ္စည်းထိန်းတစ်ဦးကိုခန့်ထားပါက ယင်းအစီအစဉ်ကို ဆန့်ကျင်သည်မှအပ ကုမ္ပဏီက အပိုင်း (၅) အရဖြစ်စေ၊ အပိုင်း (၆) အရဖြစ်စေ ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်ကာလ၊

(၂) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ်အချိန်ကာလ။

**ပစ္စည်းထိန်း၏လုပ်ပိုင်ခွင့်များ**

၃၀။ (က) အာမခံတစ်ရပ်အတွက် ခန့်ထားသည့် ကုမ္ပဏီ၏ပစ္စည်းထိန်းသည် ထိုအာမခံတွင် အခြားနည်း ဆန့်ကျင်ကွဲလွဲသော သဘောတူညီချက် မရှိလျှင် အောက်ပါအခွင့်အာဏာများရရှိသည်-

(၁) ကုမ္ပဏီပိုင်ပစ္စည်းများကို လက်ရောက်ရယူခြင်း၊ ကောက်ခံရယူခြင်းနှင့် ထိုသို့ ပြုလုပ်ရန်အလို့ငှာ လိုအပ်သော ဆောင်ရွက်ချက်များကို ပြုလုပ်ခြင်း၊

(၂) ကုမ္ပဏီပိုင်ပစ္စည်းများကို လေလံစနစ်ဖြင့်ဖြစ်စေ၊ စာချုပ်ချုပ်ဆို၍ဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း၊

(၃) ကုမ္ပဏီပိုင်ပစ္စည်းများကို အာမခံအဖြစ်ထားရှိ၍ ငွေကြေးရရှိအောင် ဆောင်ရွက်ခြင်း သို့မဟုတ် ချေးယူခြင်း၊

(၄) ၎င်း၏တာဝန်များကိုဆောင်ရွက်ရာ၌အထောက်အကူရရှိစေရန်အလို့ငှာ ဥပဒေအကြံပေး သို့မဟုတ် ငွေစာရင်းကိုင် သို့မဟုတ် အခြားအသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတို့ကိုခန့်အပ်ခြင်း၊

(၅) ကုမ္ပဏီအမည်နှင့်ဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ တရားစွဲဆိုခြင်း၊ တရားစွဲဆို ခံပိုင်ခွင့်ရှိခြင်းနှင့် ခုခံချေပခြင်း၊

(၆) ကုမ္ပဏီကို ထိခိုက်မှုဖြစ်စေသော အငြင်းပွားမှုများကို အနုညာတနည်းဖြင့် ဖြေရှင်းစေခြင်း၊

(၇) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို ထိန်းသိမ်းရာတွင် အာမခံထားရှိခြင်း၊

(၈) ကုမ္ပဏီ၏တံဆိပ်တုံးကိုအသုံးပြုခြင်း၊

(၉) စာချုပ်စာတမ်းများ၊ ပြေစာများနှင့်အခြားစာရွက်စာတမ်းများအား ရေးသားချုပ်ဆို ဆောင်ရွက်ရာတွင် ကုမ္ပဏီအမည်နှင့်ဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(၁၀) ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းမရှိသော သို့မဟုတ် အေးဂျင့်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ပိုမိုအဆင်ပြေသော လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန် အေးဂျင့်တစ်ဦးအား ခန့်ထားပိုင်ခွင့်ရှိခြင်းနှင့် ဝန်ထမ်းများကို ခန့်အပ်ခွင့်၊ ထုတ်ပယ်ခွင့်ရှိခြင်း၊

(၁၁) ကုမ္ပဏီပိုင်ပစ္စည်းများကို ထုခွဲရောင်းချရန်အတွက် လိုအပ်သလို ဆောင်ရွက်ခွင့်ရှိခြင်း၊

(၁၂) ၎င်း၏တာဝန်များကို ထမ်းဆောင်ရာတွင် လိုအပ်သော ငွေပေးချေမှုများ ပြုလုပ်နိုင်ခြင်း၊

(၁၃) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခြင်း၊

(၁၄) လက်အောက်ခံကုမ္ပဏီများကို ဖွဲ့စည်းတည်ထောင်ခြင်း၊

(၁၅) ကုမ္ပဏီပိုင်ပစ္စည်းနှင့် စီးပွားရေးလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လက်အောက်ခံကုမ္ပဏီများသို့ လွှဲပြောင်းပေးခြင်း၊

(၁၆) ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အငှားချထားမှုကို လက်ခံခွင့်ပြုနိုင်ခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအတွက် လိုအပ်သော သို့မဟုတ် အထောက်အကူဖြစ်စေသော ပစ္စည်းတစ်ရပ်ရပ်ကို ငှားရမ်းခြင်း၊

(၁၇) ကုမ္ပဏီကိုယ်စား ညှိနှိုင်းဖြေရှင်းပေးရန်ဆောင်ရွက်ခြင်း၊

(၁၈) တောင်းခေါ်ခြင်း မပြုရသေးသော ကုမ္ပဏီ၏ မတည်ငွေရင်းကို တောင်းခံခြင်း၊

(၁၉) ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တင်ရှိနေခြင်းနှင့်စပ်လျဉ်း၍ လူမွဲခံယူမှု၊ ကြွေးမြီ မပေးဆပ်နိုင်မှု၊ ကြွေးမြီပြန်လည်မပေးဆပ်မီ ၎င်း၏ပစ္စည်းများကို သိမ်းယူထားမှု သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းမှု တစ်ရပ်ရပ်တွင် ကြွေးမြီများအား ဦးစားပေးအဆင့်အတန်းသတ်မှတ်၍ တောင်းဆိုခြင်း၊ အမြတ်ငွေများကို လက်ခံခြင်းနှင့် ယင်း၏ မြီရှင်များအတွက် ယုံမှတ်အပ်နှံခြင်းစာချုပ်များကို သဘောတူလက်ခံခြင်း၊

(၂၀) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားခြင်း သို့မဟုတ် ခုခံချေပခြင်း၊

(၂၁) ကုမ္ပဏီမှတ်ပုံတင်ထားသော ရုံးခန်းတည်နေရာကိုပြောင်းလဲခြင်း၊

(၂၂) အထက်ဖော်ပြပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သည့် နောက်ဆက်တွဲများကို ဆောင်ရွက်ခြင်း။

(ခ) တစ်ဦးတစ်ယောက်သည် ရိုးဖြောင့်သောသဘောနှင့် တန်ရာတန်ကြေးပေး၍ ပစ္စည်းထိန်းနှင့် အရောင်းအဝယ်ပြုခဲ့ခြင်းဖြစ်ပါက ထိုပစ္စည်းထိန်းအပေါ် ၎င်း၏လုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်ခြင်း ဟုတ်မဟုတ်ကို စုံစမ်းမေးမြန်းရန်တာဝန်မရှိစေရ။

**စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၆ မှ

**ပစ္စည်းထိန်း၏ တာဝန်ရှိမှု**

၃၁။ (က) ပစ္စည်းထိန်းသည် ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပုဒ်မခွဲ ( ခ ) နှင့် ( ဂ ) တို့ပါ အခြေအနေများ၌ ပုဂ္ဂိုလ်ရေးအရ တာဝန်များရှိစေရမည်။

( ခ ) အာမခံအကျိုးခံစားခွင့်တစ်ရပ်အား အတည်ပြုဆောင်ရွက်ရန် အလို့ငှာ ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ရယူခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုလုပ်သည့် ပစ္စည်းထိန်းသည် ကုမ္ပဏီ၏ အေးဂျင့်အဖြစ်ဆောင်ရွက်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ပစ္စည်းထိန်းအဖြစ် ဆောင်ရွက်ရာ၌ အသုံးပြုခဲ့သောဝန်ဆောင်မှုများ၊ ဝယ်ယူခဲ့သောကုန်စည်များ၊ ငှားရမ်းခဲ့သော ပစ္စည်းများ၊ လက်ဝယ်ရယူထားသော သို့မဟုတ် သုံးစွဲနေသော သို့မဟုတ် အငှားယူထားသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ ငှားရမ်းထားသည့် ပစ္စည်းများအတွက် ကျခံပေးချေခဲ့သော ကြွေးမြီများနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိစေရမည်။

( ဂ ) အကယ်၍ ပစ္စည်းထိန်းသည် ပစ္စည်းအား ကုမ္ပဏီမှ ဆက်လက်အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းအတွက် စာချုပ်အရပေးရန်ရှိသော ငှားရမ်းခ သို့မဟုတ် အခြားပေးဆောင်ရန်ရှိသော အခကြေးငွေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စများ၌ ၎င်းတာဝန်ယူနေသော ကာလအတွက်သာ တာဝန်ရှိစေရမည်–

(၁) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းမပြုမီ အခြားသူတစ်စုံတစ်ဦးက ပိုင်ဆိုင်သော သို့မဟုတ် အငှားယူထားသော ပစ္စည်းတစ်ရပ်ကို ထိုသူနှင့်ချုပ်ဆိုသော ပဋိညာဉ်တစ်ရပ်အရ ကုမ္ပဏီက သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်း ပြုလုပ်ထားသည့်ကိစ္စ၊

(၂) ပစ္စည်းထိန်းခန့်အပ်ပြီးနောက် ကုမ္ပဏီသည် ထိုပစ္စည်းကို ဆက်လက်သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းပြုသည့်ကိစ္စ။

(ဃ) ပစ္စည်းထိန်းသည် ၎င်းအားခန့်ထားပြီးနောက် အလုပ်လုပ်ကိုင်ရက် ၇ ရက်အတွင်း ပစ္စည်းနှင့်စပ်လျဉ်း၍ ယင်း၏အခွင့်အရေးများကို ကျင့်သုံးတော့မည်မဟုတ်ကြောင်း၊ ထိုပစ္စည်း၏ ပိုင်ရှင်ဖြစ်သူ သို့မဟုတ် အငှားချထားသူထံသို့ အကြောင်းကြားစာကို ပေးပို့ခဲ့သည့်အပြင် ထိုသို့ အကြောင်းကြားစာပေးပို့ပြီး နောက်တွင်လည်း ၎င်းသည် အမှန်တကယ်ပင် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ အခွင့်အရေးများကို ကျင့်သုံးခြင်းမပြုလျှင် အထက်ပါ ပုဒ်မခွဲ ( ဂ ) အရ တင်ရှိသော တာဝန်မှကင်းလွတ်ခွင့် ရှိစေရမည်။

( င ) ပစ္စည်းထိန်းသည် ၎င်းအားခန့်အပ်ထားသည့် စာချုပ်ပါစည်းကမ်းချက်များတွင် အခြားနည်း ဖော်ပြထားသည်မှတစ်ပါး ကုမ္ပဏီပိုင်ပစ္စည်းများအနက်မှ ၎င်း၏ ထိန်းသိမ်းပိုင်ခွင့်နှင့် သက်ဆိုင်သည့် ပစ္စည်းအပေါ်တွင် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ပြန်လည်တောင်းခံ ပိုင်ခွင့်ရှိသည်–

(၁) ပစ္စည်းထိန်းအပေါ်တွင် ဤပုဒ်မအရတာဝန်ဖြစ်ပေါ်စေသည့် ကုမ္ပဏီ၏ ကြွေးမြီများ၊

(၂) ပစ္စည်းထိန်းသည် ၎င်း၏တာဝန်များကို ပေါ့ဆမှုမရှိဘဲ ရိုးဖြောင့်စွာထမ်းဆောင်စဉ် ဖြစ်ပွားခဲ့သော တာဝန်ရှိမှုများနှင့် ကုန်ကျစရိတ်များ၊

(၃) ဤဥပဒေအရ သတ်မှတ်ထားသည့် ပစ္စည်းထိန်း၏ အခကြေးငွေများ။

**ပစ္စည်းရောင်းချရာတွင် ဂရုပြုရန်တာဝန်**

၃၂။ ပစ္စည်းထိန်းသည် ကုမ္ပဏီပိုင်ပစ္စည်းကို ရောင်းချရာတွင် ထိုက်သင့်သော သတိဝီရိယဖြင့် ဆောင်ရွက်ရမည်။

**ပစ္စည်းထိန်းရာထူးလစ်လပ်ခြင်း**

၃၃။ (က) တရားရုံးသည်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းထိန်းအား ရာထူးမှ ဖယ်ရှားနိုင်သည်။ ပစ္စည်းထိန်းသည်လည်း နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်နည်းလမ်း အတိုင်း အကြောင်းကြားစာပေး၍ ရာထူးမှနုတ်ထွက်နိုင်သည်။

( ခ ) ပစ္စည်းထိန်းသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိမှု ရပ်စဲသွားချိန်တွင် ရာထူးမှနုတ်ထွက်ရမည်။

( ဂ ) မည်သည့်အချိန်တွင်မဆို ပစ္စည်းထိန်းသည် ရာထူးမှ ဖယ်ရှားခံရလျှင် သို့မဟုတ် နုတ်ထွက်ပေးရလျှင် ထိုအချိန်ကာလရှိ ၎င်းက ထိန်းသိမ်းကြီးကြပ်ထားသော ကုမ္ပဏီပိုင်ပစ္စည်းများအနက်မှ အောက်ပါတို့ကို ထုတ်ယူခွင့်ရှိပြီး ၎င်းအားခန့်အပ်ခဲ့သည့် မြီရှင်ကိုယ်တိုင် သို့မဟုတ် မြီရှင်ကိုယ်စားကိုင်ဆောင်ထားသော အာမခံကြွေးမြီတစ်ရပ်ရပ်ထက် ဦးစားပေး၍ ပေးချေရမည်–

(၁) ၎င်းမှ သင့်တင့်လျောက်ပတ်စွာ ကျခံပေးချေခဲ့သော စရိတ်စကများနှင့် ၎င်း၏ အခကြေးငွေများ၊

(၂) ကုမ္ပဏီပိုင်ပစ္စည်းများအနက်မှ ၎င်းက ရရန်ရှိသော နစ်နာဆုံးရှုံးမှုအတွက် အာမခံ လျော်ကြေး။

(ဃ) သေဆုံးခြင်းမှတစ်ပါး ရာထူးနေရာလစ်လပ်လျှင် သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်းခံရလျှင် ပစ္စည်းထိန်းသည် မှတ်ပုံတင်အရာရှိထံ လစ်လပ်သည့်နေ့မှ သို့မဟုတ် ထုတ်ပယ်ခြင်း ခံရသည့်နေ့မှ ၁၄ ရက်အတွင်း အကြောင်းကြားစာပေးပို့ရမည်။

( င ) ပစ္စည်းထိန်းသည် ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်အား လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**အခန်း(၃)**

**ပစ္စည်းထိန်း၏ လုပ်ငန်းတာဝန်များနှင့် တရားရုံး၏ အခွင့်အာဏာ**

**ပစ္စည်းထိန်းက အကြောင်းကြားရန်တာဝန်**

၃၄။ (က) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် –

(၁) မိမိအား ပစ္စည်းထိန်းအဖြစ် ခန့်အပ်ကြောင်း သက်ဆိုင်ရာ ကုမ္ပဏီသို့ အလုပ်လုပ်ကိုင် ရက် ၂ ရက်အတွင်း အကြောင်းကြားစာပေးပို့ခြင်းနှင့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အများသိစေရန် ကြေညာခြင်း၊

(၂) မိမိအား ပစ္စည်းထိန်းအဖြစ် ခန့်အပ်မှုကို မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံ အလုပ်လုပ်ကိုင် ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ခြင်း၊

(၃) မိမိအား ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရသည့်နေ့မှ ၂၈ ရက်အတွင်း မိမိလိပ်စာသိရှိသမျှ ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားစာပေးပို့ခြင်း။

( ခ ) ပစ္စည်းထိန်းသည် လုံလောက်သောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်**

၃၅။ (က) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရပြီးသည်နှင့် တစ်ပြိုင်နက် ထိုပစ္စည်းထိန်းသည် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များထံသို့ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ကိုရေးသားပြုစု၍ တင်ပြရန် အကြောင်းကြားစာ ပေးပို့တောင်းခံနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည်–

(၁) အကြောင်းကြားစာပုံစံ၊

(၂) ဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၏ အချက်အလက်များ၊

(၃) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်း၍ထုတ်ဖော်ကြေညာချက် ပုံစံနှင့် ပါဝင်ရမည့် အချက်အလက်များ။

( ဂ ) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက် ပြုစုတင်ပြရန် တောင်းဆိုခြင်းခံရသူသည် ထိုအကြောင်းကြားစာကို လက်ခံရသည့်နေ့မှ ၂၁ ရက်အတွင်း ရေးသားပြုစု၍ တင်ပြရမည်။

(ဃ) မည်သူမဆို ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ပစ္စည်းထိန်း၏ အစီရင်ခံစာ**

၃၆။ (က) ပစ္စည်းထိန်းသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံသို့လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီက သီးခြားခန့်အပ်ထားသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အခြားသော လူပုဂ္ဂိုလ်များထံသို့လည်းကောင်း အစီရင်ခံစာများကို အခါအားလျော်စွာ ပေးပို့အစီရင်ခံရမည် –

(၁) ပုဒ်မ ၃၅ အရ ၎င်းထံသို့ ဆက်နွှယ်သည့်ပုဂ္ဂိုလ်များက ပေးပို့တင်ပြခဲ့သည့် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက် အကျဉ်းချုပ်၊ ထိုထုတ်ဖော်ကြေညာချက်အပေါ် ၎င်း၏ထင်မြင်ယူဆချက်များနှင့်အတူ ၎င်းက သိရှိနိုင်သမျှ ထိုကုမ္ပဏီတွင် ၎င်းအားခန့်အပ်ရသည့် အကြောင်းကိစ္စရပ်များ၊

(၂) ပစ္စည်းထိန်းက ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်ကို စီမံခန့်ခွဲမှု သို့မဟုတ် စီမံခန့်ခွဲရန် အဆိုပြုချက်များနှင့် ထိုကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အား ဆက်လက်လည်ပတ်လုပ်ကိုင်မှု သို့မဟုတ် ဆက်လက်လည်ပတ်လုပ်ကိုင်ရန် အဆိုပြုချက်များ၊

(၃) ၎င်းအား ခန့်အပ်ခဲ့သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်ထံသို့ ပေးချေရမည့် ငွေရင်းနှင့် ယင်းအပေါ်ကျသင့်သည့် အတိုးငွေပမာဏအပြင် ဦးစားပေး မြီရှင်များသို့ ပေးချေနိုင်မည့် ငွေပမာဏ၊

(၄) အခြားမြီရှင်များအား ပေးချေရန်အတွက် ရနိုင်ဖွယ်ရှိသော ငွေပမာဏ။

( ခ ) ထိုအစီရင်ခံစာများကို အောက်ပါသတ်မှတ်ကာလအတွင်း ထုတ်ပြန်ကြေညာရမည်–

(၁) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ပြီးနောက် ၃ လ၊

(၂) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ပြီးချိန်မှစ၍ တစ်နှစ်ပြည့်ပြီးနောက် နှစ်စဉ် ၃ လ၊

(၃) ပစ္စည်းထိန်းအဖြစ် တာဝန်မှရပ်စဲပြီးနောက် ၃ လ။

( ဂ ) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပစ္စည်းထိန်းက ၎င်း၏ လုပ်ငန်းတာဝန်ထမ်းဆောင်ချက်အပေါ် များစွာထိခိုက်စေမည့် အချက်အလက်များကို အစီရင်ခံစာတွင် ထည့်သွင်းရန် တာဝန်မရှိစေရ။

(ဃ) ပစ္စည်းထိန်းသည် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် –

(၁) မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်နှစ်သိန်းငါးသောင်းထက်မပိုသော ဒဏ်ကြေး ငွေ တပ်ရိုက်ရမည်၊

(၂) တရားရုံးသည် ထိုပျက်ကွက်မှုကို သတ်မှတ်ထားသည့်အချိန်အတွင်း သီးခြား အတည်ပြုဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

**ငွေကြေးဆိုင်ရာမှတ်တမ်းများ၊ ဘဏ်စာရင်းများနှင့်စပ်လျဉ်း၍ ပစ္စည်းထိန်း၏တာဝန်များ**

၃၇။ (က) ပစ္စည်းထိန်းသည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်–

(၁) ၎င်း၏ အမည်၊ ပစ္စည်းထိန်းရာထူးကို ဖော်ပြပါရှိပြီး ၎င်းပစ္စည်းထိန်းအဖြစ် ဆောင်ရွက်နေသော ကုမ္ပဏီအမည်ပါဝင်သော ဘဏ်စာရင်း ဖွင့်လှစ်ထိန်းသိမ်းထားရှိခြင်း၊

(၂) ၎င်း၏စီမံအုပ်ချုပ်မှုအောက်ရှိကုမ္ပဏီ၏ငွေကြေးအားလုံးကို ထိုဘဏ်စာရင်း သို့မဟုတ် ဘဏ်စာရင်းများသို့ ပေးသွင်းခြင်း၊

(၃) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) ပါ ငွေကြေးများမှလွဲ၍ အခြားသော ငွေကြေးများကို ထိုဘဏ်စာရင်းသို့ ထည့်သွင်းအပ်နှံခြင်းမရှိစေရန် တာဝန်ယူဆောင်ရွက်ခြင်း။

( ခ ) ပစ္စည်းထိန်းသည် မိမိဆောင်ရွက်ခဲ့သော ငွေပေးငွေယူ ဆောင်ရွက်ချက်အားလုံးကို ရှင်းလင်းချက်များနှင့်တကွ ငွေစာရင်းစာအုပ်များတွင် မှန်ကန်စွာ မှတ်တမ်းရေးသွင်း ထိန်းသိမ်းထားရှိရမည်။ ထို့ပြင် တရားရုံးက အမိန့်ချမှတ်ထားခြင်းမရှိလျှင်ကုမ္ပဏီ၏ ဒါရိုက်တာ၊ မြီရှင် သို့မဟုတ် အစုရှယ်ယာဝင်များက ထိုမှတ်တမ်းများကို စစ်ဆေး ကြည့်ရှုခွင့် တောင်းခံလာသည့်အခါ သင့်လျော်သည့်ကာလအတွင်း ခွင့်ပြုရမည်။

**အခကြေးငွေကိုသတ်မှတ်ရန် တရားရုံး၏အာဏာ**

၃၈။ (က) စာချုပ်တွင်ပါဝင်သော သတ်မှတ်ချက်တစ်ရပ်ရပ်အရ ကုမ္ပဏီ၏ ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရသူတစ်ဦးထံသို့ ပေးချေရမည့် အခကြေးငွေကို ပြင်ဆင်သတ်မှတ်ပေးရန် အကျိုးသက်ဆိုင်သူတစ်ဦးမှ လျှောက်ထားလာပါက တရားရုံးသည် အမိန့်ချမှတ်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ လျှောက်ထားလာသည့်အခါ တရားရုံးသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်–

(၁) ထိုအမိန့်တစ်ရပ်ချမှတ်ခြင်းမပြုမီ အချိန်ကာလတစ်ရပ်နှင့် စပ်လျဉ်း၍ ဤပုဒ်မခွဲအရ အမိန့်တစ်ရပ်ချမှတ်ခဲ့ခြင်းမရှိလျှင် ထိုကာလတစ်ရပ်အတွက် အခကြေးငွေကို သတ်မှတ်ခြင်း၊

(၂) ထိုသို့သော အမိန့်တစ်ရပ်ချမှတ်ခြင်းမပြုမီ ပစ္စည်းထိန်းသည် သေဆုံးသွားခြင်း သို့မဟုတ် ပစ္စည်းထိန်းအဖြစ်မှ ရပ်စဲသွားခြင်းဖြစ်စေကာမူ ဤပုဒ်မအရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(၃) ထိုသို့သော အမိန့်တစ်ရပ်ချမှတ်ခြင်းမပြုမီ အချိန်ကာလတစ်ရပ်၌ ပစ္စည်းထိန်းသို့ ပေးအပ်ထားသော အခကြေးငွေ သို့မဟုတ် မိမိ၏အခကြေးငွေအတွက် ပစ္စည်းထိန်းက ထိန်းသိမ်းထားသောငွေကြေးသည် နောက်ပိုင်း၌ တရားရုံးက အမိန့်တစ်ရပ်ဖြင့် သတ်မှတ်ထားသော ငွေပမာဏထက် ကျော်လွန်နေလျှင် တရားရုံးသည် သင့်သည် ထင်မြင်ပါက ပစ္စည်းထိန်းရရှိသော သို့မဟုတ် ထိန်းသိမ်းထားသော ငွေပမာဏအတွက် စာရင်းရှင်းလင်းတင်ပြစေရန် ဆင့်ဆိုခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**



## လူထုအခြေပြုခရီးသွားလုပ်ငန်းဖွင့်ပွဲကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၁၇**
တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလုံးထာကျေးရွာ လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲက ကလုံးထာကျေးရွာ ဓမ္မရက္ခိတကျောင်း၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးသည် ကျွန်းပေါင်း ၈၀၀ ကျော် ရှည်လျားသော ကမ်းရိုးတန်း၊ စိမ်းလန်းသော တောတောင် ရေမြေ၊ ပေါများသောဇီဝမျိုးစိတ်များဖြင့် ကြွယ်ဝသောဒေသတစ်ခုဖြစ်ကြောင်း၊ CBT ဆိုသည် ရပ်ရွာဒေသအဆင့်တွင် ဒေသခံလူထုပိုင်ဆိုင်သော၊ လုပ်ဆောင်သော၊ စီမံခန့်ခွဲမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုကိုဆိုလိုကြောင်း၊ မိမိတို့တတ်နိုင်သောအခန်းကဏ္ဍကနေပြီး ညီညီညွတ်ညွတ် ဆောင်ရွက်ကြမည်ဆိုလျှင် ရေရှည်တည်တံ့သောလူထုအခြေပြုခရီးသွားလုပ်ငန်းတစ်ခု ကလုံးထာကျေးရွာတွင် အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုးက အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသိန်းက ကလုံးထာကျေးရွာသည် သဘာဝအရင်းအမြစ်များစွာတည်ရှိသည့်အပြင် ရှားပါးအရင်းအမြစ်တစ်ခုဖြစ်သော ရေပူစမ်းတစ်ခုကိုလည်းပိုင်ဆိုင်ထားကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် အစားထိုးလုပ်ဆောင်ခြင်းသည် ပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်ထိန်းသိမ်းရာရောက်ကြောင်း၊ ဒေသခံလူထုအနေဖြင့် မိမိတို့၏ရိုးရာဓလေ့ယဉ်ကျေးမှုများ ပျက်စီးပျောက်ကွယ်မှုမရှိရေးသတိပြုဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက ရှေးဟောင်းပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကလုံးထာကျေးရွာမှထွက်ရှိသော ဒေသထွက်ကုန်များကို ကြည့်ရှုခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## သုံးဆယ့်သုံးဆူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများဖွံ့ဖြိုးရေးဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၁၇**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ခနိမ်းဖော်ကျေးရွာ သုံးဆယ့်သုံးဆူကျေးရွာများ အပါအဝင် ပတ်ဝန်းကျင်ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကရင်ပြည်နယ် ဝန်ကြီးများနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် သုံးဆယ့်သုံးဆူကျေးရွာရှိ သုံးဆယ့်သုံးဆူ ဆံတော်ရှင်စေတီတော် ဓမ္မာရုံ၌ သုံးဆယ့်သုံးဆူကျေးရွာ အပါအဝင် ပတ်ဝန်းကျင် ကျေးရွာ ၁၂ ရွာရှိကျေးရွာနေပြည်သူလူထုများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ဒေသခံပြည်သူများ၏ တင်ပြမှုများကို ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အံဖကြီးကျေးရွာ အထက(ခွဲ)တွင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျေးရွာနေဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပညာရေးအတွက် ခွန်အားဖြစ်စေရေး အားပေးစကားများ ပြောကြားကာ ကော့ကရိတ်မြို့နယ်တွင် နည်းပညာကောလိပ်(GTC) တည်ဆောက်မည့်မြေနေရာ လျာထားမှုအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။
**နေမျိုးလွင်(ပြန်/ဆက်)**



## ငလျင်ဘေးအန္တရာယ်ဆိုင်ရာအသိအမြင်မြှင့်တင်မှု ရက်သတ္တပတ်လူထုလှုပ်ရှားမှုဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
ရန်ကုန်တိုင်းဒေသကြီးအဆင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိအမြင် မြှင့်တင်မှုရက်သတ္တပတ် လူထုလှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံဝင်းအတွင်း၌ စတင်ကျင်းပရာ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ Action Aaid Myanmar မှ Country Director က နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံမြေငလျင်ကော်မတီနာယက ဒေါ်လှလှအောင်က ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မဟာဗန္ဓုလပန်းခြံအတွင်း ပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါလှုပ်ရှားမှုကို ဆက်စပ်ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တွင် အသိပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။
**မြင့်မောင်**



## မန္တလေးမြို့၌ ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၇**
Solo Festival Art Exhibition ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၃၁လမ်းနှင့် ၈၄လမ်းထောင့်ရှိ ဓမ္မသာလခန်းမ၌ ကျင်းပသည်။

ပန်းချီဆရာ ကိုလေး(Oliver)၊ အံ့တင်အောင်၊ ဆန်းထွန်း(OGRE)၊ ကိုနော်(ပုဂံ)၊ ထူးတိုးတင့်၊ ရွှေစင်အေး၊ ခက်စိမ်းနွယ်၊ လောကကြီး၊ မြတ်ပန်းနွယ်နှင့် H3W အစရှိသော ပန်းချီဆရာ ၁၀ ဦး ရေးဆွဲထားသော အခရိုင်းလစ်အသုံးပြု ဒီဇိုင်း ပန်းချီများ ကိုယ်ပိုင်စိတ်ကူးဖြင့် ပုံဖော်ဖန်တီး ရေးဆွဲထားသော အကြောင်းအရာမျိုးစုံ ပန်းချီကားပေါင်း ၃၄၀ ခန့် ပြသခဲ့ကြောင်း သိရသည်။
**သန်းဇော်မင်း**
**(ပြန်/ဆက်)**



## တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

**ပဲခူး ဖေဖော်ဝါရီ ၁၇**
ပဲခူးမြို့ ဥဿာမြို့သစ် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်နံနက် ၉ နာရီက တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်း (BDMC) အမှတ်စဉ် (၂/၂၀၂၀) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌကိုယ်စား ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပွယ်စေးက အဖွင့်အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသိန်းငွေအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သဘာဝဘေးနဲ့ပတ်သက်လို့ အသိပညာ၊ ဗဟုသုတများတိုးပွားစေပြီး သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး မဖြစ်ခင်ကြိုတင်ကာကွယ်ပြင်ဆင်ရေး၊ ဘေးအန္တရာယ်ကျရောက်နေစဉ်အတွင်း ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ဘေးကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သင်တန်းသား သင်တန်းသူများ ကောင်းစွာသိရှိနားလည်လာမှာဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းအောင်က ပြောကြားပြီး သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၀ ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ပထမလေးလကျော်ကာလ၌ မီးဘေး အကြိမ် ၂၀၊ လေဘေး ၂၇ ကြိမ်၊ ကမ်းပြိုဘေး တစ်ကြိမ်၊ မိုးကြိုးဘေး ရှစ်ကြိမ်၊ အခြားဘေး တစ်ကြိမ် စုစုပေါင်း ၅၇ ကြိမ် ဖြစ်ပွားခဲ့သည်။ **တင်စိုး(ပဲခူး)**

## ကျေးရွာချင်းဆက် ချောင်းကူးတံတားဖွင့်လှစ်

**မြောင်းမြ ဖေဖော်ဝါရီ ၁၇**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြောင်းမြ-စကမြား ဆက်သွယ်ရေးလမ်းပေါ်ရှိ သရောဘုန်းချောင်းကူးတံတားကို ကျေးရွာသူ ရွာသားများ စုပေါင်းအားဖြင့် တည်ဆောက်ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါချောင်းကူးတံတားမှာ မြောင်းမြ-စကမြားဆက်သွယ်ရေးမြေသားလမ်းပေါ်ရှိ သရောဘုန်းချောင်းကို ဖြတ်၍ ဝါးများဖြင့် တည်ဆောက်ထားသည်။

အဆိုပါ သရောဘုန်းကျေးရွာချင်းဆက်တံတားမှာ အရှည်ပေ ၁၂၀၊ အကျယ် ၁၂ ပေရှိပြီး ချောင်းတစ်ဖက်ကမ်းရှိ ကျေးရွာပေါင်း ၂၅ ရွာခန့်မှ ဒေသခံကျေးရွာပြည်သူများ မြောင်းမြမြို့သို့ အချိန်မရွေးသွားလာနိုင်ကြကာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွင် လွယ်ကူလျင်မြန်အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း တပင်ချောင်းကျေးရွာမှ မန်းအောင်အေးက ပြောသည်။

**အောင်မင်း (မြောင်းမြ)**

## မန့်ဟီးရိုးမြို့၌ သီးနှံများ အောင်မြင်ဖြစ်ထွန်းသော်လည်း ဈေးကောင်းမရ

**မန့်ဟီးရိုး ဖေဖော်ဝါရီ ၁၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မန့်ဟီးရိုးမြို့သည် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကာ တရုတ်နိုင်ငံသို့ သီးနှံများ တင်ပို့ရောင်းချသည်။

တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့တွင် ဖြစ်ပွားသောCOVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါကြောင့် ယူနန်ပြည်နယ် ရွှေလီမြို့ရှိ သစ်သီးကုန်စည်ဒိုင်များ၏ အဝယ်နည်းပါးနေပြီး စိုက်ပျိုးထားရှိသော ပြောင်း၊ ဖရုံ၊ ပဲ၊ ကြံနှင့် ဟင်းသီးဟင်းရွက်များကို ဈေးရုံအတွင်း၌သာ ရောင်းချနေကြရသည်။

ယခင်က ပြောင်းဖူးတစ်တန်လျှင် ယွမ် ၃၀၀၀ ကျော်မှ ယခုဆိုလျှင် ပိသာလိုက်သာရောင်းချနေရကြောင်း၊ ဖရုံသီးများလည်း ယခင်လောက်ဈေးကောင်းမရကြောင်း တောင်သူ ဦးစိုင်းဆိုင် (ရပ်ကွက်-၁) က ပြောသည်။

သီးနှံများဈေးကောင်းမရသော်လည်း ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အရှိန်မပျက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မန့်ဟီးရိုးမြို့တစ်ခွင် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**စန္ဒာ(ပြန်/ဆက်)**



## တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စည်းကမ်းချက်များဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၁၇**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရာတွင် မသမာမှု ကင်းရှင်းစွာဖြင့် စာမေးပွဲကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြိတ်မြို့နယ်အတွင်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက အထက(၁) မြိတ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။



မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်က အမှာစကားပြောကြားပြီး မြိတ်မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲကို ကြီးကြပ်ဆောင်ရွက်ကြမည့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ရုံးအဖွဲ့များ စုစုပေါင်း ၅၀၀ ခန့်ကို မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန တက္ကသိုလ်ဝင် စာမေးပွဲဆိုင်ရာ လုပ်ငန်းလက်စွဲပါ စာဖြေသူစာရင်းပြုစုခြင်းကာလတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စာစစ်ဌာနများ လျာထားစီစဉ်ခြင်း၊ စာမေးပွဲကြီးကြပ်ခြင်း၊ စာမေးပွဲစစ်ဆေးသည့်ကာလ၊ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူး၊ လက်ထောက် ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ လိုက်နာရမည့်စည်းကမ်းချက်များ၊ တက္ကသိုလ်ဝင် စာမေးပွဲ အသေးသုံး ကြီးကြပ်ချီးမြှင့်ငွေ ထုတ်ပေးခြင်းဆိုင်ရာ အချက်များကို ဆွေးနွေးခဲ့ကြသည်။

မြိတ်မြို့နယ်တွင် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲကို စာစစ်ဌာနကိုးခု၌ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင် စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၆၉၀၀ ကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ် ပြန်/ဆက်)**

## ကသာခရိုင်အတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်

**ကသာ ဖေဖော်ဝါရီ ၁၇**
ကသာခရိုင်အတွင်း သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို ယခင်နှစ်များထက် တိုးမြှင့်ပြုလုပ်နေကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ကသာခရိုင်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၃၅၀ တည်ထောင်စိုက်ပျိုးခဲ့ပြီး ၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၄၀၀ နှင့် ရေဝေရေလဲစိုက်ခင်း ဧက ၁၀၀ စုစုပေါင်း ဧက ၁၅၀၀ တည်ထောင်ရန်အတွက် စိုက်ခင်းအကြိုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အခြားသစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများအနေဖြင့် ဓမ္မတာမျိုးဆက်ဆောင်ရွက်ပေးခြင်း ဧက ၅၆၅၀၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း ဧက ၁၀၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း ၁၁၉၄၃ ဧက၊ သီးနှံရောနှောစိုက်ပျိုးခြင်း ဧက ၆၀၊ ပင်ကျပ်နုတ်ခြင်း ၁၂၂၅ ဧက၊ ပင်ပူးခွာကိုင်းချိုင်ခြင်း ၂၇၅ ဧက၊ စိုက်ခင်းဟောင်းဖာထေးစိုက်ပျိုးခြင်း ၄၄၅ ဧက၊ သစ်မျိုးသန့်ဥယျာဉ်နှင့် သစ်စေ့ထုတ်ဧရိယာတည်ထောင်ခြင်း ဧက ၁၂၀၊ လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်း အပင် ၁၂၉၇၀၀ နှင့် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဖွဲ့စည်းခြင်း ၂၁ ဒသမ ၈၅၇ စတုရန်းမိုင် စသည့်လုပ်ငန်းများကိုလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်းကုန်းကျေးရွာ၌ ကျေးရွာမီးလင်းရေးအတွက် ထရန်စဖော်မာ တည်ဆောက်ရန်မြေနေရာ အလှူရှင်မိသားစုအား မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်က ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်။

တင်ဦး(ရမည်းသင်း)

## တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းများ မြို့နယ်အသီးသီး၌ ကျင်းပ

**မန္တလေး**
လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တရားဥပဒေစိုးမိုးရေး စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆-၂၇ လမ်းနှင့် ၈၃ လမ်းရှိ ရတနာသိင်္ဂီဟိုတယ်၌ ကျင်းပသည်။

ထို့နောက် ဦးတင်အောင်(တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ တရားဥပဒေစိုးမိုးရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ဦးထွန်းအောင်ကျော်(ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့)၊ ဦးယုလွင်အောင်(မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အဖွဲ့ဝင်-ငြိမ်း) တို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**ခင်ခင်ဝင်း(ပညာရေး)**

**သထုံ**
မွန်ပြည်နယ် သထုံမြို့နယ် ကွန်ပျူတာတက္ကသိုလ်(သထုံ) ဘွဲ့နှင်းသဘင်ခန်းမတွင် လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကွန်ပျူတာတက္ကသိုလ်(သထုံ) ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက အမှာစကားပြောကြားပြီး သထုံခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိ၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ(သထုံ) ဥက္ကဋ္ဌ ဒေါက်တာပြုံးချိုနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးအရာရှိ ဦးစိုးအောင်တို့က ဦးဆောင်ဆွေးနွေးကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**သက်ဦး(သထုံ)**

**မြို့သစ်**
ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် မြို့သစ်မြို့နယ် ထောက်ရှာတန်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထက်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမြတ်ကိုကို၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီနီလှိုင်တို့က ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားကြသည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၅ မှ
အဆိုပါ လမ်းကူးချိန်မြင်ကွင်းကို နိုင်ငံတကာ ရုပ်ရှင်များ၊ သတင်းများ၊ ကြော်ငြာများတွင် မကြာခဏ မြင်တွေ့ရလေ့ရှိပြီး အချို့နိုင်ငံခြားသားများက အဆိုပါ ရှီဘူယလူကူးမျဉ်းကျားကို တိုကျိုမြို့တော်၏ အထင်ရှားဆုံးသော သင်္ကေတတစ်ခုအဖြစ် သတ်မှတ်ညွှန်းဆိုကြသည်။ လူများချိန် လမ်းတစ်ခါဖြတ်ကူးလျှင် လူထောင်ဂဏန်းအထိရှိတတ်ပြီး တစ်နေ့လျှင် ထိုရှီဘူယ လူကူးမျဉ်းကျားနေရာမှ လူပေါင်း ၅၀၀၀၀၀ ဝန်းကျင်ဖြတ်ကူးသွားလာသည်ဟု သိရသည်။

အဆိုပါ လမ်းကူးချိန်ကို ကြည့်ရှုရန် အကောင်းဆုံးနေရာမှာ အပေါ်စီးမှ ဖြစ်သည်ဟု ဆိုကြပါသည်။ လမ်းညွှန်ဝက်ဘ်ဆိုက်အချို့တွင် ရှီဘူယမျဉ်းကျား လူဖြတ်ကူးချိန်ကို အပေါ်စီးမှ ကြည့်ရှုရန် အကောင်းဆုံးနေရာများမှာ လူကူးမျဉ်းကျားအနီးရှိ Mag's Park Building ၏ ခေါင်မိုး၊ Shibuya Sky Building (Shibuya Scramble Square)၏ ခေါင်မိုး၊ Tsutaya Building ၏ ဒုတိယအထပ်တွင် တည်ရှိသော စတားဘတ်ခ်ကော်ဖီဆိုင် (Starbucks Coffee)၊ ရှီဘူယဘူတာရုံအတွင်းရှိ Shibuya Station နှင့် Mark City Building တို့အား ဆက်သွယ်ထားသည့် လူကူးတံတားနှင့် L'OCCITANE Cafe တို့ ဖြစ်သည်။ စာရေးသူအမြင်ကတော့ အပေါ်မှ ကြည့်မည်ဆိုလျှင် အချိန်လည်းကုန်ပြီး အပေါ်မှ ကြည့်ရမည့် နေရာအများစုသည် ဝင်ကြေးလည်း ပေးရပါလိမ့်မည်။ လူများနှင့်လည်း ဝေးကွာသလို ခံစားရမည်ဖြစ်ပြီး သဘာဝဆူညံသံများကိုလည်း ကြားရလိမ့်မည်မဟုတ်ပါ။ သို့ဖြစ်ရာ စာရေးသူကတော့ ခွေးရုပ်တုလေးရှိသည့် ခွေးရုပ်ရင်ပြင်ထောင့်တစ်နေရာမှာပင် နေရာယူရင်း အဆိုပါကမ္ဘာကျော် လူကူးမျဉ်းကျားတွင် လူအများသွားလာနေပုံကို နှစ်ကြိမ်၊ သုံးကြိမ် ကြည့်ရှုခဲ့ပြီး ရောနှောပါဝင် လမ်းဖြတ်ကူးဖူးခဲ့သည်။

'ခွေးကလေး ဟာချီကိုးကြေးရုပ်တု' ထံ သွားရောက်လည်ပတ်လိုပါက လိပ်စာမှာ Shibuya, Tokyo 150-0043, Japan ဖြစ်ပြီး အနီးဆုံးဘူတာမှာShibuya Station (Hachiko Exit)ဖြစ်သည်။ 'ခွေးကလေးဟာချီကိုးအုတ်ဂူ' ထံ သွားရောက်လေ့လာလိုပါက အာအိုယာမသင်္ချိုင်း (AyomaCemetery) လိပ်စာမှာ 2 Chome-33 Minamiaoyama, Minato-ku, Tōkyō-to 107-0062 ဖြစ်ပြီး သင်္ချိုင်းရှိ ဟာချီကိုးအုတ်ဂူတည်နေရာမှာ Area 6, plot 12, Ayoma Cemetery ဖြစ်ပါသည်။ အနီးဆုံးဘူတာမှာ Aoyama-Itchome Station (Ginza, Oedo&Hanzomon Lines) ဖြစ်ကာ ဘူတာရုံမှ သင်္ချိုင်းသို့ ၁၀ မိနစ်ခန့် လမ်းလျှောက်ရသည်။ တိုကျိုတက္ကသိုလ်တွင် စိုက်ထူထားသော 'ဟိုက်ဇဘူရိုအုအဲနော့နှင့် ဟာချီကိုး အမှတ်တရကြေးရုပ်တု' ထံ သွားရောက်ကြည့်ရှုလိုပါက လိပ်စာမှာ 'the grounds of the Department of Agriculture at the University of Tokyo' ဖြစ်ပြီး အနီးဆုံးဘူတာမှာ Todaimae Station (Nanboku Line) ဖြစ်ပါသည်။ ။

## ချန်ပီယံလိဂ်ကစားခွင့် ပိတ်ပင်ခံခဲ့ရသော်လည်း မန်စီးတီးတွင် နည်းပြ ဂွါဒီယိုလာ ဆက်ရှိမည်ဟု ပြောကြား

မန်စီးတီးအသင်း ချန်ပီယံလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့် နှစ်နှစ်ကြာပိတ်ပင်ခံခဲ့ရသော်လည်း အီတီဟက်ဒ်မှာ ဆက်ရှိနေဖို့ ရည်ရွယ်ထားတယ်လို့ မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့ပါတယ်။



ယူအီးအက်ဖ်အေက ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ခွင့်မရရှိခဲ့ပါက မန်စီးတီးအသင်းဟာ အခုဘောလုံးရာသီကုန်ဆုံးပြီးနောက် ၂၀၂၂ ခုနှစ်အထိ ဥရောပပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမှာမဟုတ်ကြောင်းလည်း သိရပါတယ်။

နည်းပြ ဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း ၂၀၂၁ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ နည်းပြ ဂွါဒီယိုလာဟာ ဗုဒ္ဓဟူးနေ့မှာ ပြန်လည်ကစားဖို့ စီစဉ်ထားတဲ့ ပရီမီယာလိဂ်ပွဲစဉ်ဖြစ်တဲ့ ဝက်စ်ဟမ်းအသင်းနဲ့ ပွဲစဉ်ပြီးချိန်မှာ မန်စီးတီးအသင်းမှာ ဆက်ရှိရေး သို့မဟုတ် ထွက်ခွာရေးနဲ့ပတ်သက်ပြီး ဆွေးနွေးသွားဖွယ်ရှိနေတယ်လို့လည်း သတင်းတွေထွက်ပေါ်နေတာ ဖြစ်ပါတယ်။

နည်းပြ ဂွါဒီယိုလာဟာ ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်တို့မှာ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားတွေ ရယူနိုင်ခဲ့ပေမယ့် ဘိုင်ယန်မြူးနစ်အသင်းနဲ့ အခု မန်စီးတီးအသင်းတို့မှာ နည်းပြအဖြစ်တာဝန်ယူချိန်မှာတော့ ဘာစီလိုနာအသင်းမှာတာဝန်ယူခဲ့စဉ်က ရရှိခဲ့တဲ့အောင်မြင်မှုတွေကို မရယူနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် – ရေးသားသည်**

## အင်တာမီလန်အသင်းနည်းပြ ကွန်တီက တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူဖို့မျှော်လင့်

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းနည်းပြ ကွန်တီဟာ အာဆင်နယ်အသင်းမှ ဂါဘွန်တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူဖို့ မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းခေါင်းဆောင် အူဘာမေယန်ဟာ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းမှာ နောက်ဆုံး ၁၈ လသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အသင်း အဆင့် ၄ စာရင်းမဝင်နိုင်တာက အူဘာမေယန်ကို အသင်းကနေ ဆုံးရှုံးရမယ့်အခြေအနေဖြစ်နေတာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကို ရောက်ရှိချိန်ကတည်းက ဥရောပပြိုင်ပွဲနဲ့ လွဲခဲ့ရတာမို့ တိုက်စစ်မှူး အူဘာမေယန်အနေနဲ့ မြောက်လန်ဒန်မှာ ဆက်ရှိမယ့်သူ့ရဲ့အနာဂတ်အတွက် စဉ်းစားလာဖွယ်ရှိနေတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းကလည်း ဂါဘွန်တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့ပေမယ့် လက်ရှိအချိန်မှာ ဘာစီလိုနာအသင်းက အင်တာမီလန်တိုက်စစ်မှူး လော်တာရိုမာတီနက်ဇ်ကို ခေါ်ယူဖို့ ပြောင်းလဲစီစဉ်နေတာဖြစ်ပါတယ်။




ဒါကြောင့် အင်တာမီလန်အသင်းက တိုက်စစ်မှူး မာတီနက်ဇ်ကို ဆုံးရှုံးရဖွယ်ရှိနေတာကြောင့် အစားထိုးကစားသမားအဖြစ် အသင့်ခေါ်ယူနိုင်ရေးအတွက် အာဆင်နယ်အသင်း တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူဖို့ စီစဉ်လာတာဖြစ်ပါတယ်။

○ ကျောဖုံးမှ

ပြိုင်ပွဲများအနက် အာဆီယံယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ အမျိုးသားပြိုင်ပွဲ၊ အာဆီယံယူ-၁၈ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ အမျိုးသားပြိုင်ပွဲတို့ကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ၊ အာဆီယံဖူဆယ်ပြိုင်ပွဲ၊ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာဆီယံသဲသောင်ပြင် ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲကိုမူ အိမ်ရှင်နိုင်ငံ ရွေးချယ်ခြင်းမရှိဘဲ ပြိုင်ပွဲဝင်နိုင်ငံများတွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို တစ်သင်းလျှင် အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – စိုးညွန့်**

❒ MIU အသင်းမှ

ပြိုင်ပွဲခုနှစ်ကြိမ်တွင် ချန်ပီယံဆု လေးကြိမ်ရရှိကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

MIU အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပပြီးစီးခဲ့သည့် ၂၀၁၉-၂၀၂၀ ရာသီဖူဆယ်လိဂ်ပြိုင်ပွဲတွင် VUC အသင်းနှင့် ၆၂ မှတ်စီ တူညီသော်လည်း အဝေးဂိုးစည်းမျဉ်းဖြင့် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သလို ၂၀၁၉ ခုနှစ်က ကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့သောကြောင့် အာရှအဆင့်နှင့် အာဆီယံအဆင့်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

MIU အသင်းသည် MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့သလို ဖူဆယ်လိဂ်တွင် ဗိုလ်စွဲခဲ့သောကြောင့် အာရှဖူဆယ်ကလပ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ သို့သော် MIU အသင်းအနေဖြင့် ယှဉ်ပြိုင်ခွင့်ရထားသည့် ပြိုင်ပွဲနှစ်ခုစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ရှိ၊ မရှိ ပြန်လည်ဆုံးဖြတ်မည်ဖြစ်ပြီး အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ဦးစားပေးယှဉ်ပြိုင်ဖွယ်ရှိနေသည်။ အာရှကလပ်ပြိုင်ပွဲတွင် ဖူဆယ်လိဂ်ချန်ပီယံ MIU အသင်း ယှဉ်ပြိုင်ခြင်းမရှိပါက ဒုတိယဆုရသည့် VUC အသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ၂၀၁၅ ခုနှစ်၊ အာရှဖူဆယ်ကလပ်ပြိုင်ပွဲတွင် ၂၀၁၈ ခုနှစ်၌ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

MIU အသင်းသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် လေးကြိမ်ယှဉ်ပြိုင်ခဲ့ပြီး လေးကြိမ်စလုံး တတိယဆုရရှိခဲ့သည်။ MIU အသင်းသည် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တွင် အာရှကလပ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် VUC အသင်းက နှစ်ကြိမ်စလုံး အစားထိုးယှဉ်ပြိုင်ခဲ့သည်။

**သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – ဘုန်းသော်**

# အနုပညာ

### အဒဲလ်၏ တေးအယ်လ်ဘမ်သစ် စက်တင်ဘာလအတွင်း ထွက်ရှိမည်

ဂရမ်မီဆုရှင် တေးသံရှင်တစ်ဦးဖြစ်တဲ့ အဒဲလ်က လတ်တလောပြုလုပ်ခဲ့တဲ့ သူငယ်ချင်းရဲ့မင်္ဂလာပွဲကို တက်ရောက်ကာ တေးသီချင်း သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။ အဆိုပါ မင်္ဂလာပွဲမှာ အဒဲလ်က သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို လာမယ့် စက်တင်ဘာလအတွင်း ပရိသတ်ရှေ့အရောက် ပို့ဆောင်ပေးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၅ ရက်က လန်ဒန်မှာ ပြုလုပ်ခဲ့တဲ့ လော်ရာဒေ့ါခ်ရေးရဲ့ မင်္ဂလာပွဲမှာ အဒဲလ်က တေးသီချင်းနဲ့ ဖျော်ဖြေပေးခဲ့တာပါ။ မင်္ဂလာပွဲပုံရိပ်ကို အဒဲလ်က သူ့ရဲ့ အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တဲ့ ဗီဒီယိုတစ်ခုမှာ မင်္ဂလာပွဲမှာ ဖျော်ဖြေရင်းက အဒဲလ်က တေးအယ်လ်ဘမ်သစ်အကြောင်း ထုတ်ဖော်ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။

## စံချိန်သစ်တင်လိုက်တဲ့ Crash Landing on You

တောင်ကိုရီးယားဇာတ်လမ်းတွဲ Crash Landing on You ဟာ tvN ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံး ဇာတ်လမ်းတွဲအဖြစ် စံချိန်တင်ခဲ့ကြောင်း အောကေပေ့ါ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲဟာ tvN ရုပ်သံလိုင်းအတွက် ကြည့်ရှုသူ ၂၀ ရာခိုင်နှုန်းကျော်လွန်ခဲ့တဲ့ ဇာတ်လမ်းတွဲအဖြစ် စံချိန်တင်ခဲ့တာဖြစ်ပါတယ်။ မင်းသား ဟွန်ဘင်းနဲ့ မင်းသမီး ဆန်းရယ်ဂျင်တို့ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားတဲ့ Crash Landing on You ရဲ့ နောက်ဆုံးအပိုင်းဟာ ကြည့်ရှုသူ ၂၁ ဒသမ ၆၈၃ ရာခိုင်နှုန်းရှိခဲ့ပြီး ယခင်က ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်တင်ထားတဲ့ ၂၀၁၇ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ Goblin ရဲ့ စံချိန်ကို ကျော်လွန်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲအတွက် တေးသံရှင် အိုင်ယူ သီဆိုပေးထားတဲ့ တေးသီချင်း I Gave You My Heart ဟာလည်း စတင်ထုတ်လွှင့်ပြီးနောက် နာရီပိုင်းအတွင်းမှာပင် ဒေသတွင်းက တေးဂီတဇယားတွေကို ဦးဆောင်နေပါတယ်။

အဆိုပါ တေးသီချင်းကို တေးသံရှင် အိုင်ယူက ဖေဖော်ဝါရီ၁၅ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး အဆိုပါတေးသီချင်းဟာ လတ်တလောမှာ တေးဂီတဇယားများစွာမှာ နံပါတ်တစ်နေရာကို ရယူထားကြောင်းလည်း သိရပါတယ်။ ဒီတေးသီချင်းဟာ ကိုးနှစ်တာကာလအတွင်း ပထမဆုံးထုတ်လွှင့်တဲ့ အိုင်ယူရဲ့ ဇာတ်ဝင်တေးလည်း ဖြစ်ပါတယ်။



**အေးပြည့် – ရေးသားသည်**

## တေးအယ်လ်ဘမ်မထွက်ရှိမီ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမယ့် BTS



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ မကြာမီမှာ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာတော့မှာဖြစ်ပါတယ်။ ဒီလို တေးအယ်လ်ဘမ်သစ် မထုတ်လွှင့်မီ မီဒီယာတွေနဲ့ တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘစ်ဂ်ဟစ်အင်တာတိန်းမန့်က ဖေဖော်ဝါရီ ၁၇ ရက်မှာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲကို အဖွဲ့ရဲ့ တရားဝင် ယူကျူချန်နယ်ပေါ်ကနေ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

BTS ဟာ တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဖေဖော်ဝါရီ ၂၁ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်ထွက်ရှိမှုနဲ့အတူ နယ်လှည့်ဖျော်ဖြေပွဲတွေလည်း ပြုလုပ်သွားဖို့ရာ စီစဉ်ထားပြီးဖြစ်ပါတယ်။ လတ်တလောဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တေးသံရှင်တွေဟာ ဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းကြောင်း ကြေညာတာတွေကို ယခုရက်ပိုင်းမှာ ကြားသိနေရပါတယ်။

BTS ရဲ့ နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကိုတော့ လတ်တလောအချိန်အထိ ပြောင်းလဲခဲ့ခြင်းမရှိပေမယ့် သတင်းစာရှင်းလင်းပွဲမှာ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေနဲ့အတူ နယ်လှည့်ဖျော်ဖြေပွဲအကြောင်းအရာတွေကိုလည်း ထပ်မံကြားသိရမှာ ဖြစ်ပါတယ်။

# နွေသီးနှံစိုက်ပျိုးရန် မဲဇလီရေလှောင်ဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံတောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက စတင်ကာ ပွင့်ဖြူမြို့နယ် မဲဇလီရေလှောင်ဆည်မှ တောင်မုန်းမြောင်းမကြီးအား စိုက်ပျိုးရေများဖြန့်ဝေပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ရာသီသီးနှံများ စိုက်ပျိုးနိုင်ရန်နှင့် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများ စိုက်ပျိုးရေ လုံလောက်စွာရရှိသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



စိုက်ပျိုးရေပို့လွှတ်မည့် ရေလက်တံမြောင်းများအတွင်း ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့မှုမဖြစ်စေရန်နှင့် နွေသီးနှံစိုက်ပျိုးလယ်မြေများ စိုက်ပျိုးရေ မျှတစွာရရှိရေးအတွက် ကြိုတင်၍ ရေလက်တံမြောင်းများအား ရှင်းလင်းထားရှိနိုင်ရေး တောင်သူများကို အသိပေးနှိုးဆော်ထားကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းက ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၁၉ - ၂၀၂၀ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးဧက ၁၄၃၈၀ နှင့် နွေနှမ်းစိုက်ပျိုးဧက ၄၀၀၇၇ ဧက လျာထား စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ လျာထားမှုတွင် ယခင်ဘဏ္ဍာနှစ်ထက် ငွေကျပ်သန်း ၄၀၀ ကျော် လျော့နည်းလျာထား

**မုံရွာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းအတွက် ယခုနှစ်စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေလျာထားမှုတွင် ယခင်ဘဏ္ဍာနှစ်လျာထားမှုထက် ငွေကျပ် ၄၀၈ ဒသမ ၄၉၃၁ သန်း လျော့ချလျာထားခဲ့ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေး တွင်းနက်၊ တွင်းတိမ်၊ စိမ့်စမ်းရေသွယ်ခြင်း၊ လက်တူးတွင်း၊ မြေသားရေကန်နှင့် အခြားနည်းလမ်းစသည့် ရေရရှိရေးနည်းလမ်းခြောက်သွယ်ဖြင့် လုပ်ဆောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၁၃၆၀ ဒသမ ၈၀၀ သန်းကို လျာထားခဲ့ခြင်းဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ငွေကျပ် ၁၇၆၉ ဒသမ ၂၉၃၁ သန်းအထိ လျာထားမှုများရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်မှာ ရေကောင်းရေသန့်ရဖို့ အင်မတန်ခက်ခဲနေတဲ့ ကျေးရွာတွေ ကျန်နေပါသေးတယ်၊ ရိုးရိုးရေကရှာမယ်ဆိုရင် မိုးရာသီပိုင်းမှာတော့ လွယ်ပါတယ်၊ ရေကောင်းရေသန့်ရရှိဖို့အတွက်တော့ အင်းတော်မြို့နယ်မှာအင်မတန်ခက်ခဲတယ်၊ တွင်းနက်တွေတူးမှသာလျှင် ရေကောင်းရေသန့်ရမှာဖြစ်တယ်"ဟု အင်းတော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းအတွက် တွင်းတိမ် သုံးတွင်း၊ တွင်းနက် ၄၂ တွင်း၊ လက်တူးတွင်းတစ်တွင်း၊ မြေသားရေကန်တစ်ကန်၊ စိမ့်စမ်းရေသွယ်ခြင်း ၂၁ ခု၊ အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်း ရှစ်ခုတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၁၃၆၀ ဒသမ ၈၀၀ သန်းဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# တာမိုးညဲမြို့၌ နှာခေါင်းစည်း ၆၅၀၀ ပြည်သူများထံ အခမဲ့ဖြန့်ဝေ

**တာမိုးညဲ ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့၌ ကိုရိုနာဗိုင်းရပ်စ်(COVID-19)ကြိုတင်ကာကွယ်ရန်အတွက် ယနေ့ နံနက် ၁၀ နာရီတွင် တန်ဖိုးငွေကျပ် ၃၂ သိန်းကျော်ရှိ နှာခေါင်းစည်း စုစုပေါင်း ၆၅၀၀ ကို တာမိုးညဲမြို့ အခြေခံပညာကျောင်းများနှင့် ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးသည်။

တာမိုးညဲမြို့ တိုက်နယ်ဆရာဝန် ဒေါက်တာ ရှိန်ဌေးက ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မိမိလက်များကို ဆပ်ပြာနှင့်စင်ကြယ်အောင် စနစ်တကျဆေးကြောကြရန်၊ လူစုလူဝေးများကို ရှောင်ကြဉ်ရန်၊ နှာခေါင်းစည်းများကိုတပ်ဆင်ပြီး အမှိုက်ပုံးထဲ၌ စနစ်တကျစွန့်ပစ်ကြရန်၊ ဖျားနာ၊ နှာစေး၊ ချောင်းဆိုးပါက နီးစပ်ရာဆေးခန်းသို့ ပြသကြရန်နှင့် သံသယရှိလူနာများ တွေ့ရှိပါက ဌာနဆိုင်ရာရုံးများနှင့် ကျန်းမာရေးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန်၊ ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာဗဟုသုတများကို ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား ဟောပြောသည်။



ထို့နောက် နှာခေါင်းစည်းများကို အခြေခံကျောင်းများရှိ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## သီပေါမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းဆိုင်ရာ စည်းဝေး

**သီပေါ ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ နှင့် မြို့နယ်ရပ်/ကျေးကော်မရှင်ဖွဲ့စည်းပုံများကို စံငါးချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သီပေါမြို့နယ်အနေဖြင့် ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ရပ်ကွက် ၁၁ ရပ်ကွက်တို့တွင် မဲရုံပေါင်း ၁၀၇ ရုံ ဖွင့်လှစ်နိုင်ရန် သတ်မှတ်လျာထားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## သတင်းစုံကဏ္ဍ

### ရမည်းသင်း၌ နွေသီးနှံဧက ၃၀၀၀ ကျော်စိုက်ပျိုးမည်

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း နွေသီးနှံဧက ၃၀၀၀ ကျော် စိုက်ပျိုးရန်အတွက် ရမည်းသင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ စိုက်ပျိုးရေစတင်ပေးဝေလျက်ရှိသည်။

ယင်းသို့ စိုက်ပျိုးရေပေးဝေရာတွင် ကျီးနီကန်စိုက်ပျိုးရေသောက် လယ်ယာမြေများတွင် နွေစပါး ဧက ၄၀၀၊ မိုးကြိုဝါ ဧက၇၀၀၊ သစ်ဆုံဆည် စိုက်ပျိုးရေသောက် လယ်ယာမြေများတွင် မိုးကြိုဝါ ဧက ၁၉၂၀ စိုက်ပျိုးမည်ဟု သိရသည်။ **လှိုင်သန်းတင့်**

### အီးအမ်ဘိုကာရှီမြေဆွေး တောင်သူများကိုယ်တိုင် ပြုလုပ်

**ဘုတလင်**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် စိုက်ပျိုးမြေများ၏ မြေဆီလွှာစွမ်းအားမြှင့်တင်ပေးနိုင်ရန်အတွက် အီးအမ်ဘိုကာရှီမြေဆွေးကို တောင်သူများကိုယ်တိုင် ပြုလုပ်အသုံးပြုလာကြကြောင်း ညောင်ကန်ကျေးရွာမှ စိုက်ပျိုးရေးဝန်ထမ်းဟောင်းဖြစ်သည့် တောင်သူ ဦးမြင့်နိုင်ထံမှ သိရသည်။

အီးအမ်ဘိုကာရှီမြေဆွေးကို ပြုလုပ်ပြီး ချက်ချင်းအသုံးမပြုသေးလျှင် ပလတ်စတစ်အိတ်ထဲတွင် သေချာစွာ ထည့်သွင်းကာ အေး၍ အရိပ်ရပြီး ခြောက်သွေ့သောနေရာတွင် ခြောက်လအထိ ထားနိုင်ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း အီးအမ်ဘိုကာရှီမြေဆွေး ပြုလုပ်နည်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။ **ဖိုးခါး(ပြန်/ဆက်)**

### စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉နာရီက ကွင်းဆင်းစစ်ဆေးသည်။

ဂဠုန်ကုန်းကျေးရွာမြစိမ်းရောင်စီမံကိန်း၏ စာရင်းဇယား ဖြည့်သွင်းထားရှိမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို မြို့နယ်ဦးစီးမှူး ဦးအေးဇော်မြင့်နှင့်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

### ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အဆောက်အဦသစ်ဖွင့်

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံ ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အဆောက်အဦသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါရုံးရှေ့၌ ဖွင့်လှစ်သည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် ရတနာပုံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြသိန်းတို့က အဆောက်အဦသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ အဆောက်အဦမှာ အလျား၂၇ ပေ၊ အနံ ၂၅ ပေ နှင့်အမြင့် ၁၇ ပေရှိပြီး ကုန်ကျငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၁၄၀ ဖြစ်ကြောင်းသိရသည်။ **အောင်မြင့်(ပန်းတောင်း)**

### နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ လက်ပန်ကျေးရွာရှိ ရွှေလက်ပန်နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ရွှေနယားကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ကိုဇော်က ငွေကျပ် ၂၅၅၀၀၀၀၊ ဦးမြတ်သန့်စင်က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးအောင်မြတ်(GDG) ဥက္ကဋ္ဌနှင့်အဖွဲ့က ငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ရွှေလက်ပန်နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမင်းကိုကိုဦးနှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **ကိုကျော်(သုံးခွ)**

# လားရှိုးမြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**လားရှိုး ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက လူမှုဝန်ထမ်းဦးစီးဌာနရှိ အမှတ်(၁)မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRC) (United Nations Convention on the Right of the Child) တွင် ပါရှိသော အဓိကအခွင့်အရေးလေးရပ်နှင့် တာဝန်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကလေးသူငယ်များ သိသင့်သိထိုက်သော ကလေးသူငယ် ဥပဒေများဆိုင်ရာ အကြောင်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

**(၉-၃-၂၀၁၉) ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပို့သမေတ္တာ မုဒိတာများ** ☎ ၀၉-၅၆၀၀၁၂၃

သုရိန်အောင် ☎ ၀၉-၄၄၄၅၂၈၉၉၈၈
- အထူးကောင်း။ ဦးဝိလာသာဘိဝံသ (မင်္ဂလာဒုံ ၀၉-၅၁၇၉၀၇၉)
- ကုသိုလ်လည်းရ ၊ ဒေသန္တရဗဟုသုတများလည်း ရရှိခဲ့ပါသည်။ အရှင်ပညာသာရ (မန္တလေး ၀၉-၂၅၀၂၀၅၉၅၀)
- ရှေ့ဆက်လက်တည်တံ့အောင် ဆောင်ရွက်နိုင်ပါစေကြောင်း။ ဦးဝဏ္ဏိတ (မန္တလေး ၀၉-၄၄၁၀၀၄၇၉၈)
- စိတ်ချမ်းသာပါသည်။ ဦးစန်းယု (တောင်ကြီး ၀၉-၅၂၁၄၈၉၂)
- ခရီးသွားလို့ အဆင်ပြေပါသည်။ ဦးမိုလ်ဖွါး (မန္တလေး ၀၉-၂၅၉၀၆၈၃၄)
- အားလုံးအဆင်ပြေကောင်းမွန်ပါသည်။ ဦးဝင်းမြင့် (နောင်တရား ၀၉-၂၅၀၂၅၃၇၂၅)
- ယခုထက်ပို၍ သာသနာတော်ကို ထမ်းဆောင်နိုင်ပါစေ။ ဦးစိုးဝင်း (ကောလင်း ၀၉-၉၆၃၄၂၉၇၅၃)
- ခရီးသည်များနှင့် ရင်းနှီးမှု ၊ အစစကူညီမှုရှိကြပါသည်။ ကျော်ပြည့်ဖြိုး (မန္တလေး ၀၉-၉၆၃၃၃၃၆၂၅)

ဇင်အောင်ထွေး ☎ ၀၉-၄၄၈၀၃၃၇၄၆
- ဝန်ဆောင်မှုအလွန်ကောင်း။ ဦးစန္ဒာသူရိယ (တောင်ငူ ၀၉-၄၂၈၁၁၃၃၄၂)
- ခင်နန္ဒာနှင့် စိတ်ချမ်းသာ ၊ (၆)နှစ်ဆက်ခဲ့ပါ။ ဒေါ်စိန်စိန် (စမ်းချောင်း ၀၉-၂၅၄၃၁၆၇၇၀)
- (၃)ခေါက်မြောက်ပြည့်ပြီး ၊ ဆက်တိုက်လိုက်ပါအုံးမည်။ ဒေါ်ခင်ခင်ဦး (ပန်းဘဲတန်း ၀၉-၄၂၃၃၀၅၂၂၀)
- ဝမ်းသာပီတိနဲ့ ကျေးဇူးပါ ခင်နန္ဒာ။ ဒေါက်တာခင်ခင်ဌေး (စမ်းချောင်း ၀၉-၅၆၅၀၀၅၁)
- သွားချင်မည့် ခရီးသည်များကို လမ်းညွှန်ပေးပါမည်။ ဒေါက်တာခင်ခင်ယု (မြိတ် ၀၉-၄၁၀၀၅၀၈၈)
- နှစ်ပေါင်းများစွာ အောင်မြင်မှုများ ဆက်လက်တည်တံ့ပါစေ။ ဒေါ်အုန်းကြည် (ထားဝယ် ၀၉-၂၅၃၂၈၇၅၂၀)
- ဤအဖွဲ့ကြီး ဆက်လက်တိုးတက်ပါစေကြောင်း ဆုတောင်းပါသည်။ ဒေါ်ခင်မာချို (တောင်ငူ ၀၉-၄၂၉၄၁၀၅၆၉)

**ပိုင်ရှင်ကိုယ်တိုင်**
**နှစ်ထပ်တိုက်ငှားမည်**
ဝေဇယန္တာလမ်းမကြီးပေါ် လုပ်ငန်းလုပ်ရန်ကောင်းသည်။ ကားဂိုဒေါင်ပါသည်။ အလုံးစုံပြင်ဆင်ပြီး။ အကျိုးဆောင်များလည်း လက်ခံပါသည်။ **ဆက်သွယ်ရန်-**
**Ph:09-5013242, 09-799863798**

**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

**ဝန်ထမ်းအလိုရှိသည်။** (အိမ်သာလင်းမြို့နယ်ရုံးတွင် တာဝန်ထမ်းဆောင်ရန်)
၁။ **Sales Executive** ကျား/မ (၅)ဦး
- အရောင်းကြို့နှီးမှု ရေးရွက်သော ကျွမ်းကျင်စွာဆောင်ရွက်နိုင်သူ
အရောင်းတာဝန်ယူရမည့် အရောင်းစေငသများနှင့် အရောင်းဆိုင်များအား ဆက်ဆံရေးကောင်းမွန်သူ
၂။ **Media Marketing** ကျား (၄)ဦး
- English စာရေးဝင်းဖတ်နိုင် Customer Service အတွေ့အကြုံရှိ၊
- Adversting နှင့်ပါတ်သတ်၍ ကိုယ်ပိုင်အတွေးနှင့် ခရီးသွားနိုင်သူ
၃။ **Sales** ကျား/မ (၁၀)ဦး
ကွန်မြူတာအခြေခံရှိသူ၊ Shopping Centre များ၏ ဖွင့်/ပိတ်ချိန်အတိုင်း လုပ်ကိုင်နိုင်သူ
နယ်သို့လိုအပ်ပါက promotion ပွဲများလိုက်နိုင်သူ၊
၄။ **Driver** ကျား (၃)ဦး
လိုင်စင်၊ အရောက်၊ ကွန်မြေတာ၊ ရန်ကုန် နယ်ဝေးကျွမ်းကျင်၊ နယ်ခရီးသွားနိုင်သူ
၅။ **Store Keeper** ကျား (၃)ဦး
စတိုး၊ Ware House ၊ ပစ္စည်းထိန်းသိမ်းရေးဆိုင်ရာ အတွေ့အကြုံရှိရမည်။
တိုက်(၃၁)၊ အခန်း(၅)၊ ... ၀၁ ၂၀၃၆၇၁၊ ၀၁-၂၀၅၇၅၆၊
(၂၂-၂-၂၀၂၀) နံနက် (၁၀)နာရီ အင်တာဗျူးမည်။
CV Form များကို (၂၁-၂-၂၀၂၀) ညနေ (၅နာရီ)နောက်ဆုံးထားပို့ပေးပါရန်။

**မိုးသောက်ဝန်းအဆင့်မြင့်မူကြို**
(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ဝန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျောင်းကာရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။
(1) Junction စေတနာအနီး: Ph-01-571545, 09-5126882,09-43122883
(2) ထုနာပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133

**"ရွှေစည်"**
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
09-443122029
09-795669534

**မြင့်မိုရ် CAR RENTAL**
အေးချမ်းပျော်ရွှင်စွာခရီးသွားလာနိုင်ရန်
4/7/10/15/35 ယောက်စီး
ကား အမျိုးမျိုး ငှားရမ်း နိုင်ပါသည်။
09-5191361,09-765191361

**YGN** အိမ် ခြံ မြေ အကျိုးဆောင်မှု
**မြောက်ဒဂုံမြို့နယ်ရှိ**
တိုက်၊ ခြံ၊ မြေ များ ရောင်း/ဝယ်
လိုပါက ဆက်သွယ်အပ်နှံပါပြီ။
**09 779933549**

**စိန်ငါးလုံး ဆံပင်ပေါက်ဆေး**
ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေး၊ မျက်ခုံးမွေးများ ကျွတ်ခြင်း၊ ပါးခြင်း၊
ပေါင်ခြင်း၊ မပေါက်ခြင်း၊ ဦးခေါင်းယားခြင်း၊ ခေါင်းချေးထွက်ခြင်း၊
နာစေးနာပိတ်ခြင်း၊ ကောက် သန်းယားခြင်း တို့ဖြစ်လျှင်
"စိန်ငါးလုံး" ဆံပင်ပေါက်ဆေးကို သိမ်းပါ။
ပင်ရင်း - ဆ/၁၀၁၊ မောသိ(၄)လမ်း ... ဈေးပတ်လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ ☎ -၀၉၄၂၁၀၄၀၀၀၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။





ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# မွေးနေ့မင်္ဂလာဆုမွန်လွှာ

စိုးစံ(လင်း)ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ (MD)နှင့် Inya View Hotel (Chairman) ဦးအောင်ထွန်း ၏ (၁၈. ၂. ၂၀၂၀) ရက်နေ့တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာ၍ သာယာပျော်ရွှင်ချမ်းမြေ့စွာဖြင့် ချစ်သောမိသားစု နှင့်အတူ ပြည့်စုံအောင်မြင်သောဘဝကို ထာဝရပိုင်ဆိုင်နိုင်ပြီး ဘာသာ၊ သာသနာအကျိုးသယ်ပိုးထမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ....

Soe San (Lynn)Co.,Ltd မှဝန်ထမ်းများ

PANDA Engineering Group Since 1999

Air-Con Sales & Service Centre

09 515 8803, 09 732 29024, 09 519 8402
09 253 582 510, 09 253 833 810

မျိုး 01 8380164 09 5017088 09250640699

ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

## မြေညီထပ် ကွန်ဒိုတိုက်ခန်းအငှား

ဆူးလေဘုရားလမ်း ၁၆၆/၁၆၈ (မြေညီထပ်) အနံ ၂၂'၆" အလျား၆၀' အမြင့် ၂၀' ထပ်ခိုးပါ အတွင်းလှေကားပါ ဆိုင်ခန်းသစ်အား ညှိနှိုင်းဈေးဖြင့် ငှားမည်။
ဘဏ်လုပ်ငန်း၊ နိုင်ငံခြားကုမ္ပဏီကို ဦးစားပေးမည်။

ဖုန်း-၀၉-၂၆၃၄၈၀၃၀၀

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများအတွက်လိုအပ်သော သင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၇-၂-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် တစ်စုံလျှင်ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၇-၃-၂၀၂၀ရက် ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ သင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆နှင့် website ဖြစ်သော www.tvetmyanmar.gov.mm, www.dtvet.gov.mmတို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

IGCSE ၊ အစိုးရ အထက်တန်းအောင်မြင်ပြီး နှင့် အပြည်ပြည်ဆိုင်ရာ ၁၂ တန်း တက်ရောက်ပြီးသည့် ကျောင်းသားကျောင်းသူများ SAT မလိုဘဲ အမေရိကန်နိုင်ငံမှ ထိပ်တန်းတက္ကသိုလ်ကြီးများသို့ တိုက်ရိုက်တက်ရောက်နိုင်ပြီ . . .

## အမေရိကန်ကျောင်းဝင်ခွင့်ဆိုင်ရာ ပညာရေးဆွေးနွေးပွဲ

| နေ့ရက် | အချိန် | နေရာ |
|---|---|---|
| Friday 21 FEBRUARY | 2 pm ~ 4 pm | Inle Room, Level 4, Novotel Hotel |

- အမေရိကန် တက္ကသိုလ်ကြီးများသို့ GSSP မှတစ်ဆင့် လျှောက်ထားရာတွင် အားသာချက်များ
- IGCSE နှင့် အထက်တန်းအောင်မြင်ပြီးသူများ တိုက်ရိုက်တက်ရောက် နိုင်မည့် တက္ကသိုလ်ကြီးများ
- Master Degree များ လျှောက်ထားရာတွင် လိုအပ်မည့် ကျောင်းဝင်ခွင့်အချက်အလက်များ
- Scholarships ၊ F1 ဗီဇာ လိုအပ်ချက်၊ နေထိုင်စရိတ်နှင့် အခြား ကုန်ကျစရိတ်များ အကြောင်း

အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။
01 652320, 09 5062161, 09 799 59 59 49 /eduGlobalVillage

GSSP GLOBAL STUDENT SUCCESS PROGRAM

SAT နှင့် ACT မဖြေဆိုပြီး ကျောင်းသား/သူများ U.S. Universities များ၏ ပထမနှစ်တန်းသို့ တိုက်ရိုက်လျှောက်ထားနိုင်ပြီ။

AT&S International Education Services

ရှင်ပြုံးသူဇာ 09 5012803. 09 5007745 09 785007745

| | | | |
|---|---|---|---|
| ကမ္ဘာ့ဧရိပ်သာ | 50' × 110' | 3RCကောင်း | 20000 သိန်း |
| ရွှေတောင်ကြား | 90' × 65' | မြေ | 12400 သိန်း |
| အင်းယားမြိုင် | 60' × 96' | မြေ | 10500 သိန်း |
| ဘောက်ထော် | 50' × 70' | 1RC | 6500 သိန်း |
| သုဝဏ္ဏ VIP | 60' × 120' | 2RC | 6500 သိန်း |
| ရွှေတောင်ကြား | 60' × 100' | 2RC | အငှား US$ 3500 |

## "GLORY သင်တန်းဆင်းများအတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

2020 Jan နှင့် 2018 March တို့တွင် NSSA မှ ကြီးမှူးကျင်းပသော " Myanmar Skills Competition " ပြိုင်ပွဲများတွင်မော်တော်ကားစက်ပြင်ဘာသာရပ်အတွက် "ပထမဆု " ရရှိခဲ့ကြသော GLORY သင်တန်းဆင်းများအတွက် GLORY မှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ----



မောင်ရဲထက် ပထမဆု 2020 ပြိုင်ပွဲ





မောင်အားမာန်ထွန်း ပထမဆု 2018 ပြိုင်ပွဲ



## "မော်တော်ကားပြုပြင် ထိန်းသိမ်းခြင်း အဆင့်မြင့် ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

- ဂျပန်နိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Second Class Automotive Mechanic သင်ရိုးညွှန်းတမ်းဖြင့် အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။
- သင်တန်းအမျိုးအစား - Advanced Diploma in Automotive Eng ; (Maintenance)
  - သင်တန်းကာလ - 6 Months (၆လ) ၊
  - လက်ခံမည့်ဦးရေ - (၂၀)ဦး ၊
  - သင်တန်းဖွင့်မည့်ရက် - 20 - 4 - 2020
  - သင်တန်းအပတ်စဉ် - (၅)
  - ပညာအရည်အချင်း - Automotive Engineering Dip (3rd class) အောင်မြင်ထားသူများ။
  - အောင်လက်မှတ် - OIST (Japan) မှ အောင်လက်မှတ်ချီးမြှင့်ပါမည်။

သင်ကြားပေးမည့်အကြောင်းအရာများ

- Automotive Repair and Inspection
- Advanced Troubleshooting and Diagnosis
- Advanced Automotive System (GDI , Common Rail , Hybrid , DSC , Air Bag , Safety)
- Business Management and Customer Services
- အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ -
  - OBD Scanner အမျိုးမျိုး , Break Tester , Side Slip Tester , 5D Alignment Tester , Digital Oscilloscope , Exhaust Gas Tester , Compression Pressure Gauge နှင့် အခြား Special Tools and Measuring Instrument များ

GLORY Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
09-73121717 , 09-5197817 Facebook - GloryCareerTrainingCentre

## အထူးဝမ်းနည်းကြေကွဲခြင်း

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်) ကြေးတိုင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ကြေးတိုင်ဦးစီးဌာန (အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဦးသိန်းကျော်တို့သည် ၁၆-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်လှိုင်(ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သန့်စင်**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်စိန်ရီ

**အသက်(၉၁)နှစ်**

သူငယ်ချင်း ဦးကြည်မောင်ဝင်းနှင့် ဒေါ်ခင်မြတ်ဝင်းတို့၏ မိခင် ဒေါ်ခင်စိန်ရီ အသက်(၉၁)နှစ် သည် ၁၅-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Eco 1979 Batch မှ ချစ်သူငယ်ချင်းများ**

**လှဲ့လှဲ့၊ မေအေး၊ တူးတူး၊ ဟယ်လင်း၊ ခင်စောဦး**

## အထူးကျေးဇူးတင်လွှာ

### ဦးအောင်တင့် (မြောင်းမြ၊ အိမ်မဲ)

**လက်ထောက်တိုင်းပညာရေးမှူး (ငြိမ်း)**

**အသက် (၈၆) နှစ်**

ဆရာကြီး ဦးအောင်တင့် ဆေးရုံတက်ချိန်မှစ၍ ကွယ်လွန်သည့်အချိန်အထိ အကူအညီပေးခဲ့ကြပါသော ပင်လုံ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံဝန်ထမ်းများ၊ သူနာပြုများ၊ မြောင်းမြမြို့နှင့် အိမ်မဲမြို့တို့မှ တပည့်ကျောင်းသားဟောင်းများ၊ လွမ်းသူ့ပန်းခြင်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ မော်တော်ယာဉ် စီစဉ်ပေးသူများ၊ နှစ်သိမ့်အားပေးကြသော မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒုတိယရဲမှူးကြီး ဝင်းဇော်(ငြိမ်း)

**အသက်(၆၃)နှစ်**

သူငယ်ချင်း ဒုတိယရဲမှူးကြီးဝင်းဇော်(ငြိမ်း)သည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**ဒုရဲအုပ်လောင်း(အရာရှိ)သင်တန်းအမှတ်စဉ်(၁၅)အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြေတိုင်းနှင့် စီမံကိန်း သုတေသနဌာနခွဲ၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန၊ (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင် အသက် (၅၄) နှစ်နှင့် မြေစာရင်းဦးစီးဌာန၊ အောက်မြန်မာပြည် (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးသိန်းကျော် အသက် (၅၆) နှစ်တို့သည် ၁၆-၂-၂၀၂၀ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမင်းလွင်

**အသက်(၄၈)နှစ်**

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁) တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၄) ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းလွင်သည် ၁၅-၂-၂၀၂၀ ရက် ညနေ ၃:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## ဦးခင်အောင်ရွှေ (ခ) ဆန်နီ

**CENTURY SHIPPING**

**အသက် (၆၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက် ရပ်ကွက်၊ အမှတ်(၃၇)၊ (၈၇)လမ်းနေ (ဦးလွန်းရွှေ-ဒေါ်ကြင်ကြင်)တို့၏ သားကြီး၊ (ဗိုလ်မှူးတင်ကြည်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဒေါ်သီတာကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မစုလှဖြူ (ပြည်တွင်းအခွန်များဦးစီးဌာန)၏ ချစ်လှစွာသောဖခင်၊ မေမြတ်သူ၊ ကျော်ဇင်သန့်၊ ခင်ပြည့်စုံ၊ လွင်ကိုမြတ်၊ ကောင်းပုံသစ်၊ ခိုင်ခိုင်ဝင်း၊ အေးအေးဝင်း၊ ဥမ္မာကြည်၊ ချိုကြည်၊ ဖြူကြည်၊ ဒေါ်ရသီ၊ မောင်နေဝင်း၊ မောင်စည်သူ၊ ထွန်းလင်းအောင်တို့၏ ဦးလေး၊ ခိုင်ငြိမ်းချမ်းသူ၊ ဒေါက်တာအင်ကြင်းခင်၊ စုလင်းမြတ်၊ မနှင်းအိန္ဒြေ၊ SARAH၊ HANNAH၊ မောင်တည်ကြည်၊ ကျော်ကျော်မွန်းအောင်၊ ရွှေဖြိုးမွန်းအောင်တို့၏အဘိုး ဦးခင်အောင်ရွှေသည် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်အောင်ရွှေ (ခ) ဆန်နီ

**CENTURY SHIPPING**

**အသက် (၆၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက် ရပ်ကွက်၊ အမှတ်(၃၇)၊ (၈၇)လမ်းနေ (ဦးလွန်းရွှေ-ဒေါ်ကြင်ကြင်)တို့၏ သားကြီး၊ (ဗိုလ်မှူးတင်ကြည်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဒေါ်သီတာကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မစုလှဖြူ(ပြည်တွင်းအခွန်များဦးစီးဌာန)၏ ချစ်လှစွာသောဖခင်၊ ဦးကျော်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ညိုမီရွှေ၊ ဦးဝင်းကို-ဒေါ်ခိုင်သန့်ရွှေတို့၏ အစ်ကိုကြီး၊ ဦးထွန်းဝင်း-ဒေါ်သန်းသန်းနွယ်၊ Capt.ထိန်ဝင်း-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်သက်ထားဝင်း(တွဲဖက်ပါမောက္ခ-ငြိမ်း၊ စိတ်ပညာဌာန)၊ ဦးခင်မောင်ထွေးတို့၏ ညီ/မောင် ဦးခင်အောင်ရွှေ သည် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသီဟသန်းထွန်း(ခ)ဖိုးသား

**BE (Electronic)**

**အသက်(၄၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၂၉)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာနေ [ဗိုလ်မှူးချုပ်သန်းထွန်း (ဒု-ဝန်ကြီး-ငြိမ်း)-ဒေါ်ချစ်ယဉ်(ဖြူး)]တို့၏ သား၊ (ဦးသန်းစိုး)-ဒေါ်မြင့်မြင့်စိန်တို့၏ သားသမက်၊ ဒေါ်မေသန်းထွန်း၏မောင်၊ မအေးသဥ္စာထွေး၏ခင်ပွန်း၊ သမီးလေး သီရိသန်းထွန်း၏ ချစ်လှစွာသောဖခင် ဦးသီဟသန်းထွန်း(ခ)ဖိုးသားသည် ၁၆-၂-၂၀၂၀ ရက် နံနက် ၁၀:၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၂၀ ရက် ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၂၀ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ထားကြူ

**အသက်(၉၀)**

**ပါမောက္ခဌာနမှူး၊ ရောဂါဗေဒဌာန**

**ဆေးတက္ကသိုလ် (၂)**

ရန်ကုန်မြို့၊ အမှတ်(၅၁-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းနေ ပါမောက္ခ ဒေါက်တာဒေါ်ထားကြူသည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄-၁၉၈၂ ခုနှစ် ဆေးတက္ကသိုလ်(၂)**

**မင်္ဂလာဒုံမှ တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အုန်းတင့်

**အသက် (၉၀)**

နေပြည်တော်လမ်းဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်မှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မြင့်မြင့်စိုး၏ချစ်လှစွာသောမိခင်ကြီး ဒေါ်အုန်းတင့် အသက်(၉၀) သည် ၁၅-၂-၂၀၂၀ (စနေနေ့) ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ဝန်ထမ်းမိသားစုများ**

**လမ်းဦးစီးဌာန၊ နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်အေး (ခရမ်း)

**အသက် (၈၄) နှစ်**

ခရမ်းမြို့၊ ဘုရားလမ်းနေ ဒေါ်စမ်းတင်၏ခင်ပွန်း၊ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင် ဦးရဲထွဋ်၏ဖခင် ဦးတင်အေးသည် ၁၅-၂-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ခရမ်းမြို့နယ်အသင်း (ရန်ကုန်)**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်အောင်

**(2nd Mate-FG)**

**အသက် (၅၆) နှစ်**

ကသာမြို့နယ်၊ ပျဉ်းလေးပင်နေ (ဦးသိန်းမောင်-ဒေါ်ခင်လှ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကြင်-ဒေါ်တင်မေ)တို့၏ သားသမက်၊ [ဦးထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)]-ဒေါ်မူမူသန်း၊ (ဦးလှသော်)၊ (ဦးမောင်ကို)၊ ဒေါက်တာနွယ်နွယ်ဦး၊ (ဦးမြင့်မောင်)-ဒေါ်ပြုံးတင်၊ ဦးမြင့်ကြည်-ဒေါ်သန်းနုတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၈၁) (A3)နေ ဒေါ်မြင့်မြင့်ရီ(အထွေထွေမန်နေဂျာ၊ CB Bank)၏ချစ်လှစွာသောခင်ပွန်းသည် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်(၂)၊ မြေကွက်အမှတ်- ၁၄၀၊ မြေကွက်တည်နေရာ အမှတ်(၁၄၀)၊ မက္ခရာမင်းသားကြီးလမ်းနှင့် မင်းကြီးမဟာမင်းခေါင်လမ်းထောင့် စက်မှုဇုန်(၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁) ဦးထွန်းအောင်သာ [၁၁/စတန(နိုင်)၀၂၃၉၉၇]၊ (၂)ဒေါ်ပုလဲစိန်[၁၁/စတန(နိုင်)၀၄၂၅၆၂]၊ (၃)ဒေါ်တင်တင်ရီ[၁၂/ဗတထ(နိုင်)၀၁၀၈၂၈]၊ (၄) ဦးသိန်းဇံမောင် [၁၁/စတန(နိုင်)၀၅၅၁၆၈]၊ (၅) ဒေါ်နှင်းသူဇာဝင်း[၁၁/စတန(နိုင်)၀၆၆၇၈၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းဇံမောင် ၂၉-၈-၂၀၁၄ ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဦးသိန်းဇံမောင်၏ ပိုင်ဆိုင်ခွင့်အား ပိုင်ဆိုင်ကြောင်း ညီမဖြစ်သူ ဒေါ်ဇင်မာအောင် [၁၁/စတန(နိုင်)၀၆၄၁၁၁]မှ ကျန်အမည်ပေါက် ဦးထွန်းအောင်သာ+ဒေါ်ပုလဲစိန်+ဒေါ်တင်တင်ရီ+ဒေါ်နှင်းသူဇာဝင်းတို့နှင့် အတူ ပူးတွဲ၍ ဂရန်မူရင်း၊သေစာရင်း၊ ကျမ်းကျိန်လွှာအမှတ်-၁၇၃၀/၂၀၁၉(၁၅-၈-၂၀၁၉)၊ ၁၇၃၁/၂၀၁၉ (၁၅-၈-၂၀၁၉)၊ ၁၇၃၂/၂၀၁၉ (၁၅-၈-၂၀၁၉)၊ သန်းခေါင်စာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နှစ်(၆၀)မြေဂရန် အမည်ပေါက် ဦးထွန်းအောင်သာ+ဒေါ်ပုလဲစိန်+ဒေါ်တင်တင်ရီ+ဦးသိန်းဇံမောင်+ ဒေါ်နှင်းသူဇာဝင်း အမည်ပေါက်(၅)ဦးတွင် အမည်ပေါက်(၁)ဦးဖြစ်သူ ဦးသိန်းဇံမောင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ညီမဖြစ်သူ ဒေါ်ဇင်မာအောင်မှ ကျန်ဦးထွန်းအောင်သာ+၃ဦးနှင့် အတူပူးတွဲ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
အစဉ်
စိုက်ပျိုး
အလှတိုး

## ဒေါ်ခင်ခင်လှိုင် @ Margaret M.A. [English] (၉၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ အမှတ်(၄၆-က)၊ ဖိုးစိန်လမ်းနေ မဟာသရေစည်သူ ဦးအုန်းဖေ (တရားဝန်ကြီး-ငြိမ်း)-ဒေါ်မြမြတို့၏ သမီးကြီး၊ ဦးသန်းထွဋ် [အထွေထွေမန်နေဂျာ-ငြိမ်း(ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း)]၏ ဇနီး၊ ဦးတင်ဖေ (MOFA-ငြိမ်း)-ဒေါ်စပ်နုဝတီတို့၏ ညီမ ၊ ဦးဝင်းဖေ (ရှေ့နေချုပ်ရုံး-ငြိမ်း)-ဒေါ်ခင်ခင်စိန်၊ ဒေါ်မေမေခင်၊ ဦးလှဖေ-ဒေါ်ဒိုင်ယာနာ(UK)၊ ဦးဘိုရဲ (ပြည်တွင်းအခွန်ဦးစီးဌာန-ငြိမ်း)-ဒေါ်ခင်ဘုန်းဆွေ၊ [ဦးထွန်းထိန် (ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး-ငြိမ်း)] - ဒေါ်တီတီအုန်းတို့၏ ချစ်လှစွာသောအစ်မကြီးသည် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၀၀:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၂၀ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်လှိုင် @ Margaret M.A [English] (၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ အမှတ် (၄၆/က)၊ ဖိုးစိန်လမ်းနေ [မဟာသရေစည်သူ ဦးအုန်းဖေ (တရားဝန်ကြီး-ငြိမ်း)-ဒေါ်မြမြ]တို့၏ သမီးကြီး၊ ဦးသန်းထွဋ် [အထွေထွေမန်နေဂျာ-ငြိမ်း (ကြယ်ငါး ပွင့်သင်္ဘောကော်ပိုရေးရှင်း)]၏ဇနီး၊ ဒေါ်သူဇာတင်ဖေ-Christian Heugas၊ ဒေါ်မိမိဝင်းဖေ-(ဦးခင်ညိုလှိုင်)၊ ဗိုလ်မှူးမောင်မောင်ဝင်းဖေ(ငြိမ်း)-ဒေါ်စန်းစန်းလွင်၊ ဦးဇာနီတင်ဖေ(US)၊ ဦးရောဘတ်ဖေ-Gabbi(UK)၊ ဦးအောင်အောင်ဘို-ဒေါ်ကျင်သန်း၊ ဒေါ်နီလာခင်ဘို-ဦးအောင်ထွန်း(ခေတ္တ-UK)၊ Dr.သင်းသင်းလှိုင်-ဦးဇွဲနန္ဒ၊ မသီတာဝင်းဖေ (ခေတ္တ-USA)၊ ဦးထိန်လင်းကျော်-ဒေါ် ဂျက်ကလင်းအလ်ခွန်နှောင်း(ခေတ္တ-ဩစတြေးလျ) တို့၏ ချစ်လှစွာသောကြီးတော်/ မိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၀၀:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၀(အင်္ဂါနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၂၀(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်သန်းထွန်း

**အသက်(၇၈)နှစ်**

**ဒု-လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေးမှူး) MEPE**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စေရန်ပိုင်အရှေ့ရပ်ကွက်၊ အမှတ်(၂၇/A)၊ ဦးလူကလေးလမ်းနေ (ဦးကျော်လှ-ဒေါ်ပု)တို့၏ သား၊ ဒေါ်ဘေဘီပြုံး(MEPE)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်ဇော်(MOB Bank)-ဒေါ်မာလာခင်(YESC)၊ ဦးသန်းအောင်-ဒေါ်သန္တာအုံးတို့၏ ဖခင်၊ မခင်မာထွန်း (ပထမနှစ်၊ မဟာဝိဇ္ဇာတန်း-မြန်မာစာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ရဲဝေယံအောင်၊ မရွှန်းလဲ့ရွှေရည် (နဝမတန်း-က၊ အထက-၄၊ အလုံ)တို့၏ အဘိုး သည် ၁၇-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၃:၄၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း (ပျော်ဘွယ်မြို့)

**ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း(အလယ်)၊ ဦးစိုး(မုန့်ဟင်းခါး)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း(အလယ်)၊ အမှတ်(၇၇)နေ (ဦးစံဝေ-ဒေါ်စောညွန့်)တို့၏ သားကြီး၊ ကိုမောင်ပု-မစန်းတင့်တို့၏ အစ်ကိုကြီး၊ ဒေါ်ခင်မာလွင်(ခ)ဒေါ်မလေး၏ ခင်ပွန်း၊ မောင်ဖြိုးပိုင်ဝင်း-မပုလဲမွန်တို့၏ ဖခင်၊ မောင်ကောင်းဆက်လင်း၏ အဘိုး၊ ဒေါ်အုံးမြ၊ ဒေါ်မနီတို့၏တူ ဦးတင်ဝင်းသည် ၁၇-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၂:၄၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြသက်ကြူ (၆၁)နှစ်

**ဌာနခွဲမှူး(ငြိမ်း) (ဘဏ္ဍာရေး)ရပ်ရှင်မြှင့်တင်ရေးဌာနခွဲ**

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

ဦးဝင်းတင် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏ ဇနီး ဒေါ်မြသက်ကြူ အသက်(၆၁)နှစ် သည် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ဖိုးစိန်လမ်း၊ အမှတ်(၄၆/က)နေ Grand Hantha International ဆေးရုံကြီးမှ ရောဂါဗေဒအထူးပြု ဆရာဝန်ကြီး၊ အာဟာရပညာရှင် ဒေါက်တာသင်းသင်းလှိုင်နှင့် ကိုဇွဲနန္ဒတို့၏ မိခင်သဖွယ်ဖြစ်သော ကြီးတော်ကြီး ဒေါ်ခင်ခင်လှိုင်သည် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်္ဂလန်နိုင်ငံရောက် မိတ်ဆွေများ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ နဝရတ်ရုံ(ပထမထပ်)၊ ဆိုင်ခန်းအမှတ် (၄)၊ ဆိုင်ခန်းအငှားချထားခံရသူ ဦးခင်မောင်အေး[၁၂/ဗဟန(နိုင်)၀၅၆၅၆၅]ထံမှ ၂၃-၈-၂၀၁၂ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်အေးစီ[၆/ပလန(နိုင်)၀၃၄၀၈၇]မှ အမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ် ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖုန်း-၀၉-၅၄၀၅၆၄၇**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ဆူးလေကုန်းရွာနေ မောင်ကျော်စိုးဝင်း [၅/ကနန(နိုင်)၀၅၇၃၂၇]၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၃၈၉၀၀၁

# ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်သွယ်ပေးမည့် မကျီးဇင်တံတား

**ပုသိမ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်သွယ်ပေးမည့် မကျီးဇင်တံတားတည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု ၇၂ ရာခိုင်နှုန်းပြီးစီးနေပြီး မေလကုန်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကျီးဇင်တံတားသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။



ယခုအခါ တံတားသစ်စီမံကိန်း၏ ဥဘက်ကမ်းရှိ ကမ်းကပ်ခုံ A2 မှ ရေလယ်တိုင် P4 အထိ အရှည် ၂၁ မီတာလေးခန်းအတွက် သံကူကွန်ကရစ် ရက်မလုပ်ငန်းများနှင့် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီး ရွှေသောင်ယံဘက်ကမ်းရှိ ကမ်းကပ်ခုံ A1 နှင့် ရေလယ်တိုင် P1 ကြား၊ ရေလယ်တိုင် P1၊ ရေလယ်တိုင် P2 နှင့် ရေလယ်တိုင် P3 တို့ကို ဆက်လက်တည်ဆောက်လျက်ရှိပြီး ဥဘက်ကမ်းနှင့် ရွှေသောင်ယံဘက်ကမ်းတို့တွင် မြေကာနံရံလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တာဝန်ယူတည်ဆောက်**

အဆိုပါ မကျီးဇင်တံတား တည်ဆောက်ရေးစီမံကိန်းမှာ ငရုတ်ကောင်း-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-မကျီးဇင်-ကျောက်ချွန်-ဂွလမ်းပေါ်၌ တည်ရှိပြီး အပေါ်ထည်နှင့် အောက်ထည်အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ တံတားအုတ်မြစ်မှာ 1m RCC Bored Pile အမျိုးအစားဖြစ်ကာ တံတား၏ ပေအရှည်မှာ စုစုပေါင်း ၁၆၈ မီတာ ရှိမည်ဖြစ်ကြောင်း၊ တံတား၏ အကျယ်မှာ ၉ ဒသမ ၃ မီတာရှိမည်ဖြစ်ပြီး ၂၁ မီတာအရှည် တံတားခန်းဖွင့် ရှစ်ခန်းပါရှိကာ ယာဉ်သွားလမ်းအကျယ်မှာ ၇ ဒသမ ၃ မီတာနှင့် လူသွားလမ်းတစ်ဖက်လျှင် အကျယ် ၁ မီတာစီပါဝင်ကြောင်း၊ ရေလမ်းကင်းလွတ်အမြင့် ၃ ဒသမ ၆၉ မီတာရှိပြီး တံတားခံနိုင်ဝန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်ကြောင်း တံတားကြီးအား တာဝန်ယူတည်ဆောက်နေသည့် တံတားအထူးအဖွဲ့(၁၅)မှ သိရသည်။

**ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

မကျီးဇင်တံတားသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

---

**ကြေးမုံ ယနေ့ဖတ်စရာ**

**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် ကိုရိုနာဗိုင်းရပ်စ် COVID-19 ကို မြန်မာနိုင်ငံတွင် စစ်ဆေးနိုင်မည်**

စာမျက်နှာ ၉

**နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု မိုဒီ ပြောကြား**

စာမျက်နှာ ၁၃

---

## ယခုနှစ်တွင် ပြိုင်ပွဲကိုးခု ကျင်းပရန် အာဆီယံဘောလုံးအဖွဲ့ချုပ် အတည်ပြု

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ် (၂၀၂၀ ပြည့်နှစ်) တွင် ပြိုင်ပွဲကိုးခု ကျင်းပရန် အတည်ပြုခဲ့ပြီး လက်ရွေးစင်နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အဆင့် ဘောလုံးပြိုင်ပွဲအပါအဝင် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အဆင့်ပြိုင်ပွဲ နှစ်ခု၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အဆင့်ပြိုင်ပွဲ လေးခု၊ ဖူဆယ်ပြိုင်ပွဲ နှစ်ခုနှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ တစ်ခုတို့ ကျင်းပမည်ဖြစ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတွင်လည်း ပြန်လည်ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်က ရေးဆွဲထားသည့် ပွဲစဉ်အနေအထားအရ ပြိုင်ပွဲများကို အစောဆုံး ဧပြီလ သို့မဟုတ် မေလတွင် စတင်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံများ အတည်ပြုထားပြီးဖြစ်သော်လည်း အချို့ပြိုင်ပွဲများကိုမူ ကျင်းပမည့်ကာလ အတည်ပြုခြင်းမရှိသေးကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ○



မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တရုတ်(တိုင်ပေ) လက်ရွေးစင်အမျိုးသမီးအသင်း ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ခဲ့စဉ်။

---

## MIU အသင်း ပြည်ပပြိုင်ပွဲများ ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲနှင့် ၂၀၁၉ MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် MIU အသင်းသည် ယခုနှစ်အတွင်း ကျင်းပမည့် ပြည်ပပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းမှာ အာရှကလပ်ဖူဆယ်ပြိုင်ပွဲ၊ Open Cup ပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းမှာ အာဆီယံကလပ် ဖူဆယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ပြုထားခြင်းဖြစ်သည်။ MIU အသင်းသည် MFF ဖူဆယ်လိဂ်ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်ပြီး

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❐

